# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၁၀) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (19-10-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၄၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား၊ ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်အား၊ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၈**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့်ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊တပ်မတော်

> **နှစ်စဉ်ကျင်းပခဲ့ရာမှ မကျင်းပခဲ့သည်မှာ ကြာပြီဖြစ်သည့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့်အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ ဖော်ထုတ်ထိန်းသိမ်းဖော်ဆောင်နိုင်ရန်နှင့် နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ နိုးကြားတက်ကြွစေပြီး ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပေးနိုင်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်…**

အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အထောက်အကူပြုအဖွဲ့များ၊ အကဲဖြတ်ပညာရှင်ကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ➜**




ရတနာပုံ
၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၉ ရက်
အယ်ဒီတာ့အာဘော်

# မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်

မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံစုစည်းနေထိုင်ကြသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နေထိုင်ရာ ရေ၊ မြေ၊ ဒေသသဘာဝကိုလိုက်၍ ဘာသာစကားများနှင့် ယုံကြည်သက်ဝင်သည့် ဓလေ့ထုံးတမ်းများ ကွဲပြားမှုများရှိသကဲ့သို့ တူညီသည်များလည်းရှိကြသည်။ ထို့ကြောင့် မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ချင်ခင်မြတ်နိုးစွာ ထိန်းသိမ်းလက်ဆင့်ကမ်းနိုင်ရန် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကျင်းပခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊ ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေးဟူသော ဦးတည်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဦးတည်ချက်များနှင့်အညီ (၂၃) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးဘာသာရပ်အလိုက် (ဗဟိုအဆင့်)ပြိုင်ပွဲများကို အောက်တိုဘာ ၁၁ ရက်မှစ၍ အောက်တိုဘာ ၁၈ ရက်ထိ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမနှင့် လှေကျင့်ရေးဇာတ်ရုံ စသည့်သတ်မှတ်နေရာအလိုက် ခမ်းခမ်းနားနားကျင်းပခဲ့ခြင်းဖြစ်သည်။

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို (ဗဟိုအဆင့်) ယှဉ်ပြိုင်ကြရာတွင် သတ်မှတ်နေရာအလိုက် မဟာဂီတတေးသီချင်းအဆိုပြိုင်ပွဲ၊ ကာလပေါ်တေး တေးသီချင်းအဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ အရေးပြိုင်ပွဲ၊ စောင်းအတီးပြိုင်ပွဲ၊ ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ၊ ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ၊ စန္ဒရားအတီးပြိုင်ပွဲ၊ ပတ္တလားအတီးပြိုင်ပွဲ၊ မယ်ဒလင်အတီးပြိုင်ပွဲ၊ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ၊ ဇာတ်တော်ကြီးပြိုင်ပွဲ၊ ဒိုးပတ်ပြိုင်ပွဲ၊ တယောအတီးပြိုင်ပွဲ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းအဆိုပြိုင်ပွဲ၊ တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာအကပြိုင်ပွဲ၊ အိုးစည်ပြိုင်ပွဲ၊ ဒုံမင်းပြိုင်ပွဲ၊ ပလွေပြိုင်ပွဲ၊ ကွက်စိတ်ပြိုင်ပွဲ၊ မြန်မာအကအခြေခံကဗျာလွတ်အက(ပထမအဆင့်)ပြိုင်ပွဲ၊ မွန်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲ၊ ဂီတာပြိုင်ပွဲ၊ နှဲပြိုင်ပွဲတို့ကို ကျင်းပခဲ့ရာ တိုင်းရင်းသားပေါင်းစုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယခုအခါ မကျင်းပနိုင်ခဲ့သည်မှာ ငါးနှစ်ခန့်ကြာပြီဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အားပေးချီးမြှောက်မှုကြောင့် ယခင်ကာလများကဲ့သို့ ခမ်းနားသိုက်မြိုက်စွာ ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပေသည်။

သို့ဖြစ်ရာ မကျင်းပနိုင်ခဲ့သည်မှာ ကြာပြီဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ယခုအခါ နိုင်ငံတော်အဆင့် ခမ်းနားသိုက်မြိုက်စွာကျင်းပပြီးစီးပြီဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပေါ်ထွက်လာသော မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့အမျိုးသားယဉ်ကျေးမှုဂုဏ်သိက္ခာနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၏တန်ဖိုးကို ကမ္ဘာတည်သရွေ့ အစွန့်ရှည်အောင် လက်ဆင့်ကမ်းထိန်းသိမ်းမြှင့်တင်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီ သွားရောက်သယ်ယူသည့်သင်္ဘော များပြားလာ



**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီ သွားရောက်သယ်ယူသည့် သင်္ဘော များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း ရေကြောင်းကျပ်တည်းသည့်နေရာ မရှိသောကြောင့် အောက်တိုဘာလဒုတိယပတ်မှစ၍ ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီသွားရောက်သယ်ယူသည့်သင်္ဘောများ သွားလာရာတွင် အဆင်ပြေစွာသွားလာလျက်ရှိကြောင်း၊ ယခုအခါ ကုန်စည်ရရှိမှုများပြားလာ၍ စက်သုံးဆီ သွားရောက်သယ်ယူသည့် ကုန်တင်သင်္ဘော များပြားလာကြောင်း သိရသည်။

"အခုလတ်တလော ရွှေကြက်ယက်ဆိပ်ကမ်းကနေ ရန်ကုန်ဆိပ်ကမ်းကို စက်သုံးဆီသွားပြီးသယ်တဲ့သင်္ဘောတွေ များလာတယ်။ ရွှေကြက်ယက် ဆိပ်ကမ်းကနေ ရန်ကုန်ဘက်ကို သွားရောက်သယ်ယူတဲ့ စက်သုံးဆီတွေကိုတော့ မန္တလေး၊ ပြင်ဦးလွင် စတဲ့မြို့တွေကို ပြန်ပြီး ဖြန့်ဖြူးတာများပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ အောက်တိုဘာလပထမပတ်က စက်သုံးဆီ သွားရောက်သယ်ယူသည့်သင်္ဘောမှာ တစ်ရက်လျှင် အစီးရေ ၅၀ ကျော်သာရှိခဲ့သော်လည်း အောက်တိုဘာလ ဒုတိယပတ်မှစ၍ စက်သုံးဆီ သွားရောက်သယ်ယူသည့် သင်္ဘောမှာ တစ်ရက်လျှင် အစီးရေ ၁၀၀ ကျော်ထိရှိလာပြီး သင်္ဘောအစီးရေ များပြားလာကြောင်း သိရသည်။

အလားတူ ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ တင်ပို့သည့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုသော ကျောက်စရစ်မှာလည်း ယခုအခါ ကုန်စည်ရရှိမှု များပြားလာခြင်းကြောင့် ကျောက်စရစ်သီးသန့်တင်ပို့သည့် သင်္ဘောအစီးရေ ၁၀၀ ကျော်ထိရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်အတွင်း ငရုတ်သီးအစို တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ မှ ၅၀၀၀ ထိ ဈေးကောင်းရရှိနေ

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီးအတွင်း နယ်စုံဒေသမှ ထွက်ရှိလာသည့် ငရုတ်သီးအစိုများ မန္တလေးဈေးကွက်အတွင်း တင်ပို့ရောင်းချရာတွင် တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ မှ ၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး)မှ သိရသည်။

အဆိုပါ ငရုတ်များကို ယခုအခါ ပြင်ဦးလွင်၊ ပျော်ဘွယ်၊ ဝမ်းတွင်း၊ မိတ္ထီလာနယ်တစ်ဝိုက်နှင့် ရမည်းသင်းဒေသများမှ ထွက်ရှိနေကြောင်း၊ ထွက်ရှိလာသည့် ငရုတ်သီးများကို တောင်သူများက ဈေးကွက်အတွင်းသို့ ရောင်းချရာတွင် ငရုတ်သီးအစိုတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ မှ ၅၀၀၀ ထိ ရောင်းချရသဖြင့် ဈေးကောင်းရရှိနေကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြသည်။

"အခုအချိန်ကတော့ နယ်စုံဒေသက ငရုတ်တွေထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့ ငရုတ်တွေကို တောင်သူတွေက မန္တလေးဈေးကွက်ကိုရောင်းချတဲ့အခါ အစိုဈေး တစ်ပိဿာကို ငွေကျပ် ၄၀၀၀ ကနေ ၅၀၀၀ ထိ ဈေးရှိနေပါတယ်။ ပြီးခဲ့တဲ့လတွေက တစ်ပိဿာကို ငွေကျပ် ၃၅၀၀ ရှိခဲ့ပါတယ်။ ငရုတ်ဈေးကတော့ ကောင်းပါတယ်။ တောင်သူတွေအတွက်ကတော့ အဆင်ပြေတယ်လို့ပြောလို့ရပါတယ်။ အခုအချိန်မှာ ပြည်တွင်းဈေးကွက်ကိုတော့ ရောင်းချနေပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာလဲ ငရုတ်တွေ စတင်ပြီးတော့ ပြန်စိုက်နေပါပြီ"ဟု ဒေါ်ဥမ္မာကျော်က ပြောပြသည်။

အဆိုပါ ငရုတ်သီးအစိုများကို ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ တင်ပို့နေရာတွင် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ကုန်သွယ်ရေးဂိတ် အဖွင့်အပိတ်အခြေအနေကို ကြည့်ပြီး တင်ပို့ရောင်းချရကြောင်း၊ ငရုတ်သီးများကို မန္တလေးတိုင်းဒေသကြီးအပြင် ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး)မှ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း အောင်ပန်းမှထွက်သော ခရမ်းချဉ်သီးစိမ်းများ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ ခန့် ပေါက်ဈေးရှိ

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေး ဈေးကွက်အတွင်း အောင်ပန်းမှထွက်ရှိသော ခရမ်းချဉ်သီးစိမ်းများ အရောင်းအဝယ်ကောင်းလာ၍ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ ခန့်ပေါက်ဈေးရှိကြောင်း မန္တလေးမြို့မှ အောင်မျိုး ခရမ်းချဉ်သီးစိမ်း လက်လီ၊ လက်ကားရောင်းဝယ်ရေးလုပ်ကိုင်သူ ဦးအောင်မျိုးထွန်းက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း အောင်ပန်းဘက်မှထွက်ရှိသည့် ခရမ်းချဉ်သီးစိမ်းများ ဝင်ရောက်လာကြောင်း၊ မန္တလေးမြို့မှ ခရမ်းချဉ်သီး အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသည့် ကုန်သည်များကလည်း ဝယ်ယူမှုများပြားလာကြောင်း၊ ခရမ်းချဉ်သီးစိမ်း အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခုလတ်တလော ခရမ်းချဉ်သီးစိမ်းတွေ မန္တလေးဈေးကွက်ထဲမှာ အဝယ်တော်တော်လေးပြန်လိုက်နေတယ်။ ဒါ့ပြင် ရန်ကုန်နဲ့မန္တလေးဈေးကွက်အတွင်းမှာ ခရမ်းချဉ်သီးစိမ်းတွေ အရောင်းအဝယ်ပြန်ပြီးကောင်းလာပါတယ်"ဟု ဦးအောင်မျိုးထွန်းက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း အောက်တိုဘာလ ပထမပတ်အတွင်းက အောင်ပန်းဘက်မှထွက်ရှိသည့် ခရမ်းချဉ်သီးစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း အောက်တိုဘာ ၁၇ ရက်ပေါက်ဈေးအရ ခရမ်းချဉ်သီးစိမ်းတစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ ခန့်ရှိကြောင်း သိရသည်။

"အခုလတ်တလော အောင်ပန်းဘက်ကထွက်တဲ့ ခရမ်းချဉ်သီးစိမ်းတွေက မန္တလေးနဲ့ ရန်ကုန်ဘက်ကို အများဆုံးဝင်တာများတယ်။ နောက်ပိုင်း မန္တလေးဈေးကွက်ထဲမှာ ခရမ်းချဉ်သီးစိမ်းလက်ကျန်နည်းလာရင်တော့ ဒီထက်ဈေးကောင်းရလာနိုင်ပါတယ်"ဟု ဦးအောင်မျိုးထွန်းက ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဘဏ်စာရင်းအမှတ်-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သံဖြူဇရပ်မြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**သံဖြူဇရပ် အောက်တိုဘာ ၁၈**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာနှစ်ရွာ၌ ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးအောင်ဝေထွန်း၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦးနှင့် ဝန်ထမ်းများက သံဖြူဇရပ်မြို့နယ် နှစ်ကိုင်းကျေးရွာ၌ ကွန်ကရစ်တံတားနှစ်စင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ ကွမ်းသတ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးက ကျေးရွာကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လုပ်ငန်းများ သတ်မှတ်ချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်ကြရန်မှာကြားသည်။

သံဖြူဇရပ်မြို့နယ် နှစ်ကိုင်းကျေးရွာ၌ ပြည်နယ်ရန်ပုံငွေကျပ် ၆၈ ဒသမ ၃၁ သန်းအသုံးပြုကာ အရှည် ၂၅ ပေ၊ အကျယ် ၁၆ ပေ၊ အမြင့် ၁၂ ပေနှင့် အရှည်ပေ ၂၀၊ အကျယ် ၁၅ ပေ၊ အမြင့် ခုနစ်ပေရှိ ကွန်ကရစ်တံတား နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း၊ အရှည်ပေ ၉၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ ကွမ်းသတ်ကျေးရွာ၌ ပြည်နယ်ရန်ပုံငွေကျပ် ၁၅၂ သန်း အသုံးပြုပြီး အရှည်ပေ ၅၁၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကျေးရွာတွင်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို တင်ဒါအောင်ကုမ္ပဏီများက တာဝန်ယူ၍ ယခုနှစ် ဇူလိုင်လ ပထမပတ်မှစတင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၇ ရက်က ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညီ**

# မြစ်သားမြို့နယ် ရွာခိုင်ကြီး(တောင်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း ကွင်းဆင်းစစ်ဆေး

**မြစ်သား အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်သားမြို့နယ် ရွာခိုင်ကြီး(တောင်)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေဇင်လှိုင်၊ ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ခိုင်ရွှေဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရွာခိုင်ကြီး(တောင်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဒေါ်ကေဇင်လှိုင်က လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၇၆၀၊ အကျယ် ၁၂ ပေနှင့်အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူလူထုထည့်ဝင်ငွေများဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် အောက်တိုဘာ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးသူ**

# ယခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာသင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘော ၂၇ စီး ဝင်ရောက်ခဲ့




**ရန်ကုန် အောက်တိုဘာ ၁၈**

ယခုနှစ် အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၁၅ ရက်ထိ ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာ သင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘော ၂၇ စီး ဝင်ရောက်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလထိ ကာလအတွင်း ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာ သင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘော ၄၆၅ စီးဝင်ရောက်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၁၅ ရက်ထိ ကုန်သေတ္တာတင်သင်္ဘော ၂၇ စီး ဝင်ရောက်ခဲ့ခြင်းကြောင့် ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာ ၁၅ ရက်ထိ ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာ သင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘော ၄၉၂ စီး ဝင်ရောက်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးစိန်လွင်ဇော်ထံမှ သိရသည်။

"အခု အောက်တိုဘာလအတွင်းမှာ မြန်မာနိုင်ငံကို ကုန်သေတ္တာတင်သင်္ဘော အစီး ၅၀ ဝင်ရောက်ဖို့ရှိပါတယ်။ အဲဒီထဲက ၂၇ စီး ဝင်ရောက်ပြီး ကုန်တင်၊ ကုန်ချလုပ်ငန်းတွေ လုပ်ကိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့ ကုန်သေတ္တာတင်သင်္ဘော ၂၃ စီး ထပ်မံဝင်ရောက်လာဖို့ ရှိပါသေးတယ်။ ပွင့်လင်းရာသီရောက်လာတဲ့အတွက် ကုန်သေတ္တာတင်သင်္ဘောတွေ ဝင်ရောက်မှုလဲ မြင့်တက်လာမှာ ဖြစ်ပါတယ်"ဟု ဦးစိန်လွင်ဇော်က ပြောပြသည်။

ပြည်တွင်း လိုအပ်ချက်အရ သွင်းကုန်များကို တိုးမြှင့်တင်သွင်းရန်အတွက် ရန်ကုန်ဆိပ်ကမ်းများသို့ ယခုနှစ် ဇန်နဝါရီလက ကုန်သေတ္တာတင်သင်္ဘော ၄၉ စီး၊ ဖေဖော်ဝါရီလက ကုန်သေတ္တာတင်သင်္ဘော ၄၈ စီး၊ မတ်လက ကုန်သေတ္တာတင်သင်္ဘောအစီး ၅၀၊ ဧပြီလက ကုန်သေတ္တာတင်သင်္ဘော ၅၂ စီး၊ မေလက ကုန်သေတ္တာတင်သင်္ဘော ၅၄ စီး၊ ဇွန်လက ကုန်သေတ္တာတင်သင်္ဘော ၅၃ စီး၊ ဇူလိုင်လက ကုန်သေတ္တာတင်သင်္ဘော ၄၉ စီး၊ ဩဂုတ်လက ကုန်သေတ္တာတင်သင်္ဘော ၅၅ စီး၊ စက်တင်ဘာလက ကုန်သေတ္တာတင် သင်္ဘော ၅၅ စီး ဝင်ရောက်ကာ ကုန်တင်၊ ကုန်ချလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ သိရသည်။

**ASH**

# ကျေးသီးမြို့နယ် မတ်လန်းကျေးရွာ၌ စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ကျေးသီး အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ထပ်တိုးအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက မတ်လန်းကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံ ဦးဟိန်းမင်းသူနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ကလောမြို့နယ် ဘောနင်း(ရွာသစ်) ခေတ်မီစံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**ကလော အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘောနင်း (ရွာသစ်) ခေတ်မီစံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ဘောနင်း (ရွာသစ်) ခေတ်မီစံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူးချုပ်က ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါကျေးရွာတွင် အရှည်ပေ ၉၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း အပိုင်း(၁၊ ၂၊ ၃၊ ၄)ကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၇ ဒသမ ၆ သန်းအသုံးပြုကာ ဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာ ၁ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းထံမှ သိရသည်။

**မောင်ရိုင်**



# မြန်မာ့ယဉ်ကျေးမှုနှင့် သမိုင်းမှတ်တမ်းပြတိုက်များ

မောင်သာ(ရှေးဟောင်းသုတေသန)

ပြတိုက်၏ အဓိပ္ပာယ်ကို မြန်မာ့စွယ်စုံကျမ်းအတွဲ (၇)တွင် "ပညာလိုက်စားသူအပေါင်းတို့အတွက် အဖက်ဖက်မှ အကူအပံ့ဖြစ်စေသော ပစ္စည်းအမျိုးမျိုးတို့ကို သိုမှီးပြသထားရာ အဆောက်အအုံများကို ပြတိုက်ဟု ခေါ်ဆိုနိုင်ပေသည်"ဟု ဖော်ပြထားသည်။ ထို့အတူ အခြေခံပြတိုက်ပညာစာအုပ်တွင် ပြတိုက်ကို ရှေးဟောင်းပစ္စည်းများ သို့မဟုတ် အမှတ်တရမှတ်တမ်းတင်ထားရှိရမည့်ပစ္စည်းများကို တစ်နေရာတည်း၌ စုစည်းထားပြီး အများပြည်သူများစူးစမ်းလေ့လာရန်၊ သုတေသနပြုလုပ်ရန် လေ့လာကြည့်ရှုစေခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာစေသည့် ပညာဖြန့်ဖြူးရာဌာနကြီးဟု ရေးသားထားသည်။

ကမ္ဘာတစ်ဝန်း၌ ပြတိုက်ပေါင်း ၅၅၀၀၀ ကျော်ရှိသည့်အနက် သက်ဆိုင်ရာနိုင်ငံနှင့် လူမျိုးများ၏ ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာအထောက်အထားများကိုပြသသည့် အမျိုးသားပြတိုက်များသည် ၎င်းနိုင်ငံများသို့လာရောက်လည်ပတ်ကြသည့် နိုင်ငံ့ခေါင်းဆောင်များအပါအဝင် ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ သွားရောက်ကြည့်ရှုလေ့လာကြရသည့် နေရာတစ်ခု ဖြစ်လာခဲ့သည်။

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံ၌လည်း ရန်ကုန်နှင့် နေပြည်တော်တွင် အမျိုးသားအဆင့် ပြတိုက်ကြီးတစ်ခုစီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရှေးဟောင်းသုတေသနပြတိုက်၊ ယဉ်ကျေးမှုပြတိုက်၊ ဗုဒ္ဓပြတိုက်နှင့် အခြားပြတိုက်တချို့ကိုဖွင့်လှစ်ပြသထားသည်။

**မြန်မာနိုင်ငံပြတိုက်များ**

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာနကို ၁၉၅၂ ခုနှစ် မတ် ၂၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့ရာ ပြတိုက်သည် ဌာနတစ်ခုအဖြစ်ပါဝင်ခဲ့သည်။ ၁၉၅၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် ပြတိုက်ဌာနကို နိုင်ငံတော်စာကြည့်တိုက်၊ အမျိုးသားပန်းချီခန်းမဆောင်တို့နှင့် ပေါင်းစည်း၍ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနအဖြစ် ဖွဲ့စည်းခဲ့သည်။ ထို့နောက် ပြတိုက်များသည် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနကို ပေါင်းစည်းဖွဲ့စည်းခဲ့သည့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနလက်အောက်သို့ ရောက်ရှိခဲ့ကာ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၄ ရက်မှစ၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ စီမံခန့်ခွဲမှုအောက်တွင် ရှိခဲ့သည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ မူဝါဒသုံးရပ်တွင် ပြတိုက်များနှင့်စပ်လျဉ်း၍ "ပြည်တွင်း၊ ပြည်ပ ယဉ်ကျေးမှုအမွေအနှစ်များနှင့် အသိပညာဗဟုသုတဆိုင်ရာ ဗဟိုဌာနအဖြစ် ပြတိုက်နှင့် စာကြည့်တိုက်များက ရပ်တည်၍ သတင်းအချက်အလက်များ ဝန်ဆောင်မှုပေးရန်ဖြစ်သည်"ဟု ပါရှိသည်။

ထို့အတူ ဌာန၏မျှော်မှန်းချက်အဖြစ် (၁) ရှေးဟောင်းသုတေသနလုပ်ငန်းကို သုတေသနအမြင်မှသည် လူမှုအဖွဲ့အစည်း၏ အကျိုးစီးပွားကို ထည့်သွင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုပါ စိတ်ဝင်စားမှု ပိုမိုလာနိုင်စေခြင်း၊ (၂) ပိုမိုစနစ်ကျသော သတင်းအချက်အလက်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ အစီအစဉ်တို့ကို ဆောင်ရွက်ခြင်းဖြင့် တိကျမြန်ဆန်သော သုတေသနလုပ်ငန်းများ ဖြစ်ထွန်းပေါ်ပေါက်လာနိုင်ခြင်း၊ (၃) မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာလုပ်ငန်းများကို အမျိုးသားအဆင့်(National Level)တွင်သာမက ဒေသဆိုင်ရာအဆင့်(Regional Level)၊ ကမ္ဘာလုံးဆိုင်ရာအဆင့်(Global Level)ထိ ချိတ်ဆက်၍ ဆောင်ရွက်လာနိုင်သည်နှင့်အမျှ နိုင်ငံတကာအာရုံစိုက်မှုရရှိစေခြင်း၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို လာရောက်လေ့လာလိုသူများ ပို၍များလာနိုင်ခြင်း၊ (၄) ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဒေသအဖြစ် တိုးမြှင့်တည်ရှိနိုင်ရေးနှင့် မီဒီယာအသွင် ထိရောက်သောပညာပေးဆောင်ရွက်မှုကြောင့် လူထုနှင့်နိုင်ငံတကာတို့က မြန်မာ့ရှေးဟောင်းအမွေအနှစ်နှင့် သုတေသနပညာရပ်များကို ကျယ်ပြန့်စွာသိမြင်လာနိုင်ခြင်း၊ (၅) ပြတိုက်နှင့်စာကြည့်တိုက်များ ခင်းကျင်းပြသမှုစနစ်တွင် ခေတ်မီနည်းစနစ်များ အစားထိုးဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာအဆင့်မီပြတိုက်နှင့် စာကြည့်တိုက်များ ပေါ်ထွန်းလာစေခြင်း၊ (၆) ရှေးဟောင်းဝတ္ထုပစ္စည်းများ ပိုမိုရှာဖွေဖော်ထုတ်၊ စုဆောင်း၊ ပြသလာနိုင်သည်နှင့်အမျှ မြန်မာအမျိုးသားတို့၏ အမျိုးဂုဏ်



အမျိုးသားပြတိုက်(ရန်ကုန်)ကို တွေ့ရစဉ်။

ဇာတိဂုဏ်မြင့်မားမှုတို့ကို သိမြင်လာနိုင်စေခြင်း၊ (၇) ရှေးဟောင်းသုတေသနဆိုင်ရာ၊ ပြတိုက်နှင့်စာကြည့်တိုက်များဆိုင်ရာပညာရပ်များ ဖြန့်ဖြူးခြင်းဖြင့် ယဉ်ကျေးမှုအသိစိတ်ဓာတ်များကို ပေါ်ပေါက်ခိုင်မာလာစေခြင်းဟု ချမှတ်ထားသဖြင့် ပြတိုက်များနှင့် စာကြည့်တိုက်များသည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် သမိုင်းတွင်အရေးပါသောအခန်းကဏ္ဍ၌ ပါဝင်လျက်ရှိနေပေသည်။

ဌာနရည်မှန်းချက်တွင်လည်း ပြတိုက်နှင့်စာကြည့်တိုက်များတိုးချဲ့တည်ဆောက်ဖွင့်လှစ်၍ ပညာပေးရေးလုပ်ငန်းများ၊ သတင်းအချက်အလက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်ဟူသည့် သတ်မှတ်ချက်ပါဝင်ခဲ့ပေသည်။

**အမျိုးသားပြတိုက်နှစ်ရ**

ဗြိတိသျှတို့သည် မြန်မာနိုင်ငံကိုသိမ်းပိုက်ပြီးနောက် မြန်မာဘုရင်များ၏ တော်ဝင်နန်းသုံး အဆောင်အယောင်တစ်ခုဖြစ်သည့် သီဟာသနပလ္လင်ကို အိန္ဒိယနိုင်ငံသို့ယူဆောင်သွားပြီး ကိုးလ်ကတ္တားပြတိုက်တွင် ထားရှိခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိချိန်တွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်မောင့်ဘက်တန်က သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပေးအပ်လိုသည့် ဆန္ဒရှိကြောင်း ဗြိတိသျှဘုရင်ထံအကြံပြုခဲ့ပြီး ဘုရင်က သဘောတူညီခဲ့သဖြင့် ဗြိတိသျှအစိုးရသည် သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။ ထို့ကြောင့် ၁၉၄၈ ခုနှစ် မတ် ၁၂ ရက်တွင် နိုင်ငံတော်သမ္မတ စဝ်ရွှေသိုက်ထံမှောက်၌ လော့ဒ်မောင့်ဘက်တန်က သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

ထိုအချိန်က အမျိုးသားပြတိုက်ကို မတည်ဆောက်ရသေးသဖြင့် သီဟာသနပလ္လင်ကို ရန်ကုန်မြို့ အလုံလမ်းရှိ သမ္မတအိမ်တော်တွင်ထားရှိခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ဦးဝိစာရလမ်းရှိ ဂျူဗလီခန်းမသို့ ပြောင်းရွှေ့ပြသခဲ့သည်။ သို့သော် ဂျူဗလီခန်းမတွင် သီဟာသနပလ္လင်နှင့် ရှေးဟောင်းအနုပညာပစ္စည်း အနည်းငယ်ကိုသာ ပြသနိုင်ခဲ့သည်။ ထို့ကြောင့် ၁၉၆၈ ခုနှစ်တွင် အမျိုးသားပြတိုက်ကို ဂျူဗလီခန်းမမှ ပန်းဆိုးတန်းလမ်းရှိ အထပ်သုံးထပ်ပါရှိသည့် ဂရင်းလေးဘဏ်ဟောင်းအဆောက်အအုံ(ယခု စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးဘဏ်)သို့ ပြောင်းရွှေ့ခဲ့ပြီး ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် အများပြည်သူများကို ဖွင့်လှစ်ပြသခဲ့သည်။ ၎င်းအမျိုးသားပြတိုက်တွင် သီဟာသနပလ္လင်ကို မြေညီထပ်၌ထားရှိ၍ ကျန်အထပ်များတွင် မင်းခမ်းတော်ပစ္စည်းများ၊ ရှေးဟောင်းသုတေသနတူးဖော်မှုများမှရရှိသည့်ပစ္စည်းများ၊ မြန်မာ့လက်မှုအနုပညာပစ္စည်းများ၊ တိုင်းရင်းသားလူမျိုးများ၏ အသုံးအဆောင်ပစ္စည်းများကို ပြသခဲ့သည်။

**အမျိုးသားပြတိုက်(ရန်ကုန်)**

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ အမျိုးသားပြတိုက်ကို ထူထောင်ဖွင့်လှစ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရန်ကုန်မြို့၌ပင် နေရာအသီးသီးသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်းအမှတ်(၆၆/၇၄)တွင်တည်ရှိသည့် အမျိုးသားပြတိုက်(ရန်ကုန်)သည် အထပ်ငါးထပ်ပါဝင်၍ အလျား ပေ ၃၈၀ နှင့်အနံ ပေ ၂၀၀ ရှိသည်။ ၎င်းပြတိုက်ကို ၁၉၉၀ ပြည့်နှစ်တွင် အုတ်မြစ်ချတည်ဆောက်ခဲ့ပြီး ၁၉၉၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

ဧရိယာ ၃ ဒသမ ၈၀၄ ဧက ကျယ်ဝန်းသည့် အမျိုးသားပြတိုက်ဝင်းအတွင်း၌ မြန်မာ့သမိုင်းတစ်လျှောက် စည်းလုံးညီညွတ်၍ အင်အားတောင့်တင်းသည့် မြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့ကြသည့် အနော်ရထာမင်းကြီး(ခရစ်နှစ် ၁၀၄၄-၁၀၇၇)၊ ဘုရင့်နောင်မင်းကြီး(ခရစ်နှစ် ၁၅၅၀-၁၅၈၁)နှင့် အလောင်းမင်းတရား ဦးအောင်ဇေယျ(ခရစ်နှစ် ၁၇၅၂-၁၇၆၀) တို့၏ သက်ရှိအရွယ်ရုပ်တုများကို စိုက်ထူထားသည်။

အမျိုးသားပြတိုက်(ရန်ကုန်)တွင် မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ မင်းခမ်းတော်ပစ္စည်းများပြခန်း၊ မြန်မာ့မြို့ပြယဉ်ကျေးမှုပြခန်း၊ သဘာဝသမိုင်းနှင့် မြန်မာ့သမိုင်းမတင်မီပြခန်း၊ မြန်မာ့မြို့ပြယဉ်ကျေးမှုပြခန်း၊ လက်မှုအနုပညာပြခန်း၊ မြန်မာ့သုခုမအနုပညာပြခန်း၊ ရှေးဟောင်းအဆင်တန်ဆာရတနာပြခန်း၊ ဗုဒ္ဓအနုပညာပြခန်း၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်းနှင့် အာဆီယံပြခန်းဟူသည့် ပြခန်း ၁၃ ဆောင်ဖွင့်လှစ်ပြသထားသည်။

အမျိုးသားပြတိုက်(ရန်ကုန်)တွင် ပြသထားသည့်ပစ္စည်းများအနက် သီဟာသနပလ္လင်တော်မှုရင်း၊ ပျူမင်းဆက်အမည်များ ရေးထိုးထားသည့် ဘုရားထောင်အရိုးအိုး၊ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အလောင်းမင်းတရားရွှေပေလွှာ ဒီဂျစ်တယ်မိတ္တူ၊ သီပေါမင်း၏ ဒုယင်တော်နှင့် စုဖုရားလတ်၏ မဟာလတာတန်ဆာဝတ်ရုံတော်၊ နှစ်သန်း ၄၀ သက်တမ်းရှိပြီဖြစ်သည့် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ၊ လက်ယာမင်းခမ်းတော် ၁၇ ပါးနှင့် လက်ဝဲမင်းခမ်းတော် ၁၈ ပါး၊ ပျူခေတ်လက်ရာ ရွှေနရားလက်ကောက် ခေါင်းပိုင်း၊ နွားရုပ်ပါ ရွှေဆွဲပြား၊ ပျူခေတ်နှောင်းပိုင်းလက်ရာ ရွှေတံဆိပ်ပြားလက်စွပ်၊ ကုန်းဘောင်ခေတ်လက်ရာ ရွှေဒါလီဆန်းဘယက်တို့ကို လာရောက်ကြည့်ရှုသူများက အလွန်စိတ်ဝင်စားကြသည်။

**အမျိုးသားပြတိုက်(နေပြည်တော်)**

၂၀၁၀ ပြည့်နှစ်တွင် နေပြည်တော်၌ အမျိုးသားပြတိုက်သစ်တစ်ခုတည်ဆောက်ဖွင့်လှစ်ရန် စီစဉ်ခဲ့ပြီး အမျိုးသားပြတိုက်(နေပြည်တော်)အဆောက်အအုံကို ၃၄ ဒသမ ၇၉ ဧကကျယ်ဝန်းသည့် မြေကွက်ပေါ်၌ ၂၀၁၀ ပြည့်နှစ် ဇွန် ၃ ရက်တွင် ပန္နက်တင်ခဲ့သည်။ အမျိုးသားပြတိုက်(နေပြည်တော်)သည် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမပေါ်ရှိ ကြာပန်းအဝိုင်းအနီးတွင် တည်ရှိသည်။ ပြတိုက်အဆောက်အအုံတွင် အဆောင်ငါးဆောင်ပါရှိ၍ အဆောင် အေနှင့်ဘီတို့ကို ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ပထမအဆင့်ဖွင့်လှစ်ခဲ့သည်။

အမျိုးသားပြတိုက်(နေပြည်တော်)သို့ ဝင်လိုက်သည်နှင့် ခန်းမဆောင်ဝင်ပေါက်အလယ်တွင် ကြီးမားသော ဆွမ်းအုပ်နီကြီးတစ်ခုကိုမြင်ကြရသည်။ အဆောင်အေ၏ ခန်းမဆောင်ငယ်(Mini Theatre) တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအား ပြည်ပနိုင်ငံခေါင်းဆောင်များက ပေးအပ်ခဲ့သည့် လက်ဆောင်ပစ္စည်းများကိုပြသထားရာ အရှေ့တောင်အာရှ၊ အာရှ၊ ဥရောပနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၏ လှပဆန်းပြားသော လက်ဆောင်ပစ္စည်းများကို ဂုဏ်ယူဖွယ်တွေ့မြင်ကြရသည်။

အမျိုးသားပြတိုက်(နေပြည်တော်)တွင် ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ မြန်မာ့သမိုင်းတင်ခေတ်ဦးပြခန်း(ဘီစီ ၂ ရာစုမှ အေဒီ ၉ ရာစုထိ) သမိုင်းတင်ခေတ်ပြခန်း(အေဒီ ၁၁ ရာစုမှ ၁၄ ရာစု)၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ အာဆီယံပြခန်းနှင့် ကလေးသူငယ်ပညာပေးပြခန်းတို့ကို ခင်းကျင်းပြသထားသည်။

အမျိုးသားပြတိုက်(နေပြည်တော်)၌ ပြသထားသည့် ပစ္စည်းများတွင် နိုင်ငံတော်သမ္မတ လက်ခံရရှိခဲ့သည့် ပြည်ပနိုင်ငံခေါင်းဆောင်များ၏ လက်ဆောင်ပစ္စည်းများကိုကြည့်ရှုသူအများစုက အထူးစိတ်ဝင်စားကြသည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ယခုနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၇ ရက်ထိ ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၃ ဘီလီယံရရှိ

**နေပြည်တော် အောက်တိုဘာ ၁၈**

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာလ ၇ ရက်ထိ ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၃ ဘီလီယံရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန္ဒက ပြောပြ၍ သိရသည်။

ထိုသို့ မြန်မာနိုင်ငံမှ စက်မှုကုန်ချောပစ္စည်းများကို ပြည်ပသို့ တင်ပို့ရာတွင် နိုင်ငံပိုင်တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၆ ဘီလီယံ ရရှိထားပြီး ပုဂ္ဂလိကပိုင်တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၇ ဘီလီယံရရှိထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဧပြီ ၁ ရက် ကနေ အောက်တိုဘာ ၇ ရက်ထိ CMP လက်ခစားချုပ်ပြီး အထည်အပါအဝင် စက်မှုကုန်ချောပစ္စည်း ပြည်ပတင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၃ ဘီလီယံ ပို့ကုန်ဝင်ငွေ ရရှိထားပါတယ်။ ဒီကာလအတွင်းမှာ နိုင်ငံပိုင်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၆ ဘီလီယံ ရရှိထားတာဖြစ်ပြီး ပုဂ္ဂလိကပိုင်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၇ ဘီလီယံကျော် ရရှိထားတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ကာလတူတင်ပို့နိုင်မှုနဲ့ နှိုင်းယှဉ်မယ်ဆိုရင်တော့ နိုင်ငံပိုင်တင်ပို့မှုက အမေရိကန်ဒေါ်လာ သုည ဒသမ ၃ ဘီလီယံကျော်၊ ပုဂ္ဂလိကပိုင်တင်ပို့မှုက အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံကျော် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံကျော် ပိုမိုတင်ပို့နိုင်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးနန္ဒက ပြောပြသည်။

မြန်မာနိုင်ငံမှ တင်ပို့နေသည့် စက်မှုကုန်ချောပစ္စည်း အုပ်စုတွင် CMP ချုပ်ပြီးအထည် တင်ပို့မှုသည် ပထမနေရာတွင်ရှိနေပြီး ဒုတိယနေရာ၌ သဘာဝဓာတ်ငွေ့ ဖြစ်ကြောင်း သိရသည်။

ASH



➤ စာမျက်နှာ ၄ မှအဆက်

ထို့အတူ လူသားအစ မြန်မာကဟု ဂုဏ်ယူကြရမည့် လွန်ခဲ့သော နှစ်သန်း ၄၀ က ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ပျူခေတ်လက်ရာ နရားခေါင်းပုံရွှေလက်ကြပ်၊ ဆင်သုံးကောင်ပါ ကျောက်ဆွဲကြိုး၊ သရေခေတ္တရာမှ တူးဖော်ရရှိခဲ့သည့် သီဟဝိကြမ ပျူဘုရင်ကျောက်အရိုးအိုး၊ ပုဂံဘုရားအမှတ်(၂၁၁၈)မှရရှိခဲ့ပြီး အရုပ် ၇၈ ရုပ်ပါရှိသည့် လက်ဖဝါးအရွယ် အန္တဂူ(Dolomite Stone) ရုပ်ကြွတို့သည် အလွန်ထူးခြားသည့် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများဖြစ်ကြပေသည်။

**အခြားပြတိုက်များ**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် အမျိုးသားပြတိုက်ကြီးနှစ်ခုအပြင် ရှေးဟောင်းသုတေသနပြတိုက်များ၊ ယဉ်ကျေးမှုပြတိုက်၊ ဗုဒ္ဓပြတိုက် စသည်တို့ကိုဖွင့်လှစ်၍ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်အစုအစည်းများကို ထိန်းသိမ်းပြသထားသည်။

ကမ္ဘာ့အမွေအနှစ် ပျူမြို့ဟောင်းသုံးမြို့ဖြစ်သည့် သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ ကမ္ဘာ့အမွေအနှစ် ပုဂံနှင့် မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများဖြစ်သည့် မြောက်ဦး၊ အင်းဝ၊ တကောင်း၊ ရွှေဘို၊ ဟံသာဝတီမြို့ဟောင်းတို့တွင် ရှေးဟောင်းသုတေသနပြတိုက်များကို ဖွင့်လှစ်ခဲ့သည်။

ယဉ်ကျေးမှုပြတိုက်များကိုလည်း စာကြည့်တိုက်နှင့်တွဲလျက် မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ ဟားခါး၊ ထားဝယ်၊ မန္တလေး၊ မော်လမြိုင်၊ စစ်တွေ၊ တောင်ကြီး၊ ညောင်ရွှေ၊ ကျိုင်းတုံ၊ လားရှိုးနှင့် ပုသိမ်မြို့တို့တွင် ဖွင့်လှစ်ထားသည်။

ဗုဒ္ဓပြတိုက်များကို စစ်တွေ၊ စစ်ကိုင်းနှင့် ဘုတလင်တွင် ဖွင့်လှစ်၍ ပုံစံတူပြတိုက်များကို မန္တလေးနန်းတွင်း၌ မြနန်းစံကျော်ရွှေနန်းတော် ပုံစံငယ်ပြတိုက်နှင့်ပဲခူးမြို့၌ ကမ္ဘောဇသာဒီနန်းတော်ပုံစံတူပြတိုက်တို့ကို တည်ဆောက်ခဲ့သည်။

ထူးခြားပြတိုက်များအဖြစ် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်(နတ်မောက်)၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်(ရန်ကုန်)၊ စလေရုပ်စုံကျောင်းပြတိုက်နှင့် ကျောက်တော်မဟာမုနိပြတိုက်တို့ကို ဖွင့်လှစ်ထားသည်။

ယဉ်ကျေးမှုအမွေအနှစ်စံနှုန်းများနှင့်ကိုက်ညီသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို လုံခြုံစိတ်ချစွာတည်ရှိနေရေး၊ မပျက်စီးစေရန်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ သေသပ်လှပတင့်တယ်စွာပြသနိုင်ရေး၊ အများပြည်သူများ ဗဟုသုတရရှိစေရေး၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်က ပြတိုက်များကို ဖွင့်လှစ်ပြသထားသဖြင့် နေရာဒေသအသီးသီးရှိ ပြတိုက်များတွင် ပညာရှင်များ၊ သုတေသီများ၊ ကျောင်းသား၊ ကျောင်းသူများအပါအဝင် မည်သူမဆို သွားရောက်လေ့လာနိုင်ကြသည်။ ထို့ကြောင့် ပြတိုက်များသည် မြန်မာနိုင်ငံ၏သမိုင်းကြောင်းနှင့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို တစ်နေရာတည်းတွင် လေ့လာနိုင်သည့် နေရာများဖြစ်သဖြင့် မျိုးဆက်သစ်လူငယ်များအပါအဝင် မြန်မာနိုင်ငံသားများသာမက ပြည်ပခရီးသွားဧည့်သည်များပါ လာရောက်လျက်ရှိသည့် မြန်မာ့ယဉ်ကျေးမှုနှင့် သမိုင်းမှတ်တမ်းဌာနများ ဖြစ်လာခဲ့ကြပေသည်။

**ကိုးကား**

- **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အင်တာနက်စာမျက်နှာ**
- **မြန်မာ့သမိုင်းကိုဖော်ကျူးနေတဲ့ အမျိုးသားပြတိုက်**
**(Info Digest)**

# ဇာတိမာန်တွေ ယှဉ်ကာသည်း ဆိုကရေးတီး မဟာပြိုင်ပွဲ

- ဆိုကကာ ရေးလို့တီး
ရှုမငြီးပေ့ါ အလှဆင်၊
တို့မြန်မာ ဇာတိသွေး
နွေးကြဖို့ပင်၊
တိုင်းရင်းသား စုံအလင်
ပါဝင်ကာ ဘယ်မနေး၊
တို့ရိုးရာ တို့မွေနှစ်မို့
တိုးချစ်စို့လေး။

- ခုခါဆို နှစ်ဆယ့်သုံး
ပြိုင်တုန်းပေ့ါ ပျော်ပျော်ရွှင်၊
မလျော့ပါ အနိုင်ဇွဲနှင့်
ယှဉ်နွဲကာယှဉ်၊
ညီကိုရင်း မောင်နှမလျှင်
ချစ်ခြင်းပင် တိုးကာကဲ၊
ဇာတိမာန် ဇာတိသွေးကို
ဖေးကူသည့်ပွဲ။

- ယဉ်ကျေးမှု အနုလှ
သုခုမ ရှေးစဉ်လာ၊
ထိန်းကာလေ သိမ်းပါမှ
မယိမ်းရှာမှာ၊
ခုခေတ်နဲ့ ခုအခါ
ပိုကာလေ ဆိုးနေလို့၊
အရိုးကို ရွက်မဖုံးဖို့
ရုန်းကြပါစို့။

- မြန်ရိုးရာ ယဉ်ဓလေ့
ကြည်မွေ့လို့ ခွန့်ရှည်ကာ၊
ကိုယ့်နိုင်ငံ မြတ်နိုးစိတ်
ဦးထိပ်မှာပါ၊
လက်ဆင့်ကမ်း ဆောင်ယူတာ
တို့တွေမှာ မြတ်နိုးပွေ့၊
ဘိုးဘွားမွေ ရင်မှာပိုက်လို့
နှစ်ခြိုက်ပျော်မွေ့။

- ရိုးရာမွေ လက်ဆင့်ကမ်း
ရှေ့လှမ်းလို့ ဆက်ကာချီ၊
တို့တစ်တွေ ကိုယ်စီထမ်း
စိတ်ဝမ်းညီညီ၊
ငြိမ်းချမ်းရေးလည်း ထောက်ပံ့မည်
ယဉ်ကျေးမှုသည် ပါဝင်လို့
တို့နိုင်ငံ တို့အမျိုးတို့
ကြီးကြပါစို့။ ။

**ပြေအေးသက်**

## နိုင်ငံတကာ သတင်းများ

# အီရန်မောင်းသူမဲ့လေယာဉ်များဖြင့် ကီယက်ဗ်ကို တိုက်ခိုက်ခဲ့သည့်စွပ်စွဲချက် ရုရှားပယ်ချ

**မော်စကို အောက်တိုဘာ ၁၈**

ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ကို တိုက်ခိုက်ရာတွင် အီရန်နိုင်ငံထုတ် အသေခံမောင်းသူမဲ့လေယာဉ်များ အသုံးပြုခဲ့သည်ဆိုသော စွပ်စွဲချက်များကို ရုရှားအစိုးရက ယနေ့တွင် ပယ်ချလိုက်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ကီယက်ဗ်မြို့ကို တိုက်ခိုက်ရာတွင် ရုရှားတပ်များသည် အီရန်နိုင်ငံထုတ် ရှာဟက်ဒ်-၁၃၆ အမျိုးအစားအသေခံမောင်းသူမဲ့လေယာဉ်များ အသုံးပြုခဲ့ကြောင်း ယူကရိန်း ခေါင်းဆောင်များက စွပ်စွဲထားသည်။

သို့သော် အဆိုပါစွပ်စွဲချက်ကို ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က အောက်တိုဘာ ၁၇ ရက်တွင် ငြင်းပယ်ခဲ့ပြီး ယူကရိန်း စစ်ဆင်ရေးများတွင် ရုရှားတပ်များအနေဖြင့် ရုရှားနာမည်ပါသော လက်နက်များကိုသာအသုံးပြုနေကြောင်း ပြောကြားခဲ့သည်။

ထို့အတူ ရုရှားနိုင်ငံသို့ အသေခံမောင်းသူမဲ့လေယာဉ်များဖြည့်ဆည်းပေးနေမှုမရှိကြောင်း အီရန်နိုင်ငံကလည်း ငြင်းပယ်ထားပြီးဖြစ်ကြောင်း သိရသည်။

ရှာဟက်ဒ်-၁၃၆ အသေခံမောင်းသူမဲ့လေယာဉ်များသည် ထိခိုက်မှုဖြစ်ချိန်တွင် ပေါက်ကွဲတတ်သည့် လက်နက်များဖြစ်ကြသည်။

ရုရှားနိုင်ငံသည် အောက်တိုဘာ ၁၀ ရက်နှင့် အောက်တိုဘာ ၁၇ ရက်တို့တွင် ကီယက်ဗ်မြို့တွင်းပစ်မှတ်များကို မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

KKO



# လူပြိုမှုဖြစ်ပွားခဲ့သော မာလန်းဘောလုံးကွင်းကို ပြန်လည်ဆောက်လုပ်ရန် အင်ဒိုနီးရှား စီစဉ်

**ဂျကာတာ အောက်တိုဘာ ၁၈**

ပြီးခဲ့သည့်လက လူဦးရေ ၁၃၀ ကျော်သေဆုံးခဲ့ရသည့် လူပြိုမှုဖြစ်ပွားခဲ့သော မာလန်းမြို့ ကန်ဂျူရူဟန်အားကစားကွင်းကို ဖြိုချ၍ အသစ်ပြန်လည် တည်ဆောက်ရန် အင်ဒိုနီးရှားနိုင်ငံက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘောလုံးအားကစားကို ရူးသွပ်သည့် အင်ဒိုနီးရှားနိုင်ငံအတွက် အားကစားလောကကို လုံးဝပြုပြင်ပြောင်းလဲ ပေးရမည်ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ဥက္ကဋ္ဌ အင်ဖန်တီနိုနှင့် တွေ့ဆုံဆွေးနွေးပြီးနောက်သတင်းထောက်များကို ပြောကြားခဲ့သည်။

ထို့ပြင် လူပြိုမှုဖြစ်ပွားခဲ့သော အန်ဂျူရူဟန် အားကစားကွင်းကို ဖြိုချ၍ ဖီဖာစည်းမျဉ်းများနှင့်အညီ ပြန်တည်ဆောက်မည်ဖြစ်ကြောင်း သမ္မတ ဂျိုကိုဝီဒိုဒိုက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် အောက်တိုဘာ ၁ ရက်က အင်ဒိုနီးရှားအမှတ်ပေး ဘောလုံးပွဲစဉ်တစ်ခု ကျင်းပစဉ် ကန်ဂျူရူဟန် အားကစားကွင်း၌ လူပြိုမှုဖြစ်ပွားခဲ့ပြီး လူဦးရေ ၁၃၀ ကျော်သေဆုံးခဲ့ရာ ဘောလုံးလောကသမိုင်း၌ အဆိုးရွားဆုံးအဖြစ်ဆိုးများထဲတွင် အပါအဝင်ဖြစ်ခဲ့ရသည်။

ဘောလုံးပွဲ အဓိကရုဏ်းဖြစ်စဉ်တစ်ရပ်၌ ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများသုံးစွဲခဲ့မှုကြောင့် လူပြိုမှုဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ဝေဖန်မှုများ ရှိခဲ့သည်။

ထို့ပြင် အားကစားကွင်းအတွင်း မျက်ရည်ယိုဗုံးအသုံးပြုမှုသည် ဖီဖာက ပိတ်ပင်ထားသည့် လူအုပ်ထိန်းချုပ်မှု ပုံစံတစ်ခုဖြစ်ကြောင်း သိရသည်။

KKO

# ၂၀၂၅ ခုနှစ်အရောက်တွင် ဒုံးကျည်တင်ပို့ရောင်းချနိုင်မှုတန်ဖိုး ကန်ဒေါ်လာငါးဘီလီယံထိရရှိရန် ဘရာမို့စ်အေရိုစပေ့စ် မျှော်လင့်ထား



**ဒေလီ အောက်တိုဘာ ၁၈**

အိန္ဒိယနှင့်ရုရှား ဖက်စပ်လက်နက်ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဘရာမို့စ်အေရိုစပေ့စ်ကုမ္ပဏီသည် ၂၀၂၅ခုနှစ် အရောက်တွင် လက်နက်ရောင်းချနိုင်မှု တန်ဖိုး အမေရိကန်ဒေါ်လာ ငါးဘီလီယံထိ ရနိုင်မည်ဟု မျှော်လင့်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘရာမို့စ်အေရိုစပေ့စ် ကုမ္ပဏီသည် နျူကလီးယားထိပ်ဖူး သယ်ဆောင်နိုင်သည့် အသံထက်မြန်နှုန်းလွန် ဘရာမို့စ် ခရုစ်ဒုံးကျည်များ တည်ဆောက် ထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သည်။

ယခုနှစ်၏ ပွဲဦးထွက် ပို့ကုန်သဘောတူညီချက်အဖြစ် အမေရိကန်ဒေါ်လာ ၃၇၅ သန်းတန်ဖိုးရှိ ဒုံးကျည်အရောင်းအဝယ် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း ဘရာမို့စ်အေရိုစပေ့စ်ကုမ္ပဏီကယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ထို့အတူ ဘရာမို့စ်အေရိုစပေ့စ်အနေဖြင့် ၂၀၂၅ ခုနှစ် အရောက်တွင်ပို့ကုန်မှာယူမှုတန်ဖိုးအမေရိကန်ဒေါ်လာငါးဘီလီယံထိ ရရှိရန် မျှော်လင့်ထားဟု ကုမ္ပဏီသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

လက်ရှိအချိန်တွင် ဘရာမို့စ်အေရိုစပေ့စ်ကုမ္ပဏီသည် အင်ဒိုနီးရှား၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံများသို့ ဘရာမို့စ်ဒုံးကျည်များ ထပ်မံတင်ပို့ ရောင်းချရေးအတွက် ဆွေးနွေးနေကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ရုရှား၏ အမ်အိုင်ဂျီတိုက်လေယာဉ်များနှင့် အက်စ်ယူ-၃၀ တိုက်လေယာဉ်များကို ထုတ်လုပ်ခွင့်လိုင်စင်များ ရယူ၍ ပြည်တွင်းမှာပင်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

KKO

# ပြီးခဲ့သည့် ၁၀ နှစ်အတွင်း ပါတီဝင်ပေါင်း ငါးသန်းကျော်ကို အဂတိစုံစမ်းစစ်ဆေးမှု တရုတ်ကွန်မြူနစ်ပါတီ ပြုလုပ်ခဲ့

**ပေကျင်း အောက်တိုဘာ ၁၈**

တရုတ် ကွန်မြူနစ်ပါတီသည် ပြီးခဲ့သည့် ၁၀ နှစ်အတွင်း အဂတိလိုက်စားမှု ကျူးလွန်ခဲ့ဖွယ်ရှိသူ ပါတီဝင်ငါးသန်းနီးပါးကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ကျူးလွန်သူများအဖြစ် စစ်ဆေးတွေ့ရှိရသူ ၅၅၃ ဦးကို ရာဇဝတ်ကြောင်းအရ အရေးယူနိုင်ခဲ့ကြောင်း အေပီသတင်းဌာနက အောက်တိုဘာ ၁၇ ရက်တွင် ဖော်ပြခဲ့သည်။

သမ္မတရှီကျင့်ဖျင် စတင်အာဏာရရှိချိန်မှစ၍ ယနေ့ထိ ၁၀ နှစ်တာကာလအတွင်းကွန်မြူနစ်ပါတီသည် ပါတီတာဝန်ရှိသူဦးရေ ၂၀၇၀၀၀ ကိုလည်း အပြစ်များပေးနိုင်ခဲ့ကြောင်း အောက်တိုဘာ ၁၇ ရက်တွင်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီ ဒုတိယအတွင်းရေးမှူးက ထုတ်ဖော်ပြောကြားခဲ့သည်။

အဂတိလိုက်စားမှုကျူးလွန်သူများအဖြစ် စစ်ဆေးတွေ့ရှိခဲ့ရသူအများစုမှာ ရှေးယခင်ကပင် ကျူးလွန်ခဲ့ကြသူများဖြစ်ပြီး ၁၁ ရာခိုင်နှုန်းသည်သာ ပြီးခဲ့သည့် ငါးနှစ်အတွင်း ပထမဆုံးသော အဂတိလိုက်စားမှုကျူးလွန်မိသူများ ဖြစ်ကြကြောင်း ကွန်မြူနစ်ပါတီစည်းကမ်းထိန်းသိမ်းကြပ်မတ်ရေးကော်မတီ ဒုတိယအတွင်းရေးမှူး၏ အဆိုအရ သိရသည်။

ပါတီဝင်၉၆ သန်းရှိသော တရုတ်ကွန်မြူနစ်ပါတီသည် ပါတီဝင်များ အဂတိလိုက်စားမှုကို တင်းကျပ်စွာ တားမြစ်ထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်၏ အဓိကမူဝါဒ တစ်ခုဖြစ်သော အဂတိလိုက်စားမှု တိုက်ဖျက်ရေးသည် တရုတ်နိုင်ငံ၌ လူကြိုက်များသည့် မူဝါဒဖြစ်ကြောင်း သိရသည်။

KKO

# အနောက်ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် အသိအမှတ်ပြုထားမှု ဩစတြေးလျအစိုးရ ပြန်လည်ရုပ်သိမ်း

**ဆစ်ဒနီ အောက်တိုဘာ ၁၈**

အနောက်ဂျေရုဆလင်ကို အစ္စရေးနိုင်ငံ၏မြို့တော်အဖြစ်အသိအမှတ်ပြုထားမှုကို ဩစတြေးလျအစိုးရက ယနေ့တွင် ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဩစတြေးလျ နိုင်ငံအနေဖြင့် အစ္စရေးနှင့်ပါလက်စတိုင်းနှစ်နိုင်ငံ ယှဉ်တွဲနေထိုင်ရေး သဘောတရားကိုလက်ခံထားသည်ဖြစ်ရာ အနောက်ဂျေရုဆလင်အား အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် အသိအမှတ်ပြုထားမှုကို ပြန်လည်ရုပ်သိမ်းကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ပင်နီဝေါင်းက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

အနောက်ဂျေရုဆလင်ကို အစ္စရေးနိုင်ငံ၏မြို့တော်အဖြစ် ဝန်ကြီးချုပ်စကော့မောရစ်ဆင်ဦးဆောင်သည့် ယခင် ဩစတြေးလျအစိုးရအဖွဲ့ဟောင်းက ၂၀၁၈ ခုနှစ်တွင် အသိအမှတ်ပြုခဲ့ခြင်းဖြစ်သည်။

သို့သော် မိမိတို့အနေဖြင့် အစ္စရေးနှင့်ပါလက်စတိုင်း နှစ်နိုင်ငံငြိမ်းချမ်းစွာယှဉ်တွဲရပ်တည်ရေး သဘောတရားကို ထိခိုက်စေမည့်လမ်းစဉ်မျိုးကို ထောက်ခံမည်မဟုတ်ကြောင်း ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီး ပင်နီဝေါင်း၏အဆိုအရ ဩစတြေးလျအစိုးရအဖွဲ့သည် တဲလ်အဗစ်မြို့ကိုပင် အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် ပြန်လည်အသိအမှတ်ပြုရန်သဘောတူထားကြောင်း သိရသည်။



ပါလက်စတိုင်း နိုင်ငံသစ်၏ မြို့တော်အဖြစ် အရှေ့ဂျေရုဆလင်ကိုပါလက်စတိုင်းများက တောင်းဆိုထားပြီး အစ္စရေးနိုင်ငံကမူ ဂျေရုဆလင်မြို့တော် တစ်ခုလုံးကို အစ္စရေး၏ ခွဲထွက်၍မရနိုင်သော အစိတ်အပိုင်းအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ဘရာဇီးအမေဇုန်မိုးသစ်တောအတွင်းရှိ အမြင့်ဆုံးသစ်ပင်ရှိရာသို့ ဟားဗတ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ အရောက်သွားနိုင်ခဲ့








**လန်ဒန် အောက်တိုဘာ ၁၈**

ဗြိတိန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ဘရာဇီး အမေဇုန် မိုးသစ်တောအတွင်းရှိ အမြင့်ဆုံးသစ်ပင်ရှိရာသို့ အရောက်သွားနိုင်ခဲ့ပြီဖြစ်ကြောင်း The Daily Mail သတင်းစာက အောက်တိုဘာ ၁၇ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါသစ်ပင်ကို လီဒါ (LI-DAR) ခေါ် လေဆာရောင်ခြည်သုံး အဝေးအာရုံခံ ရေဒါစနစ်ဖြင့် တွေ့ရှိခဲ့ပြီး သုံးနှစ်အကြာတွင် ဟားဗတ်တက္ကသိုလ် သိပ္ပံပညာရှင်များက ၎င်းသစ်ပင်ရှိရာသို့ သွားရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံမြောက်ပိုင်း အမေဇုန် မိုးသစ်တောအတွင်း တည်ရှိသည့် အဆိုပါသစ်ပင်သည် ပေ ၂၉၀ မြင့်မားပြီး လုံးပတ် ၃၂ ပေ ရှိကြောင်း သိရသည်။

အဆိုပါသစ်ပင်၏ အမြင့်သည် နယူးယောက်မြို့ လေဘာတီရုပ်တုနီးပါးခန့်မြင့်မားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ သစ်ပင်သည် Dini-ziq Excelsais ရုက္ခမျိုးရင်းဝင် အပင်တစ်မျိုးဖြစ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Diniziq Excelsais သစ်ပင်များသည် လူသားများအရောက်အပေါက်မရှိသော အမေဇုန်မိုးသစ်တောမြောက်ပိုင်းတွင်သာ ပေါက်ရောက်တတ်ကြောင်း သိရသည်။

KKO


## နာဆာ၏လူစီအာကာသယာဉ် အောက်တိုဘာ ၁၆ ရက်က ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်မှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ လူစီအာကာသယာဉ်သည် အောက်တိုဘာ ၁၆ ရက်က ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်မှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၇ ရက်က ရေးသားတင်ပြထားသည်။

လူစီ အာကာသယာဉ်သည် ကြာသပတေးဂြိုဟ် နေပတ်လမ်းခရီးစဉ်အတွက် ကမ္ဘာဂြိုဟ်၏ ဒြပ်ဆွဲအားအကူအညီကို ရယူရန် အောက်တိုဘာ ၁၆ ရက်က ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်သန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူစီအာကာသယာဉ်သည် လွှတ်တင်ပြီး တစ်နှစ်တင်းတင်းပြည့်သည့်နေ့မှာပင် ကမ္ဘာဂြိုဟ်ကိုအနီးဆုံးမှတ်မှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ခြင်းဖြစ်သည်။



ကမ္ဘာမြေကို အနီးဆုံးမှတ်မှတစ်ဆင့် ဖြတ်ကျော်ပျံသန်းစဉ် လူစီအာကာသယာဉ်နှင့် ကမ္ဘာမြေမျက်နှာပြင်တို့ကြား အကွာအဝေးမှာ ၃၅၀ ကီလိုမီတာမျှသာရှိကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာမြေကို အနီးဆုံးမှတ်မှတစ်ဆင့်ဖြတ်ကျော်စဉ် လူစီ အာကာသယာဉ်သည် လူစီကျောက်ဖြစ်ရုပ်ကြွင်းခေါ် ရှေးဦးလူတူပရိုင်းမိတ်တစ်ဦး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တူးဖော်တွေ့ရှိခဲ့ရာ အီသီယိုးပီးယားနိုင်ငံကို ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

ကြာသပတေးဂြိုဟ် နေပတ်လမ်းအတွင်းရှိ ထရိုဂျင်ဂြိုဟ်သိမ်ခေါ် ထူးဆန်းသည့်ဂြိုဟ်သိမ်များကို လေ့လာရန် နာဆာအဖွဲ့က လူစီအာကာသယာဉ်ကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၆ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

## အင်္ဂါဂြိုဟ်၏ ဒီးမော့စ်ဂြိုဟ်ရံလက ကြာသပတေးဂြိုဟ်အပေါ်အရိပ်ထိုးခဲ့ပုံကို ဥရောပအာကာသအေဂျင်စီ၏ မားစ်အိတ်စပရက်စ်အာကာသယာဉ်က မှတ်တမ်းယူနိုင်ခဲ့

**ပဲရစ် အောက်တိုဘာ ၁၈**

အင်္ဂါဂြိုဟ်၏ ဂြိုဟ်ရံလတစ်စင်းဖြစ်သည့် ဒီးမော့စ်ဂြိုဟ်ရံလက ကြာသပတေးဂြိုဟ်အပေါ် အရိပ်ထိုးခဲ့ပုံကို ဥရောပအာကာသအေဂျင်စီ၏ မားစ်အိတ်စပရက်စ် အာကာသယာဉ်က မှတ်တမ်းယူနိုင်ခဲ့ကြောင်း The Daily Mail သတင်းစာက အောက်တိုဘာ ၁၇ ရက်က ရေးသားတင်ပြထားသည်။

မားစ်အိတ်စပရက်စ်အာကာသယာဉ်က ရိုက်ကူးခဲ့သော ဓာတ်ပုံထဲတွင် ဒီးမော့စ်ဂြိုဟ်ရံလကို ကြာသပတေးဂြိုဟ်နှင့် ၎င်းဂြိုဟ်၏ ဂြိုဟ်ရံလလေးစင်းတို့ကို နောက်ခံထား၍ တွေ့မြင်နိုင်မည်ဖြစ်သည်။

မားစ်အိတ်စပရက်စ် အာကာသယာဉ်သည် အဆိုပါဓာတ်ပုံကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

မစ်ရှင်သက်တမ်း နှစ် ၂၀ ခန့်ကြာခဲ့ပြီဖြစ်သည့်တိုင် မားစ်အိတ်စပရက်စ်အာကာသယာဉ်သည် အင်္ဂါဂြိုဟ်ကိုသာမက ဂြိုဟ်၏အလွန်ဝန်းကျင်ကိုလည်း ဆက်လက်လေ့လာနိုင်ဆဲဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

ဥရောပ အာကာသအေဂျင်စီသည် မားစ်အိတ်စပရက်စ်အာကာသယာဉ်ကို ၂၀၀၃ ခုနှစ် ဇွန်လတွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒီးမော့စ်ဂြိုဟ်ရံလသည် အင်္ဂါဂြိုဟ်၏ ဂြိုဟ်ရံလနှစ်စင်းအနက် အပြင်ဘက်အကျဆုံးဂြိုဟ်သိမ်ဖြစ်ပြီး ဖိုးဘော့စ်အမည်ရှိ ဂြိုဟ်သိမ်ထက် အရွယ်အစားပိုသေးငယ်ကြောင်း သိရသည်။

KKO

# HEALTH

## မျိုးဗီဇပုံစံကွဲပေါင်း ၁၂၀၀၀ ကျော်က ကလေးများ၏အရပ်အမြင့်ပေါ်အကျိုးသက်ရောက်မှုရှိ

**ကင်ဘာရာ အောက်တိုဘာ ၁၈**

မျိုးဗီဇပုံစံကွဲပေါင်း ၁၂၀၀၀ ကျော်တို့သည် ကလေးများ၏ အရပ်အမြင့်အပေါ် အကျိုးသက်ရောက်မှုရှိနေကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၇ ရက်က ရေးသားတင်ပြထားသည်။

ဩစတြေးလျနိုင်ငံ ကွင်းစလန်းတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကလေးများ၏ အရပ်အမြင့်နှင့် မျိုးဗီဇအကြောင်းတရားများကြား ဆက်စပ်မှုကိုဖော်ထုတ်ရေးအတွက် လူပေါင်းငါးသန်းကျော်ပါဝင်သည့် လေ့လာမှုတစ်ရပ်ပြုလုပ်ခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ မျိုးဗီဇပုံစံကွဲပေါင်း ၁၂၀၀၀ ကျော်တို့သည် ကလေးများ၏ အရပ်အနိမ့်အမြင့်အပေါ် ဩဇာသက်ရောက်မှုရှိနေကြောင်း သုတေသနပညာရှင်များက တွေ့ရှိခဲ့ကြသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်သည် လူတစ်ဦးနှင့်တစ်ဦးကြား အရပ်အနိမ့်အမြင့် ကွာခြားမှုများ၏ ၄၀ ရာခိုင်နှုန်းခန့်ကိုသာ နောက်ခံအကြောင်းတရားများကို ရှင်းပြနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ လူများကြားအရပ်အနိမ့်အမြင့် ကွာဟချက်များ၏ ၈၀ ရာခိုင်နှုန်းကို မျိုးဗီဇအကြောင်းတရားများက လွှမ်းမိုးထားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်သည် ကလေးများ၏ အရပ်အမြင့်ပြဿနာကိုဖြေရှင်းရေး၊ မျိုးဗီဇအခြေခံမော်လီကျူးများမှတစ်ဆင့် အရပ်အမြင့်တို့ကို ခန့်မှန်းရေးတို့အတွက် အထောက်အကူပေးနိုင်ကြောင်း ဩစတြေးလျသုတေသနပညာရှင်များက ပြောကြားသည်။

KKO

## လှုပ်ရှားလည်ပြေးလွှားရသော အားကစားနည်းများက ကလေးများ၏အရိုးကျန်းမာရေး ပိုမြှင့်တင်နိုင်

**ဝါရှင်တန် အောက်တိုဘာ ၁၈**

ဘောလုံးနှင့်ဘတ်စကက်ဘောကဲ့သို့အရပ်မျက်နှာပေါင်းစုံ လှည့်ပတ်ပြေးလွှားရသည့် အားကစားနည်းများသည် ဦးတည်ရာတစ်ခုတည်းရှိသော အပြေးလေ့ကျင့်မှုကဲ့သို့ အားကစားနည်းများထက်ပို၍ ကလေးများ၏ အရိုးကျန်းမာရေးကို အကျိုးပြုနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၇ ရက်က ရေးသားတင်ပြထားသည်။

အရပ်မျက်နှာပေါင်းစုံ လှည့်လည်ပြေးလွှားရသည့် အားကစားနည်းများကို လိုက်စားခြင်းဖြင့် ကလေးများ၏ အရိုးကျန်းမာရေးကို ပို၍မြှင့်တင်ပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ အင်ဒီယာနာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကျောင်းအားကစားပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြဖူးသူ အမျိုးသမီးများ၏ အရိုးကျန်းမာရေးအဆင့်ကို လေ့လာတိုင်းတာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ ဘောလုံးနှင့် ဘတ်စကက်ဘောကဲ့သို့ အရပ်မျက်နှာပေါင်းစုံလှုပ်ရှားပြေးလွှားရသည့် အားကစားနည်းများကိုလိုက်စားခဲ့သူများ၏ အရိုးခိုင်မာမှုအဆင့်သည် ပြေးခြင်း၊ ရေကူးခြင်းကဲ့သို့ အရပ်မျက်နှာတစ်ခုတည်းရှိသော အားကစားနည်းများကို လိုက်စားခဲ့သူများထက် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထိ ပို၍မြင့်မားကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# အေဗီလာအသင်းက နည်းပြဂျာရတ်နေရာတွင် ပိုချက်တီနိုနှင့် အစားထိုးရန်ပြင်ဆင်

**လန်ဒန် အောက်တိုဘာ ၁၈**

အေဗီလာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ဆိုးများဖြင့် ရုန်းကန်နေရသည့် နည်းပြဂျာရတ်၏နေရာတွင် စပါးအသင်းနည်းပြဟောင်း ပိုချက်တီနိုနှင့် အစားထိုးရန် ပြင်ဆင်နေကြောင်း ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြဂျာရတ်သည် ယခုနှစ်ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၀ ပွဲ ကစားပြီးချိန်တွင် နိုင်ပွဲတစ်ပွဲသာရရှိခဲ့ကာ အမှတ်ပေးဇယားအဆင့်(၁၆)တွင် ရောက်ရှိနေပြီး တန်းဆင်းဇုန်မှအသင်းနှင့် ရမှတ်တစ်မှတ်သာ ကွာဟနေသဖြင့် ဖိအားအောက်ရောက်ရှိနေချိန်တွင်အသင်းတာဝန်ရှိသူများက နည်းပြအပြောင်းအလဲပြုလုပ်ရန်အတွက် နည်းပြ ပိုချက်တီနိုကို အစားထိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

ထို့ပြင် အေဗီလာအသင်းသည် ပြီးခဲ့သည့်ချဲလ်ဆီးအသင်းနှင့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ရှုံးနိမ့်ခဲ့ပြီးနောက် ၁၀ ပွဲ ကစားအပြီးတွင် ငါးပွဲရှုံးနိမ့်ခဲ့ကာ မှတ်တမ်းဆိုးတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ပြီး အသင်းတာဝန်ရှိသူများက လာမည့် ဖူလ်ဟမ်အသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ ပွဲစဉ်နှစ်ပွဲကို ထပ်မံစောင့်ကြည့်၍ ရှုံးနိမ့်ပါက နည်းပြဂျာရတ်ကို ရာထူးမှထုတ်ပယ်ရန် ဆုံးဖြတ်ထားပြီး အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြပိုချက်တီနိုကို နည်းပြသစ်အဖြစ်ခန့်အပ်ရန်ဦးစားပေးပစ်မှတ်ထားသော်လည်းနည်းပြတူချယ်နှင့် နည်းပြအမ်မရီတို့ကိုလည်း ရွေးချယ်ထားကြောင်း သိရသည်။

ML

## ပရီးမီးယားလိဂ် ပွဲစဉ် (၁၂) ပွဲကြိုသုံးသပ်ချက်

M L

**မန်ယူ Vs စပါး**

**ကစားမည့်ရက်/အချိန် ၂၀-၁၀-၂၀၂၂ (နံနက် ၀၁:၄၅နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**မန်ယူ ၃ - ၂ စပါး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **မန်ယူ** | – | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **အိမ်(သရေ)** |
| **စပါး** | – | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **အိမ်(နိုင်)** |

မန်ယူအသင်းဟာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိပေမဲ့ လီဗာပူး၊ အာဆင်နယ်တို့ကိုတောင် အိမ်ကွင်းမှာ အနိုင်ယူခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိ စပါးအသင်းကတော့ အဝေးကွင်းကစားပုံကျဆင်းနေပြီး ခံစစ်ပိုင်းက ပေးဂိုးများနေပါတယ်။ ဒါကြောင့် အသင်းကြီးတွေနဲ့ဆုံရင် ရလဒ်ကောင်းနေတဲ့ မန်ယူအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – မန်ယူ ၂ – ၁ စပါး**

## အားကစားသတင်း အတိုအထွာများ

- ဝုဗ်အသင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်ရန် လိုင်ယွန်အသင်းနှင့်လမ်းခွဲခဲ့သည့် နည်းပြဗီတာဘိုဇ် စဉ်းစားနေကြောင်း သိရသည်။
- နယူးကာဆယ်အသင်းက ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ရီးရဲလ်မက်ဒရစ်ကစားသမား အဆန်ဆီယိုကို ခေါ်ယူနိုင်ရန် ၎င်း၏အေးဂျင့်နှင့်ဆွေးနွေးခဲ့ကြောင်း သိရသည်။
- လီဗာပူးအသင်းက ဘင်ဖီကာကွင်းလယ်ကစားသမား ဖလိုရန်တီနိုလူးဝစ်အတွက် ပြောင်းရွှေ့ကြေးယူရို ၁၀၄ သန်းထိအသုံးပြုရန် အသင့်ပြင်ထားကြောင်း ပြောကြားခဲ့သည်။ ML

## ချာမန်ပီယံရှစ်ဖလား ပွဲစဉ်ရလဒ်

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | ၄ | - | ၀ | ဟမ်းဘတ် |
| ကစ်ကား | ၀ | - | ၂ | ဖရန့်ဖတ် |
| လူဘက် | ၀ | - | ၃ | မိန့်ဇ် |
| မန်ဟိမ်း | ၀ | - | ၁ | နူရင်ဘတ် |

## ကိုပါအီတာလီယာ ၃၂ သင်းအဆင့်ရလဒ်

| | | | | |
|---|---|---|---|---|
| ဂျီနိုအာ | ၁ | - | ၀ | စပယ် |

(၀၄၀)

# ၂၀၂၂ ကမ္ဘာ့အကောင်းဆုံးကစားသမားဆု(Ballon d'Or)ဆုကို ရီးရဲလ်မက်ဒရစ်အသင်းမှ ဘင်ဇီးမား ဆွတ်ခူး



**ပဲရစ် အောက်တိုဘာ ၁၈**

၂၀၂၂ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုဖြစ်သည့် Ballon d'Or ဆုကို ပြင်သစ်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းမှ ဘင်ဇီးမားက ဆွတ်ခူးခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘင်ဇီးမားသည် ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ရီးရဲလ်မက်ဒရစ်အသင်းကို ချန်ပီယံလိဂ်ဆုဖလား၊စပိန်လာလီဂါဆုဖလား၊ ဥရောပစူပါဖလား၊ ကမ္ဘာ့ချန်ပီယံ ကလပ်ဖလားတို့ ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကနေရာမှ ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ပြိုင်ပွဲစုံ၌ စုစုပေါင်းသွင်းဂိုး ၄၄ ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ကမ္ဘာ့အကောင်းဆုံးကစားသမား Ballon d'Or ဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အခြားဆုများဖြစ်သည့် ကမ္ဘာ့အကောင်းဆုံးဂိုးသမားဆုဖြစ်သည့် Yachine Trophy ဆုကို ရီးရဲလ်မက်ဒရစ်အသင်းမှ ဂိုးသမား ကော့တွိုက်၊ ဂက်စ်မူလာအထိမ်းအမှတ်အဖြစ် ပထမဆုံးအကြိမ်ပေးအပ်သည့် တစ်နှစ်တာအကောင်းဆုံးတိုက်စစ်ကစားသမားဆု The Gerd Muller ဆုကို ဘာစီလိုနာအသင်းမှ လီဝမ်ဒေါစကီး၊ ကမ္ဘာ့လူငယ်အကောင်းဆုံးကစားသမားဆုကို ဘာစီလိုနာအသင်းမှ ဂါဗီ၊ ကမ္ဘာ့အကောင်းဆုံး အမျိုးသမီးကစားသမားဆုကို ဘာစီလိုနာအသင်းမှ ပူတဲလက်စ်၊ ပထမဆုံးအကြိမ် ပေးအပ်ချီးမြှင့်သည့် Socrates Awardကို ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်ကစားသမား မာနေး၊ကမ္ဘာ့တစ်နှစ်တာအကောင်းဆုံးကလပ်အသင်းဆုကို မန်စီးတီးအသင်းကလည်းကောင်း အသီးသီး ဆွတ်ခူးနိုင်ခဲ့ကြကြောင်း သိရသည်။

STA

# ဂျူဗင်တပ်ခံစစ်ကစားသမား ဘရီမာ ကြွက်သားဒဏ်ရာကြောင့် သုံးပတ်ခန့်အနားယူရမည်

**ရောမ အောက်တိုဘာ ၁၈**

ဂျူဗင်တပ်အသင်းနှင့် တိုရီနိုအသင်းတို့ကစားခဲ့သည့် အမှတ်ပေးပြိုင်ပွဲတွင် ခံစစ်ကစားသမား ဘရီမာအနေဖြင့် ကြွက်သားဒဏ်ရာရရှိခဲ့သဖြင့် ရက်သတ္တသုံးပတ်ခန့် အနားယူရမည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်ဟု Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘရီမာသည် နွေရာသီအပြောင်းအရွှေ့က တိုရီနိုအသင်းမှ ဂျူဗင်တပ်အသင်းသို့ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ပုံစံကောင်းပြသနိုင်ခဲ့သဖြင့် အမှတ်ပေးပြိုင်ပွဲ ၁၀ ပွဲစလုံး ပွဲထွက်ကစားခွင့်ရရှိနေသော်လည်း အသင်းဟောင်းတိုရီနိုအသင်းနှင့်ပွဲစဉ်တွင် ပွဲကစားချိန် ၅၁ မိနစ်အရောက်၌ ပေါင်ကြွက်သားဒဏ်ရာရရှိခဲ့သောကြောင့် လူစားလဲထွက်ခွာခဲ့ရသည်။

လက်ရှိတွင် ၎င်း၏ဒဏ်ရာကို လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ရက်သတ္တသုံးပတ်ခန့် အနားယူရမည်ဖြစ်၍ လာမည့် ပွဲစဉ်များဖြစ်သည့် အမ်ပိုလီ၊ ဘင်ဖီကာ၊ လက်ချီ၊ ပီအက်စ်ဂျီအသင်း၊ အင်တာမီလန်အသင်းတို့နှင့် ပွဲစဉ်များကို လွဲချော်မည်ဖြစ်သကဲ့သို့ ကစားသမားအနေဖြင့် ဘရာဇီးအသင်းနှင့်ကစားရမည့် ကမ္ဘာ့ဖလားပြိုင်ပွဲအမီ ဒဏ်ရာပြန်လည်ကောင်းမွန်ရန်မျှော်လင့်နေကြောင်း သိရသည်။

ML



# ချဲလ်ဆီးအသင်းက ဒဏ်ရာပြဿနာကြုံနေရသည့် ကန်တီကို စာချုပ်ကုန်ဆုံးလျှင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပြုမည်

**လန်ဒန် အောက်တိုဘာ ၁၈**

ချဲလ်ဆီးအသင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ကွင်းလယ်ကစားသမား ကန်တီကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်မဟုတ်ဘဲ အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရန်စီစဉ်ထားသည်ဟု Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၁ နှစ်ရှိ ကန်တီသည် လက်စတာအသင်း ပရီးမီးယားလိဂ်ချန်ပီယံဆုဖလားရရှိခဲ့သည့်ဘောလုံးရာသီတွင် အဓိက ကစားသမားအဖြစ် ခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်က လက်စတာအသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ကန်တီသည် ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အစောပိုင်း ဘောလုံးရာသီများက အသင်း၏ မရှိမဖြစ်ကွင်းလယ်ကစားသမားအဖြစ် ခြေစွမ်းပြသနိုင်ခဲ့ပြီး ချဲလ်ဆီးအသင်း ဆုဖလားများဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီမှစတင်ကာ ဒဏ်ရာပြဿနာများ မကြာခဏကြုံတွေ့ခဲ့ရပြီး အနားယူနေခဲ့ရသူဖြစ်သည်။

ကန်တီသည် ပြီးခဲ့သည့်ဘောလုံးရာသီက တံကောက်ကြောဒဏ်ရာအပါအဝင် ဒဏ်ရာငါးမျိုးထိ ရရှိခဲ့ပြီးနောက် အသင်း၏ပွဲစဉ်အချို့ကို လွဲချော်ခဲ့ရသကဲ့သို့ လက်ရှိအချိန်ထိလည်း တံကောက်ကြောဒဏ်ရာကြောင့် အနားယူနေခဲ့ရပြီး ချဲလ်ဆီးအသင်းနှင့်အတူ ပရီးမီးယားလိဂ် ပွဲစဉ်နှစ်ပွဲသာ ပါဝင်ကစားပေးထားသူဖြစ်သည်။

လက်ရှိ ချဲလ်ဆီးအသင်းနှင့် ကန်တီ၏ စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ချဲလ်ဆီးအသင်းက အစောပိုင်းတွင် သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုသော်လည်း တစ်နှစ်သာချုပ်ဆိုလိုနေခြင်းဖြစ်ပြီး ကန်တီက အနည်းဆုံးနှစ်နှစ်ချုပ်ဆိုလိုနေသည့်အတွက် အဆင်မပြေဖြစ်နေသကဲ့သို့ လက်ရှိတွင်လည်း ဒဏ်ရာကြောင့် ထပ်မံအနားယူရမည်ဖြစ်သည့်အတွက် ချဲလ်ဆီးအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်မဟုတ်ဘဲ အလွတ်ပြောင်းရွှေ့ကြေးဖြင့်လက်လွှတ်ရန် ဆုံးဖြတ်ထားကြောင်း သိရသည်။ STA

# WBA စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ဒေးဗစ်မိုရယ်လ်က ယာဘော့စီနူလေနှင့် ထိုးသတ်မည်



**မင်နီဆိုတာ အောက်တိုဘာ ၁၈**

ကျူးဘား လက်ဝှေ့သမား ဒေးဗစ်မိုရယ်လ်သည် WBA စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ကာဇက်စတန်လက်ဝှေ့သမား ယာဘော့စီနူလေနှင့် နိုဝင်ဘာ ၅ ရက်တွင် အမေရိကန်နိုင်ငံ မင်နီဆိုတာပြည်နယ်၌ ယှဉ်ပြိုင်ထိုးသတ်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Latest IPL သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဒေးဗစ်မိုရယ်လ်နှင့် ယာဘော့စီနူလေတို့သည် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားများ ဖြစ်ကြပြီး လက်ရည်ညီသည့် ပြိုင်ဘက်နှစ်ဦး ထိုးသတ်သွားမည့် ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ် ဖြစ်သည့်အတွက် အကြိတ်အနယ်ရှိသည့် စိန်ခေါ်ပွဲ တစ်ပွဲဖြစ်လာနိုင်သည်။

ဒေးဗစ်မိုရယ်လ်သည် WBA စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံ ခါးပတ်ကို ဆွတ်ခူးခဲ့ပြီးနောက်ပိုင်း လက်ရှိချန်ပီယံဘွဲ့ကို စတုတ္ထအကြိမ်မြောက် ကာကွယ်သွားရမည့် ပွဲစဉ်လည်းဖြစ်သည်။

ဒေးဗစ်မိုရယ်လ် ရင်ဆိုင်သွားရမည့် စိန်ခေါ်သူ ယာဘော့စီနူလေမှာ နောက်ဆုံးထိုးသတ်ခဲ့သည့် စိန်ခေါ်ပွဲ လေးပွဲတွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည့် စိန်ခေါ်ပွဲ သုံးပွဲထိ ရှိနေသည့်အတွက်ကြောင့် ယာဘော့စီနူလေ၏မှတ်တမ်းမှာ ဒေးဗစ်မိုရယ်လ်အတွက် စိုးရိမ်စရာအခြေအနေ ဖြစ်နေသည်။

ဒေးဗစ်မိုရယ်လ်က "ကျွန်တော့်အတွက် စတုတ္ထမြောက် ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်ကို ထိုးသတ်သွားရမယ်။ ဒီတစ်ခါပြိုင်ဘက်က အရင်ပြိုင်ဘက်တွေထက်ပိုပြီးတော့ ခက်ခဲမဲ့ပြိုင်ဘက်ပါ။ ကျွန်တော့်အတွက် ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဒီလိုပြိုင်ဘက်ကောင်းနဲ့ ဆုံတွေ့ချင်နေခဲ့တာပါ။ ဒါမှလဲ ကိုယ့်ရဲ့စွမ်းဆောင်ရည် လယ်ဗယ်ကို ကောင်းကောင်းသိနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# အသက် ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၂၀ ရက်မှ နိုဝင်ဘာ ၃ ရက်ထိ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၈**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနက ကြီးမှူးပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ မျိုးဆက်သစ်လူငယ်ဘောလုံးကစားသမားများပေါ်ထွက်လာစေရေးနှင့် ထူးချွန်ထက်မြက်သည့် ကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၆နှစ်အောက်ဘောလုံးပြိုင်ပွဲကို လာမည့် အောက်တိုဘာ ၂၀ ရက်မှနိုဝင်ဘာ ၃ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲကို ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ပြိုင်ပွဲဝင် အသင်း ၁၃ သင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး လေးသင်းပါတစ်အုပ်စုနှင့် သုံးသင်းပါ သုံးအုပ်စုတို့ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲအတွက် အုပ်စုမဲခွဲမှုအပြီး အုပ်စု(က)တွင် မန္တလေးတိုင်းဒေသကြီး အသင်း၊ ရှမ်းပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ကချင်ပြည်နယ်အသင်း၊ အုပ်စု(ခ)တွင် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ မကွေးတိုင်းဒေသကြီးအသင်း၊ ရခိုင်ပြည်နယ်အသင်း၊ အုပ်စု(ဂ)တွင် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ မွန်ပြည်နယ်အသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်း၊ အုပ်စု(ဃ)တွင် ကရင်ပြည်နယ်အသင်း၊ နေပြည်တော်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ တစ်အုပ်စုတည်းကျရောက်ခဲ့ကြကြောင်း သိရသည်။

STA

# The CJ Cup တွင် လက်ရှိချန်ပီယံဆုကို ကာကွယ်မည်ဟု မက်အီလ်ရွိုင်း ပြောကြား

**ဒပ်ဘ်လင် အောက်တိုဘာ ၁၈**

ကမ္ဘာ့အဆင့်(၂)ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းသည် ကမ္ဘာ့အဆင့်(၁)နေရာကို စိန်ခေါ်နိုင်ရေးအတွက် အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားတွင် အောက်တိုဘာ ၂၀ ရက်၌ စတင်ကျင်းပသွားမည့် The CJ Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု Irish Times သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းသည် ကမ္ဘာ့အဆင့်(၂)နေရာတွင် ရပ်တည်နေသော်လည်း ယခုနှစ်အတွင်း ကြီးကြီးမားမားအောင်မြင်မှုရယူနိုင်ခဲ့ခြင်းမရှိသေးဘဲ The CJ Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားမည် ဖြစ်သကဲ့သို့ လက်ရှိ ချန်ပီယံတစ်ယောက်အနေဖြင့်လည်း ပြိုင်ပွဲသမိုင်းတစ်လျှောက် လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့သည့်ကစားသမားအဖြစ်မှတ်တမ်းဝင်လိုကြောင်း ပြောကြားခဲ့သည်။

မက်အီလ်ရွိုင်းက "The CJ Cup ဂေါက်သီးရိုက်ပြိုင်ပွဲမှာ လက်ရှိချန်ပီယံတစ်ယောက်အနေနဲ့ ပါဝင်ယှဉ်ပြိုင်ခွင့်ရမှာကို ဝမ်းသာဂုဏ်ယူပါတယ်။ လက်ရှိချန်ပီယံဘွဲ့ကိုကာကွယ်နိုင်အောင် ကြိုးစားသွားမှာပါ။ ကျွန်တော့်အတွက် အရေးကြီးတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်မှသာ ကျွန်တော့်ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ကမ္ဘာ့အဆင့်(၁)နေရာကို ရယူနိုင်မှာဖြစ်ပါတယ်။ ဒီနှစ်အတွင်းမှာလဲ ချန်ပီယံဆုဖလားတစ်လုံးပဲရယူထားနိုင်တယ်။ ဒုတိယမြောက်ဆုဖလားကို ဆွတ်ခူးနိုင်ဖို့နဲ့ ကမ္ဘာ့အဆင့်(၁)နေရာကို ရယူနိုင်ဖို့အတွက် အကောင်းဆုံးကြိုးစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ဇန်နဝါရီအပြောင်းအရွှေ့တွင် မက်ကင်နီကို ရောင်းချမည်ဖြစ်ကြောင်း ဂျူဗင်တပ်အသင်း ပြောကြား



**ရောမ အောက်တိုဘာ ၁၈**

ဂျူဗင်တပ်အသင်းသည် ကွင်းလယ်ကစားသမား မက်ကင်နီနှင့် လာမည့် ၂၀၂၅ ခုနှစ် နွေရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းအနေဖြင့် စာချုပ်မကုန်ဆုံးမီ လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ရောင်းချသွားမည်ဟု ပြောကြားခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ကွင်းလယ် ကစားသမား မက်ကင်နီသည် နည်းပြ အယ်လီဂရီလက်အောက်တွင် ပွဲကစားခွင့်ရရှိနေသူဖြစ်ပြီး ပြိုင်ပွဲစုံတွင် သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့သဖြင့် စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းမှု မပြုလုပ်ဘဲ လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ ကာလတွင် ရောင်းချရန်ဆုံးဖြတ်ထားကြောင်း အသင်းဘုတ်အဖွဲ့က အတည်ပြုပြောကြားခဲ့သည်။

ဂျူဗင်တပ် အသင်းသည် မက်ကင်နီကို ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလကတည်းက အသင်း၏ ဘဏ္ဍာရေးအကျပ်အတည်းကို ဖြေရှင်းနိုင်ရန်အတွက် ရောင်းချရန် ပြင်ဆင်ခဲ့သော်လည်း ကမ်းလှမ်းမည့်အသင်း မရှိသဖြင့် အသင်းတွင် ဆက်လက်ကျန်ရှိခဲ့ပြီး လာမည့် ဆောင်းရာသီအပြောင်းအရွှေ့တွင် ထပ်မံရောင်းချရန် စာရင်းတင်သွင်းခဲ့ပြီးနောက် ပရီးမီးယားလိဂ်ကလပ် စပါးအသင်းက ၎င်းကိုခေါ်ယူရန် ချိတ်ဆက်ခဲ့ကြောင်း သိရသည်။

ML

# ၂၀၀၅ ခုနှစ်နောက်ပိုင်း Ballon d'Or အတွက် အဆင့်သတ်မှတ်ချက်တွင် စီရော်နယ်ဒို အဆင့် (၂၀) နေရာသို့ရောက်ရှိ၍ ဆန်ခါတင်စာရင်းတွင် မက်ဆီပါဝင်ခြင်းမရှိခဲ့

**လန်ဒန် အောက်တိုဘာ ၁၈**

ကမ္ဘာ့အကောင်းဆုံး ကစားသမားဆု(ရွှေဘောလုံးဆု)ဖြစ်သည့် Ballon d'Or ဆုအတွက် အဆင့်သတ်မှတ်ချက်များတွင် ၂၀၀၅ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးသောရာသီအဖြစ် စီရော်နယ်ဒိုက အဆင့်(၂၀)နေရာတွင်သာ ရပ်တည်နိုင်ခဲ့ပြီး မက်ဆီအနေဖြင့် နောက်ဆုံးဆန်ခါတင်စာရင်းတွင်ပင် ပါဝင်လာခြင်းမရှိခဲ့ကြောင်း Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

နောက်ဆုံးဆယ်စုနှစ် တစ်ခုကြာ ဘောလုံးလောကကို လွှမ်းမိုးခဲ့ကြပြီး အကောင်းဆုံးကစားသမားနှစ်ဦးအဖြစ် သတ်မှတ်ခံထားရသည့် စီရော်နယ်ဒိုနှင့် မက်ဆီတို့သည် အသက်အရွယ်အပိုင်းအခြားအရ အကျဘက်သို့ ရောက်ရှိလာခဲ့သည့်အတွက် ၂၀၀၅ ခုနှစ်နောက်ပိုင်း Ballon d'Or ဆုအတွက် အဆင့်သတ်မှတ်ချက်များတွင် အဆိုးရွားဆုံးသော အခြေအနေဖြင့် ရပ်တည်ခဲ့ကြခြင်းဖြစ်သည်။

လက်ရှိအချိန်ထိ Ballon d'Or ဆုကို ခုနစ်ကြိမ်ထိ စံချိန်တင်ရယူထားသည့်မက်ဆီသည် ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းသစ်နှင့် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသည့်အတွက် ၂၀၂၂ ခုနှစ် Ballon d'Or ဆုအဆင့်သတ်မှတ်ချက်တွင် နောက်ဆုံးဆန်ခါတင်ကစားသမားစာရင်းတွင်ပင် မဝင်ရောက်ခဲ့ဘဲ ကစားသမားဘဝတစ်လျှောက် အဆိုးရွားဆုံးဖြစ်ခဲ့ခြင်းဖြစ်သည်။

အလားတူ Ballon d'Or ဆုကို မန်ယူအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့နှင့်အတူ ငါးကြိမ်ဖြင့် ဒုတိယအကြိမ်ရေအများဆုံး ရရှိထားသည့် ကစားသမား စီရော်နယ်ဒိုသည်လည်း ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက ဂျူဗင်တပ်အသင်းမှ အသင်းဟောင်း မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပုံမှန်ခြေစွမ်းပြသနိုင်ခြင်း မရှိခဲ့သည့်အတွက် ၂၀၀၅ ခုနှစ်နောက်ပိုင်းအနိမ့်ဆုံးအဖြစ် အဆင့်(၂၀)နေရာတွင်သာ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

STA

# ဂျာမန်ပိုကယ်ဖလား ဒုတိယအဆင့် ပွဲကြိုသုံးသပ်ချက်

STA

**အော့စ်ဘတ်** Vs **ဘိုင်ယန်မြူးနစ်**

**ကစားမည့်ရက်/အချိန် ၂၀-၁၀-၂၀၂၂ (နံနက် ၀၁:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အော့စ်ဘတ် ၁ - ၀ ဘိုင်ယန်မြူးနစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အော့စ်ဘတ်** | - | **ဝေး(နိုင်)** | **အိမ်(သရေ)** | **ဝေး(ရှုံး)** |
| **ဘိုင်ယန်မြူးနစ်** | - | **ဝေး(သရေ)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |

နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ အော့စ်ဘတ်အသင်းအတွက် အိမ်ရှင်အားသာချက်တစ်ခုတည်းနဲ့ ရင်ဆိုင်ရမှာပါ။ ဘိုင်ယန်မြူးနစ်အသင်းကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပြန်လည်ကောင်းမွန်နေလို့ ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် အဝေးကွင်းဆိုပေမဲ့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘိုင်ယန်မြူးနစ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - အော့စ်ဘတ် ၁ - ၃ ဘိုင်ယန်မြူးနစ်**

# ယဉ်ကျေးသိမ်မွေ့ခြင်းမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့

ယောနကလုလင်မောင်

**❖ ထို့ကြောင့် မြန်မာနိုင်ငံသားတို့၏ယဉ်ကျေးမှု ရည်မှန်းချက်အနှစ်သာရသည် လောကပါလတရားကိုအခြေပြုသည့်အပြင် သာသနာတော်အဆုံးအမအရိပ်အာဝါသအောက်၌ သန္ဓေတည်ခဲ့သည့် ယဉ်ကျေးမှုထုံးတမ်းဓလေ့များဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုအချက်ကြောင့်ပင် မိမိတို့၏မူလမြန်မာ့ယဉ်ကျေးမှုသည် အနှစ်သာရပြည့်ဝ၍ အဆင့်အတန်းမြင့်မားသည့်ယဉ်ကျေးမှုတစ်ရပ်အဖြစ် တည်ရှိနေစေခြင်းဖြစ်သည်။ မိမိနိုင်ငံသားတို့သာမက ယနေ့လူသားထုတစ်ရပ်လုံး၏တောင်းဆိုချက်၊ ပကတိလိုလားချက်ဆန္ဒများသည်လည်း ငြိမ်းချမ်းရေးရည်မှန်းချက်များပင်ဖြစ်သည်။ ❖**

မြန်မာနိုင်ငံသားတို့သည် ရှေးအစဉ်အဆက်ကာလများစွာကတည်းက လွတ်လပ်ပေါ့ပါးစွာနေထိုင်လိုကြသူများဖြစ်၏။ တိုင်းတစ်ပါးသားတို့ကို နွေးထွေးပျူငှာမှုအပြည့် ဧည့်ဝတ်ကျေပွန်ကြသော်လည်း မိမိနိုင်ငံ၏အချုပ်အခြာအာဏာနှင့် နိုင်ငံသူ၊ နိုင်ငံသားတို့အပေါ် စော်ကားတင်စီးလာလျှင်မူ "အရေးကြီးက သွေးနီးကြမည်"ဟူသည့် စုစည်းညီညွတ်မှုစိတ်ထားဖြင့် သတ္တိစွမ်းရည်ပြောင်မြောက်စွာ တွန်းလှန်ချေမှုန်းလေ့ရှိကြသည်။

၁၈၆၃ ခုနှစ်ကာလ မင်းတုန်းမင်းလက်ထက်၌ ကနောင်မင်းသားကြီးဦးဆောင်သည့် စက်မှုခေတ်ပြောင်းတော်လှန်ရေးမှာ တိုင်းပြည်ကာကွယ်ရေးအတွက် လွန်စွာအရေးပါခဲ့သော်လည်း ၎င်းအစီအစဉ်အချိန်မရမီ ပြည်သူတို့ကြားမပျံ့နှံ့သေးမီမှာပင် တူတော်များက လုပ်ကြံသဖြင့် ကနောင်မင်းသားကြီး ကျဆုံးကာ တိုင်းပြည်အတွက် လွန်စွာနစ်နာခဲ့ရသည်။ တိုင်းပြည်ခေတ်မီတိုးတက်ရေးကို အညွန့်ချိုးဖျက်ဆီးခံလိုက်ရခြင်းလည်းဖြစ်သည်။ ၎င်းမှာ အိမ်ကြက်ချင်း အိုးမဲသုတ်ပေးသော အနောက်နယ်ချဲ့တို့လက်ချက်ဖြစ်သည်ကို ထိုခေတ်ထိုအချိန်က သိရှိနိုင်သော အသိအမြင်ပညာဉာဏ်မမီခဲ့ကြချေ။ ခေတ်ပြောင်းပညာရေးပိုင်းတွင်လည်း လွန်စွာနောက်ကျကျန်ခဲ့ခြင်းကြောင့် အမျိုးသားရေး၊ စစ်ရေး၊ နိုင်ငံရေးအသိအမြင်များတွင် နယ်ချဲ့တို့ကို တုဖက်ပြိုင်ဆိုင်နိုင်ခြင်းငှာ မစွမ်းသာနိုင်ကြသဖြင့် မြန်မာနိုင်ငံသားတို့၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည်လည်း တိမ်းပါးပျက်စီးခဲ့ရပေသည်။

ယနေ့အချိန်တွင် ပညာရည်အဆင့်အတန်းမြင့်မားရေး၊ တိုးတက်ခေတ်မီရေးမှာ နိုင်ငံတိုင်း လူမျိုးတိုင်းအတွက် အဓိကဦးစားပေးကဏ္ဍအဖြစ် သတ်မှတ်ဖော်ဆောင်လျက်ရှိကြသည်။ ကမ္ဘာ့ပညာရေး (Global Education) အယူအဆများ၊ အရည်အသွေးနှင့် နည်းစနစ်များနှင့်အမီ မိမိတို့လူ့အဖွဲ့အစည်း၏ပညာရေးစနစ်ကိုလည်း ခေတ်နှင့်အညီသုံးသပ်ပြောင်းလဲရန် လိုအပ်နေဆဲဖြစ်သည်။ ထိုသို့ပြောင်းလဲရာတွင် မိမိနိုင်ငံသားတို့၏ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်းတို့နှင့် ဆန့်ကျင်ဖီလာဖြစ်နေသော အယူအဆများ၊ နည်းစနစ်များကိုမူ သတိပြုရှောင်ကြဉ်တတ်ကြရန်လည်း လိုမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီး၌ ပြောင်းလဲလက်ခံကျင့်သုံးနေသော သင်ကြား၊ သင်ယူမှုတို့၏ခံယူချက်နှင့် ရည်ရွယ်ချက်များကို အမြဲတစေလေ့လာဆန်းစစ် သုတေသနပြုလုပ်ပြီး မြန်မာမှုစရိုက်လက္ခဏာနှင့်အညီ စိစစ်ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ပိုမိုအကျိုးကျေးဇူးဖြစ်ထွန်းနိုင်မည့် ပညာရေးစနစ်သစ်တစ်ရပ်ကို တီထွင်ကြံဆနိုင်ရန် လိုအပ်လျက်ရှိသည်။

မိမိတို့လူ့အဖွဲ့အစည်းမှာ ထေရဝါဒဗုဒ္ဓသာသနာတော်၏သွန်သင်မှုများကြောင့် သစ္စာတရား၊ ဂါရဝတရား၊ နိဝါတတရားတို့အပါအဝင် ၃၈ ဖြာသော မင်္ဂလာတရားတော်တို့ဖြင့် မွမ်းထုံလျက် ခွင့်လွှတ်နားလည်မှုပြည့်ဝသည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ လူလူချင်း ခွဲခြားဆက်ဆံတတ်ခြင်းမရှိသည့်အပြင် ဧည့်ဝတ်ပျူငှာကြလျက် ကျေးချင်မွေးချင်သောစေတနာသဒ္ဓါတရားအရာ၌လည်း ထက်သန်ကြသည်။ ဖော်ရွေတတ်၊ သက်ညှာတတ်၊ မျှတပေးကမ်းတတ်၊ အနစ်နာခံတတ်၊ ပျော်ပျော်ရွှင်ရွှင်နေတတ်ကြသူများဖြစ်သည်။ သို့သော် စေတနာကို မထီမဲ့မြင်ပြု၍ ကျေးဇူးကန်းစော်ကားလာပါက ပြင်းပြင်းထန်ထန်တုံ့ပြန်တတ်ကြသည်။ အနောက်နိုင်ငံသားတစ်ဦး၏ မှတ်တမ်းတွင် "မုတ်ဆိတ်ကျင်စွယ်ထားခဲ့သော မြန်မာအမျိုးသားများသည် လူပုံအားဖြင့်နွဲ့သည်၊ ပျော်ရွှင်စွာနေတတ်သည်ဟုထင်ရသော်လည်း သူတို့၏သိက္ခာကိုထိပါးလျှင် ချက်ချင်းပင်တုံ့ပြန်တတ်သည်" ဟု ရေးသားမှတ်တမ်းတင်ထားသည်ကို တွေ့ရှိဖူးသည်။

မိမိတို့၏မူလလူ့အဖွဲ့အစည်းမှာ ဆန္ဒများ၊ တပ်မက်မှုများနည်းပါးသည့် ယဉ်ကျေးမှုအဆင့်အတန်းရှိသော လူ့အဖွဲ့အစည်းဖြစ်သည်။ ထို့ကြောင့် မိမိတို့ မူလလူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုအဆင့်အတန်းအနှစ်သာရဖြစ်သည့် အမှန်တကယ်ယဉ်ကျေး၍ အနှစ်သာရပြည့်ဝသော၊ လူသားယဉ်ကျေးမှုအဆင့်အတန်းရှိသော လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် အမြဲတစေထိန်းသိမ်းထားနိုင်ရန်အတွက် ငြိမ်းချမ်းမှု၊ သာတူညီမျှမှု၊ ခွင့်လွှတ်နားလည်ပေးနိုင်မှု၊ ကိုယ်ချင်းစာတရားထားရှိမှုနှင့် တင်းတိမ်ရောင့်ရဲနိုင်မှု စိတ်နေစိတ်ထားတို့ကို မြှင့်တင်ပေးနေရန်လိုအပ်သည်။ မိမိတို့လူ့အဖွဲ့အစည်း၏ မူလယဉ်ကျေးမှုအဆင့်အတန်း ပြည့်ဝမြင့်မားနေခြင်းမှသည် ငြိမ်းချမ်းသောလူ့ဝန်းကျင် တစ်နည်းအားဖြင့် လွတ်လပ်ခြင်း၏အနှစ်သာရပြည့်ဝသော လူ့ဝန်းကျင်ကို ဖန်တီးတည်ဆောက်နိုင်မည်ဖြစ်သည်။ ဝိမုတ္တိရသနှင့်သန္တိသုခ(လွတ်မြောက်ရေးနှင့် ငြိမ်းချမ်းရေး)ထက် မြင့်မြတ်သော လူသားဝန်းကျင်မရှိကြောင်း ဗုဒ္ဓဘုရားရှင်တော်မြတ်က ဟောကြားတော်မူခဲ့သည့် အဆုံးအမကိုလည်း သတိမူသင့်သည်။

ထို့ကြောင့် မြန်မာနိုင်ငံသားတို့၏ ယဉ်ကျေးမှုရည်မှန်းချက်အနှစ်သာရသည် လောကပါလတရားကိုအခြေပြုသည့်အပြင် သာသနာတော်အဆုံးအမအရိပ်အာဝါသအောက်၌ သန္ဓေတည်ခဲ့သည့် ယဉ်ကျေးမှုထုံးတမ်းဓလေ့များဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုအချက်ကြောင့်ပင် မိမိတို့၏မူလမြန်မာ့ယဉ်ကျေးမှုသည် အနှစ်သာရပြည့်ဝ၍ အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုတစ်ရပ်အဖြစ် တည်ရှိနေစေခြင်းဖြစ်သည်။ မိမိနိုင်ငံသားတို့သာမက ယနေ့လူသားထုတစ်ရပ်လုံး၏တောင်းဆိုချက်၊ ပကတိလိုလားချက်ဆန္ဒများသည်လည်း ငြိမ်းချမ်းရေးရည်မှန်းချက်များပင်ဖြစ်သည်။ ထို့ကြောင့် အမျိုးကိုချစ်မြတ်နိုးခြင်း၊ ဘာသာကိုလေးစားခြင်း၊ သာသနာကိုချီးမြှင့်ခြင်း၊ ပညာကိုအားပေးခြင်းများသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားလာရေးအတွက် ပဓာနကျသောလုပ်ငန်းစဉ်များဖြစ်သည်သာမက ငြိမ်းချမ်းရေးရည်မှန်းချက်များအတွက် အဓိကထောက်ပံ့ပေးခြင်းဖြစ်ကြောင်း တွေ့ရသည်။ တစ်နည်းအားဖြင့် အနှစ်သာရပြည့်ဝသော၊ လူသားယဉ်ကျေးမှုအဆင့်အတန်းရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ်၏ မူလအရင်းအမြစ်အင်အားကို ဖြည့်တင်းပေးခြင်းပင်ဖြစ်သည်။ လူသားယဉ်ကျေးမှုအဆင့်အတန်း ရင့်ကျက်မြင့်မားလာသည်နှင့်အမျှ စစ်ပွဲများ၊ ပဋိပက္ခများ အလိုလိုယုတ်လျော့သွားမည်ကို သုံးသပ်တွေ့မြင်နိုင်ပေသည်။

ယခုအခါ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကျင်းပသည်ကို တွေ့ရသည်။ ဤသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရန်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက် တတ်စေရန်ရည်ရွယ်၍ ကျင်းပပေးခြင်းပင်ဖြစ်သည်။ ထိုသို့ပြုလုပ်ပေးခြင်းများက မျိုးချစ်စိတ်ဓာတ်သည် ထာဝရကိန်းအောင်းနေစေရန် လှုံ့ဆော်ပံ့ပိုးပေးနိုင်သည်သာမက အမျိုးသားယဉ်ကျေးမှုအဆင့်အတန်းရင့်ကျက်မြင့်မားရေးလိုအပ်ချက်ကိုပါ ဖြည့်ဆည်းမြှင့်တင်ပေးခြင်းပင်ဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များတွင် ကိန်းအောင်းနေသော အမျိုးသားရေးစိတ်ဓာတ်အမြုတေသည် နိုင်ငံတော်ကာကွယ်ရေးအတွက်မရှိမဖြစ်လိုအပ်သည့် အမျိုးသားရေး ကိုယ်ခံစွမ်းအားလည်းဖြစ်ပေသည်။ နိုင်ငံတစ်နိုင်ငံသည် နိုင်ငံရေးအရ တည်ငြိမ်ပြီး စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်နေသော်လည်း အဆိုပါ နိုင်ငံ၏ လူသားယဉ်ကျေးမှုအဆင့်အတန်းနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများ နေးကွေးဆုတ်ယုတ်လာလျှင် စည်းလုံးညီညွတ်သောနိုင်ငံတစ်နိုင်ငံ၏လက္ခဏာများ မလွဲမသွေယိုယွင်းပျက်စီးသွားပြီး အချိန်ကာလတစ်ခုတွင် ငြိမ်းချမ်းမှုအနှစ်သာရများလည်း ဆုံးရှုံးသွားမည်သာဖြစ်သည်။

မြန်မာနိုင်ငံ၏လူနေမှုစနစ်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းတို့သည် ဗုဒ္ဓ၏တရားဓမ္မနှင့် အဆုံးအမတို့နှင့် နွယ်၍ ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ယဉ်ကျေးမှုအဆင့်အတန်း ပြည့်ဝမြင့်မားသည့် လူ့ဝန်းကျင်တစ်ရပ်အဖြစ် ရပ်တည်လာနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့သော မိမိတို့၏ရှိရင်းစွဲ လူ့အသိုက်အဝန်းအဆင့်အတန်းကို အဆင့်အတန်းရှိသော ခေတ်မီပညာစနစ်တစ်ရပ်ဖြင့် ထိန်းကျောင်းတည့်မတ်သွားကြရမည်ဖြစ်သည်။ ပညာရေးစနစ်တစ်ရပ်၏ အခြေခံအုတ်မြစ်မှန်ကန်ခိုင်ခံ့မှုရှိ၊မရှိသုံးသပ်ရာတွင် အသိပညာဟန်ချက်ညီ တတ်သိခြင်းရှိ၊မရှိဖြင့် သုံးသပ်နိုင်မည်ဖြစ်သကဲ့သို့ ပညာရေးစနစ်တစ်ရပ် ခေတ်မီခြင်းရှိ၊ မရှိကိုလည်း ကမ္ဘာ့နိုင်ငံအသီးသီး၏ နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်ပေါင်တန်းနိုင်ခြင်းရှိ၊မရှိနှင့် ကိုယ်ပိုင်တီထွင်ဆန်းသစ်နိုင်မှုရှိ၊ မရှိတို့အပေါ် နှိုင်းယှဉ်သုံးသပ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်ဟူသည့်အချက်ကို အတိအလင်းထည့်သွင်းထုတ်ပြန်ထားသည်ကို တွေ့ရသည်။ သို့သော်လည်း အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အခွင့်အလမ်းအပြည့်အဝပေးထားသည့် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုများကို မျက်ကွယ်ပြုလျက် နိုင်ငံတော်ကို အလုံးစုံပျက်သုန်းစေလိုမှုနှင့် ကိုယ်ကျိုးစီးပွားရယူလိုမှုတို့အတွက် CRPH နှင့် NUG လက်အောက်ခံ အကြမ်းဖက်အဖွဲ့များကို လက်ခံသင်တန်းပေးခြင်း၊ လက်ဝေခံအဖြစ်ငွေကြေးနှင့် လက်နက်ထောက်ပံ့ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို ပြောင်ပြောင်တင်းတင်းလုပ်ဆောင်နေသည်များကိုလည်း တွေ့ရှိ နေရသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဖိတ်ခေါ်ခဲ့ရာတွင်လည်း NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားအဖွဲ့များကိုသာမက ငြိမ်းချမ်းရေးဆွေးနွေးပွဲများသို့ ရောက်ရှိလာခဲ့ခြင်းမရှိသေးသည့် လက်မှတ်ရေးထိုးရခြင်းမရှိသေးသော အဖွဲ့များကိုပါ ဖိတ်ခေါ်ခဲ့သည်ကို တွေ့ရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ချုပ်ဆိုခြင်း ခုနစ်နှစ်မြောက် နှစ်ပတ်လည်နေ့ မိန့်ခွန်းပြောကြားရာတွင် **"ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ရာမှာ လက်တွေ့ကျတဲ့၊ ဖြစ်နိုင်တဲ့လုပ်ဆောင်ချက်တွေကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်ကစပြီး ယခုနှစ် နှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ပေါင်း ၂၁ ကြိမ် ထုတ်ပြန်ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခဲ့ပါတယ်။ ယနေ့တပ်မတော်က နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေရချိန်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ လက်တွေ့ကျကျတိုးတက်လာနိုင်စေရေး နိုင်ငံတော်နဲ့တပ်မတော်အကြီးအကဲဖြစ်တဲ့ ကျွန်တော်ကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်နေပါတယ်"**ဟု ထည့်သွင်းပြောကြားသွားခဲ့သည်ကို တွေ့ရသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများသို့ ပြည်ထောင်စုအကျိုး၊ ဒေသအကျိုးဆောင်ရွက်လိုစိတ်အပြည့်ဖြင့် တက်တက်ကြွကြွလာရောက် ဆွေးနွေးခဲ့ကြသည်ကို တွေ့ရှိရသည့်အပြင် ပထမဆုံးအကြိမ်အဖြစ် တက်ရောက်ဆွေးနွေးလာသည့် အဖွဲ့အစည်းတချို့လည်း ပါရှိလာခဲ့သည်ဟုလည်း သိရှိရပါသည်။

အချုပ်အားဖြင့်ဆိုရသော် ယနေ့အချိန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် လက်ကိုင်ပြုထားသည့် မျိုးချစ်စိတ်ထားမှာ လောကပါလတရားလေးပါးကို အခြေခံသော ယဉ်ကျေးသိမ်မွေ့မှုပြည့်ဝသည့် မျိုးချစ်စိတ်ထားမျိုးဟုသာ တွေ့မြင်သုံးသပ်မိပါသည်။ ထို့ကြောင့်ပင် မိမိတို့ အနာဂတ်နိုင်ငံတော်၏ စည်းလုံးညွတ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ရေးတို့အတွက် တန်ဖိုးမဖြတ်နိုင်သည့် ထိုမျိုးချစ်စိတ်ထားအမြုတေရတနာကို အနာဂတ်မျိုးဆက်သစ်တို့ထံ ဆင့်ကမ်းအမွေပေးသွားနိုင်ရမည်ဖြစ်ကြောင်း၊ လက်ရှိဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးရည်မှန်းချက်များလည်း အပြည့်အဝဖော်ဆောင်အောင်မြင်ပါစေကြောင်း မုဒိတာစိတ်ထားဖြင့် ရေးသားဆုမွန်ခြွေလိုက်ရပါသည်။

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ယူကရိန်းနိုင်ငံသို့ HIMARS နှင့် တိကျပဲ့ထိန်းအမြောက်ကျည်များ ထပ်မံပေးပို့သွားမည်ဖြစ်ကြောင်း အမေရိကန်ကြေညာ



ယူကရိန်း၏ အရေးကြီးသောလုံခြုံရေး နှင့် ကာကွယ်ရေးလိုအပ်ချက်များကိုဖြည့် ဆည်းပေးရန်အတွက် အမေရိကန် ဒေါ်လာ ၇၂၅ သန်းထိ တန်ဖိုးရှိသော HIMARS နှင့် တိကျပဲ့ထိန်းအမြောက်များ လုံခြုံရေးအကူအညီကို ထပ်မံပေးပို့သွားမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေး ဌာန(DoD)က အောက်တိုဘာ ၁၄ ရက်တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့သည်။

ယူကရိန်းအတွက် အမေရိကန် ပြည်ထောင်စု၏ စစ်ရေးအကူအညီအသစ်တွင် High Mobility Artillery Rocket Systems (HIMARS) နှင့် နောက်ထပ်ခဲယမ်းများ၊ 155mm အမြောက်ကျည် ၂၃၀၀၀၊ တိကျပဲ့ထိန်းလမ်းညွှန်စနစ်သုံး 155mm အမြောက်ကျည် ၅၀၀၊ အဝေးထိန်းသံချပ်ကာဖျက်မိုင်း (RAAM) စနစ်များအတွက် 155mm ကျည် 5000၊ High Mobility Multipurpose Wheeled Vehicles (HMMWVs) ဘက်စုံသုံးဘီးတပ်ယာဉ်အစီး ၂၀၀ ကျော်၊ လက်နက်ငယ်များနှင့် လက်နက်ငယ်ကျည် နှစ်သန်းကျော် ပါဝင်သည်။

အောက်တိုဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဘရပ်ဆဲလ်မြို့ရှိ ယူကရိန်းကာကွယ်ရေးအဆက်အသွယ်အဖွဲ့တွင် နိုင်ငံပေါင်း ၅၀ ခန့်မှ ကာကွယ်ရေးဝန်ကြီးများအား အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနကဦးဆောင်၍ စုဝေးခဲ့ပြီး အဆိုပါအစည်းအဝေးတွင် ခေါင်းဆောင်များက နောက်ထပ်လုံခြုံရေးအကူအညီများ ပေးအပ်ရန် ကတိပြုခဲ့ကြသည်။

၎င်းအစည်းအဝေးတွင် ဂျာမနီသည် ယူကရိန်းသို့ ကတိပြုထားသည့် IRIS-T လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်လေးစုံအနက်မှ ပထမဆုံးတစ်စုံလွှဲပြောင်းပေးပို့မှုကို မကြာသေးမီက ကြေညာခဲ့သည်။ ထို့ပြင် ဂျာမနီသည် MARS II MLRS Multiple Launch Rocket Systems အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်များနှင့် PzH 2000 155mm self-propelled Howitzers ဟောင်ဝစ်ဇာအမြောက်စနစ်တို့ကို ပေးအပ်သွားမည်ဟုလည်း ကြေညာထားခဲ့သည်။

ယူကရိန်း၏တိုးတက်ပြောင်းလဲလာသောစစ်မြေပြင်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် အမေရိကန်နိုင်ငံသည် ၎င်း၏မဟာမိတ်များနှင့်မိတ်ဖက်များနှင့်အတူ ယူကရိန်း၏အဓိက စွမ်းဆောင်ရည်များတွင် ပံ့ပိုးပေးသွားမည်ဖြစ်သည်။

အမေရိကန်နိုင်ငံသည် ၂၀၂၁ ခုနှစ် ဇန်နဝါရီလကတည်းက ယူကရိန်းအား လုံခြုံရေးအကူအညီ ဒေါ်လာ ၁၈ ဒသမ ၂ ဘီလီယံကျော် ပေးအပ်သွားရန် ကတိကဝတ်ပြုထားခဲ့ပြီလည်းဖြစ်သည်။ ၂၀၁၄ ခုနှစ်ကတည်းက အမေရိကန်သည် ယူကရိန်းကို လုံခြုံရေးဆိုင်ရာအကူအညီ ဒေါ်လာ ၂၀ ဒသမ ၃ ဘီလီယံကျော်နှင့် ရုရှား၏အထူးစစ်ဆင်ရေးစတင်ချိန်မှစ၍ ကန်ဒေါ်လာ ၁၇ ဒသမ ၆ ဘီလီယံခန့်ထိ ပေးအပ်သွားရန် ကတိပြုထားခဲ့ပြီးဖြစ်ပါသည်။

**US approves new delivery to Ukraine of HIMARS and precision-guided artillery ammunition ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားနိုင်ငံကို စစ်ရေးအထောက်အပံ့အဖြစ် တာတိုပစ်ပဲ့ထိန်းဒုံးကျည် Fateh-110 နှင့် Zolfaghar အီရန်ပံ့ပိုးပေးခဲ့

အီရန်နိုင်ငံသည် ရုရှားနိုင်ငံကို စစ်ရေးအထောက်အပံ့အဖြစ် တာတိုပစ်ပဲ့ထိန်းဒုံးကျည် Fateh-110 နှင့် Zolfaghar တို့ကို ပံ့ပိုးပေးခဲ့ကြောင်း အောက်တိုဘာ ၁၆ ရက်ထုတ် The Washington Post မှ သိရသည်။

ယူကရိန်းကို တိုက်ခိုက်ရန်အတွက် အီရန်ထုတ် အသေခံမောင်းသူမဲ့လေယာဉ် Shahed-136 ကို ယူကရိန်းတွင် ရုရှားတပ်ဖွဲ့များ ဖြန့်ကြက်ချထားကြောင်း Army Recognition သတင်းဌာနက စက်တင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

Fateh A-110 သည် ရုရှားလုပ်ဒုံးကျည် R-65 FROG ကို အခြေခံ၍ တာတိုပစ်၊ ယာဉ်တင်အစိုင်အခဲ လောင်စာသုံးပဲ့ထိန်းဒုံးကျည်အမျိုးအစားဖြစ်ပြီး အခြားသတင်းရင်းမြစ်များက ၎င်းသည် တရုတ်ထုတ် DF-11 ၏ ပုံစံတူဖြစ်သည်ဟုဆိုကြသည်။ အဆိုပါဒုံးကျည်သည် အီရန်စစ်ဘက်တွင် တာဝန်ထမ်းဆောင်နေသော Scud ဒုံးကျည်စနစ်များစွာကို အစားထိုးရန်ဒီဇိုင်းထုတ်ထားသည်။ အီရန်နိုင်ငံသည် Fateh A-110 ပဲ့ထိန်းဒုံးကျည်ကို ၁၉၉၇ ခုနှစ်တွင် စတင်တီထွင်ခဲ့ပြီး Fateh A-110 ၏ ပထမဆုံးစမ်းသပ်ပျံသန်းမှုကို ၂၀၀၁ ခုနှစ် မေလက ပြုလုပ်ခဲ့သည်။

Fateh A-110 ပဲ့ထိန်းဒုံးကျည်ကို 6×6 ထရပ်ကားပေါ်တွင် တပ်ဆင်ထားသည်။ Fateh A-110B ၏ နောက်ဆုံးမျိုးဆက်ဒုံးကျည်သည် တိုက်ပွဲဝင်နိုင်သော အကွာအဝေး ကီလိုမီတာ ၂၅၀ ထိရှိပြီး တိကျမှုမှာ မီတာ ၂၅၀ သာရှိသည်။

Zolfaghar သည် အီရန်ထုတ်ယာဉ်တင်၊ Single-stage အစိုင်အခဲလောင်စာသုံးတာတိုပစ်ပဲ့ထိန်းဒုံးကျည် SRBM (Short-Range Ballistic Missile) အမျိုးအစားပင်ဖြစ်သည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် အီရန်စစ်ရေးပြအခမ်းအနားတစ်ခုအတွင်း ထုတ်ဖော်ပြသခဲ့သည်။ အီရန်စစ်ဘက် သတင်းရင်းမြစ်များအရ Zolfaghar ဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၇၀၀ ထိ တိုက်ခိုက်နိုင်စွမ်းရှိသည်ဟု ဆိုသည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် အီရန်နိုင်ငံသည် ကီလိုမီတာ ၁၀၀၀ အကွာအဝေးရှိသော Dezful missile ဟု အမည်ပေးထားသည့် Zolfaghar ဒုံးကျည်၏ တာဝေးပစ်ဗားရှင်းအသစ်ကို ထုတ်ဖော်ပြသခဲ့သည်။



**Iran plans to deliver Russia with Fateh-110 and Zolfaghar ballistic missiles ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းအတွက် Starlink ဝန်ဆောင်မှုကို ဆက်လက်ပေးအပ်သွားမည်ဟု Elon Musk ပြောကြား



အမေရိကန်နိုင်ငံ Space X အမှုဆောင်အရာရှိချုပ် Elon Musk က ယူကရိန်းနိုင်ငံ၏တပ်ဖွဲ့များ တက်ကြွစွာအသုံးပြုနေသည့် Starlink ဂြိုဟ်တုဆက်သွယ်ရေးဝန်ဆောင်မှုကို အသုံးပြုမှုတွင် ရန်ပုံငွေထောက်ပံ့မှုကို ရပ်တန့်ရန် သူ၏ဆုံးဖြတ်ချက်ကို ရုတ်တရက်ပြောင်းလဲခဲ့ပြီး ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစောပိုင်းတွင် SpaceX က လာမည့်နှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ထိ ပမာဏရှိနိုင်သည့် ယူကရိန်းအတွက် အင်တာနက်ဝန်ဆောင်မှုကုန်ကျစရိတ်ကို ကာမိစေရန် ပင်တဂွန်အား တောင်းဆိုခဲ့ကြောင်း၊ Starlink သည် ငွေကြေးပိုင်းဆိုင်ရာ ဆုံးရှုံးမှုများရှိနေပြီး အခြားကုမ္ပဏီများက အခွန်ထမ်းဒေါ်လာ ဘီလီယံနှင့်ချီ၍ရနေသော်လည်း ကျွန်ုပ်တို့သည် ယူကရိန်းအစိုးရကို အခမဲ့ဆက်လက် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း Elon Musk က အောက်တိုဘာ ၁၅ ရက်က တွစ်တာတွင် ရေးသားခဲ့ကြောင်း သိရသည်။

စွန့်ဦးတီထွင်သူ Elon Musk က ရွေ့တန်းစစ်မျက်နှာစာ ဆက်သွယ်ရေးကို ထိန်းသိမ်းရန်မှာခက်ခဲပြီး ကုန်ကျစရိတ်ကြီးမားကြောင်း တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။ ရုရှားသည် Starlink ကိုဖျက်ဆီးရန် တက်ကြွစွာကြိုးပမ်းနေပြီး ဝန်ဆောင်မှုများကို ဆိုက်ဘာတိုက်ခိုက်မှုများနှင့် နှောင့်ယှက်ခြင်းများမှ ကာကွယ်ရန် ကုမ္ပဏီကို တစ်လလျှင် ဒေါ်လာသန်း ၂၀ သုံးစွဲနေရကြောင်း ထည့်သွင်းပြောကြားသွားခဲ့သည်။

အောက်တိုဘာ ၁၃ ရက်တွင် Elon Musk က လက်ရှိဆက်သွယ်ရေးစနစ်များကို အချိန်အကန့်အသတ်မရှိအသုံးပြုနိုင်ရန်အတွက် ရန်ပုံငွေတစ်ရပ်ထူထောင်ရန် ယူကရိန်းသို့ ဆက်သွယ်ရေးကွန်ရက်စနစ်များ ထပ်မံလှူဒါန်းနိုင်သည့်အနေအထားတွင်မရှိကြောင်း၊ ပင်တဂွန်ထံ အသိပေးသည့် စာတစ်စောင်ကို CNN သတင်းဌာနက လက်ခံရရှိခဲ့သည်။

SpaceX သည် ဖေဖော်ဝါရီနှောင်းပိုင်းတွင် ရုရှားနှင့် ပဋိပက္ခဖြစ်ပွားချိန်မှစ၍ ယူကရိန်းသို့ Starlink ဂြိုဟ်တုအလုံးရေ ၂၀၀၀၀ ခန့်လှူဒါန်းခဲ့ပြီး တိုက်ပွဲများဖြစ်ပွားရာနေရာများထိ အင်တာနက်အသုံးပြုခွင့်ကိုရရှိစေခဲ့သည်။ Starlink ဂြိုဟ်တုဝန်ဆောင်မှုများမရှိပါက ထိုသို့စွမ်းဆောင်ရည်ရရှိနိုင်မည်မဟုတ်ပေ။

ယူကရိန်းနိုင်ငံက ဂြိုဟ်တုများကို အရေးပါသော အခြေခံအဆောက်အအုံ၏ မရှိမဖြစ်အစိတ်အပိုင်းအဖြစ် ချီးကျူးခဲ့ပြီး SpaceX အား နောက်ထပ်ထောင်ပေါင်းများစွာပေးပို့ပေးသွားရန်တိုက်တွန်းခဲ့သည်။

**Musk makes U-turn on Starlink for Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# As the strength of a nation lies within, efforts must be exerted for socio-economic progress by encouraging domestic production



Senior General Min Aung Hlaing meets MSME entrepreneurs in Mawlamyine.

**Nay Pyi Taw October 18**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing met MSME entrepreneurs from Mon State at the state hall in Mawlamyine this morning to discuss regional economic progress.

Also present at the meeting together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, Union ministers U Win Shein, Dr Kan Zaw, U Tin Htut Oo, U Hla Moe, Dr Charlie Than and U Aung Naing Oo, Mon State Chief Minister U Zaw Lin Tun, Chief of General Staff (Army, Navy and Air) General Maung Maung Aye, senior military officers from the Office of Commander-in-Chief, South-East Command commander and officials and state government members.

**Functioning of MSMEs in the state and individual discussions of needs for greater progress**

The state chief minister reported on the running of MSMEs in Mon State, functioning of industrial zones and industries inside them and tasks to be continued.

Mon State Commerce and Industry Association Chairman U Win Htein, State Rice Millers Association Chairman U Khaing Oo, U Han Tun Zaw representing State Rubber Growers Association, State Fisheries Association Chairman U Myint Soe, Mawlamyine Zone Hoteliers Association Chairman U Chan Tun and others in attendance reported on necessary assistance for rubber industry development, replacement of fuel run with solar power in doing salt business, necessary State assistance for producing quality salt for export, the need for implementing river-water pumping projects for irrigation purposes, production of value-added rubber products from Mon State and other regions for export, the need for loan capitals and disbursements for livestock breeding, measures being taken for regional tourism boosting, the need for availability of construction materials at fair prices, the need for low-interest loans for entrepreneurs in Mawlamyine Industrial Zone, the need for availability of raw materials for iron foundries at fair prices, the need for loan capitals for weaving businesses and the need for raw minerals for mineral production businesses.



Senior General Min Aung Hlaing hears report on local made tires.

**Sector-wise discussions**

Union Ministers from respective ministries discussed work implementation of respective ministries,



Senior General Min Aung Hlaing inspects displays at the exhibition.

greater efforts for greater economic progress as Mon State has good prospects for industries and services, necessary assistance to be rendered by respective ministries, occasional State disbursements of loans with low interest rates, coordinated measures for approval of loans in accord with the requirements, the need for businesspeople to settle their debts within the prescribed period as the State will be able to circulate and cover spending only if its debts are settled, providing of assistance after forming co-operative syndicates for thee rural people to improve their income and rural development, measures to fulfil the needs of farmers through contract farming system after forming cooperative associations for successful implementation of agricultural activities and measures for acquiring industrial technologies and export industry development.

**Sound economic mechanism will facilitate political and defence powers**

Speaking on the occasion, the Senior General said a country requires sound economic mechanism as well as political and defence powers. If economic mechanism is sound, political and defence powers will be strong as well, thereby paving the way for the State to be powerful. In the world there are some countries which are economically strong as they exercise multi-party democracy while some others are also economically powerful despite practicing other political systems. Thanks to natural resources and cash reserves, some countries are able to promote their defence capabilities. Even economically strong countries may experience unrest and chaos due to their political problems, and public dissatisfaction towards governments could surface. Rising public needs may lead to public unrest. In our country also, economic decline led to commotions related to rice and paddy. The 1988 uprising also emerged due to economic crisis and different political ideologies. This is why sound economy is crucial for political stability.

*See Page 14*

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends Certificate presentation ceremony and dinner in honour of 23rd Myanmar Traditional Cultural Performing Arts Competitions



Senior General Min Aung Hlaing delivers address at the ceremony.

**Nay Pyi Taw October 18**

Certificate presentation ceremony and dinner in honour of 23rd Myanmar Traditional Cultural Performing Arts Competitions were held at Myanmar International Convention Centre 2 here this evening attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Daw Kyu Kyu Hla, wife of the Senior General, SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, SAC members and their wives, Union ministers and their wives, Union level officials, the Nay Pyi Taw Council chairman, senior military officers and their wives, the Nay Pyi Taw Command commander, deputy ministers, officials of Leading Organizing Committee on the 23rd Myanmar Traditional Cultural Performing Arts Competitions, work committee and subcommittees, ministry-wise support groups, judges, managers, instructors and officials and contestants of regions and states.

In his address the Senior General said since its taking over of State duties, SAC has left no stone unturned in ensuring safety, rule of law, national unity and national economic progress and looking into the requirements of all other sectors. It will continue to shoulder the task.

The State has adopted the objectives – To respect and promote the customs and traditions of all National peoplesand preserve and safeguard their cultural heritage and national characteristics; and To ensure a strong and dynamic Union spirit, the genuine spirit of patriotism – in building a peaceful and modern nation. Hence, it reorganized the long-awaited competitions to uplift national prestige and image, to preserve and promote cultural heritage and national characteristics, to vitalize the spirit to love and country and Union and to enable the cultural sector to play a supporting role in restoring perpetual peace.




Senior General Min Aung Hlaing greets a recipient.




Senior General Min Aung Hlaing presents certificate of honour to a recipient.




Vice-Senior General Soe Win presents certificate of honour to a recipient.

Collective efforts of all national people is required in ensuring national peace and development, effectively using natural resources, preserving the cultural heritage and national characteristics, which have a long history.

Regardless of age and gender, broader knowledge, skill, experience and goodwill of intellectuals and intelligentsia are the most basic resources. Throughout the successive periods of history, the objective "Strength of nation lies within" has proved itself the most rightness and practical insight. So, all have the responsibility for development of nation and people.

The country is a collective home to national races with diverse cultures and customs. Historical records prove the start of mankind, the existence of a diversity of cultures and customs based on geographical conditions, performing arts, crafts and accessories, and evolution of performing arts.

Ethnic literature, culture and performing arts have existed grandly in their own style throughout history. All should make collective efforts to ensure that they stay intact.

The 1996 National Literature Award winning book "The flow of Myanmar music" compiled by the late musician Sandaya U Hla Htut states the existence of a period of classical music in the world and Myanmar. While Padethayazar, a minister and a literati, was composing string music and classical songs around 1700 during the second Inwa period, Bach (1685-1759, a German musician, was composing a choral "God is My King".

In 1725, governor of Hsithe Village U Aung Gyi composed the poem portraying nature of Inwa city whereas England's musician Hindle also composed the water music depicting the bathing of His Majesty King at Thames River.

German musician Mozart composed the opera Magic Flute in 1780 when Letwe Thondra counsellor U Myat San wrote Ratu with the title of at the foot of Meza Hill. In 1800s, German musician Beethoven composed the song "Courageous spirit" on military marching of Napoleon whereas Myawady Mingyi U Sa also composed the song "Thahsan Yagonbwe".

In 1840s, Polish pianist Chopin created the song on nights when West Palace Queen Ma Mya Gale wrote classic song "Chit Tha Hmya Ko" according to the records.

It means that world classic fine arts and classic music have emerged across the world. Contemporarily, classic fine arts, literature and music emerged in Myanmar as well. These classic fine arts have been existent for many years.

In order to preserve these classic fine arts, consideration were expanded for the Performing Arts Competition in all corners for reholding despite suspension for more than five years.

Especially, not only Myanmar but the globe faced outbreak of Covid-19 which should be noticed for high infectious rate. ***See Page 14***

*From Page 12*

**Priority is given to domestic manufacturing based on agriculture and livestock breeding**

Having favorable circumstances, our country can achieve economic progress. As the strength of the country lies within the country, priority is given to agriculture and livestock breeding tasks. The government is striving for the economic growth of the country and as agriculture and livestock breeding are the main industries of the country, it is sure that businesses based on these sectors will achieve success. Although commodity prices have increased due to COVIF-19, there was no shortage of food in the country as it is a country of agriculture and livestock breeding.

Even in developed countries, MSMEs make up about 90 percent of the economy and as they play the most important role in domestic manufacturing, it is of great benefit for the country by promoting them. Manufacturing goods necessary for the country domestically can solve the high prices of commodities. Therefore, the development of MSMEs is being encouraged. MSMEs include manufacturing, trading, services and others and the government is promoting the manufacturing sector. The gap between the demand and supply and shortages of goods lead to high commodity prices. Exerting sufficient efforts for domestic production can balance the supply and demand and reduce the prices of commodities. Therefore, it is necessary to make goods needed in the country at reasonable prices. Manufacturing import substitute quality products at home and exporting them will strengthen the economy.

**Agricultural and livestock breeding products and raw material resources must be exploited beneficially**

In manufacturing, local raw materials must be mainly used and it is beneficial when raw materials from local agriculture and livestock breeding farms and resources above and under the ground.

In Mon State, there are many agricultural activities like cultivation of paddy, plantations of other crops, oil crops and industrial crops like rubber cultivation. It is necessary to manufacture products based on agriculture. It is important to grow high quality and yield varieties in the country. Although various varieties of paddy are grown in the country, it is necessary to grow quality varieties and reduce the number of paddy varieties. As the paddy yields in the Mon State are lower than the target, efforts should be made to boost the yields. When yields can be boosted, crops can be exported to other countries.

It is necessary to expand the production of agricultural products in Mawlamyine and to boost the yields of rubber. As there are cattle and livestock breeding farms in Mon State, leather can be produced in the state. Shoes can be produced from leather and distributed to markets throughout the entire country. It is beneficial for the country if tyres for motorcycles and vehicles can be produced and the government is ready to provide assistance. Although there was a sea port in Mawlamyine, it cannot be used due to various reasons. Measures are being taken to build a sea port in Mawlamyine. Similarly, the government is trying to build an international airport in Mawlamyine. It is an effort to attract tourist arrivals to Mawlamyine and facilitate the flow of goods in the future.

Mon State is abundant in wood and bamboo. As the country needs papers, she has to import it. Pulp can be produced and bamboo-based industries can be carried out by growing trees and bamboo. The government is ready to issue permits to grow trees and bamboo on virgin land in accordance with rules and regulations. Similarly, agricultural farms must be preserved and fruit plantations should apply modern techniques instead of traditional techniques to cultivate quality varieties. If the crops meet quality and are better packaged, they will attract more people, thus demand for them will grow and manufacturing businesses can be established from crops.

**Reduction of fuel consumption and electricity security**

Raw materials, fuel and electricity is required in carrying out commodity production enterprises. Despite implementing hydrological power projects, the projects were suspended due to various reasons. So, there has been the electricity demand and on the other hand, there was a rise in prices of fuel and gas. Currently, tasks are being taken to generate solar power. In Mon State, generating solar power could be carried out for a period. If factories use solar power, costs will be cheap. Therefore, it is to make efforts to be able to generate solar power. In some countries, electric vehicles are used in public transport to save fuel oil. We are making efforts to apply a public transport system with the use of electricity in the country. As fuel oil for daily consumption of vehicles and motorcycles is imported, there has been expenditure of foreign exchange. Therefore, efforts are being made with the aim of implementing an electric public transport system to save fuel oil. Doing so is helpful to ensuring lesser expenditure for fuel oil and will be of much benefit to the State.

**Encouragement for domestic commodity production industry**

As there was no encouragement for domestic commodity production in the past but consumption of imports, requirements have arisen domestically. We are taking measures to reduce the volume of imports with the use of basic goods and foodstuff produced locally. Doing so is because of foreign exchange deficit over imports. Similarly, encouragement is being given to ensuring progress in production of adequate foodstuff and personal goods. Due to the control over imports, domestic industries have become strong and there have been plenty of job opportunities as well. Despite the difficulties in manufacturing cement due to higher overhead costs, lack of raw materials, not enough fuel and energy, and requirement of technology in the past, now we have taken measures to resume operation of businesses. Although the economy has been slow in our country since about 2018/2019, there has been a stable recovery in the nation's economy.

**Benefits must be made to region and nation through developing good human resources**

It is necessary to have good human resources to operate enterprises. We are making efforts to ensure improvement of qualification in education. Mon State is a region encouraging education and the first in matriculation exam came out in this state. I like to express my congratulations on this. Technical, agricultural and livestock farming high schools will be opened in districts for those who have passed the KG+9 Grade. After the schools, there will be chances to join institutes and universities. Through such education, good human resources will come out in respective fields. The State is encouraging education and on the other hand, the parents need to encourage their children's education.

The State-sponsored graduates need to serve the country back. It is necessary for them to discharge duties for the country as well as the people. Therefore, encouragement is given by us to education and all the schools have been reopened. Entrepreneurs are to conduct academic-wise courses concerned to promote human resources.

**Tourism industry sector**

Regarding the tourism industry, it is seen that the tourism industry is encouraged internationally. Mon State is a pleasant, beautiful region. It is necessary for all to cooperate in ensuring and conserving smooth flow of drainage system, pleasant and beautiful city and clean and beautiful environment. Enforcement is required to follow vehicles and traffic rules. Only if a pleasant, beautiful environment is created, will travellers be attracted. Good, clean local food will be attractive to travellers.

**Discipline brings progress**

Some EAOs are partaking in illegal trade which causes losses for the State. The country's border trade statistics shows a nearly 50% gap when compared with statistics of neighbouring countries. It is due to the existence of illegal trade. The government is doing all it can to curb illegal trade. Officials should prevent the illegal trade of unlicensed vehicles. The gates to search illegal goods, drugs and arms should solve the problem of travel delays. The nation cannot achieve progress through any undisciplined act. Hence, public involvement is required in solving the problem.

The Senior General cordially greeted members of MSMEs. He then visited the exhibition with keen interest and asked for more information. Entrepreneurs presented reports on the products. 100

---

*From Page 13*

As such, the competition was held in line withthe health protocols of the Covid-19 with preventive measures.

During the outbreak of pandemic, eminent artistes lost their lives. Many remaining artistes are at the age of taking care for health conditions and aging. But, artistes uphold the concept that if mentality is young, physical nature will be young. As such, whenever they are in touch of fine arts works and share their knowledge with others, it will be a move for ensuring longevity for them. As such, the competition was held with the consideration in all aspects.

Myanmar has been dubbing the fine arts works as great classic music in successive eras. The committee formed with maestros scrutinized the texts and melodies of songs in 1953 not to cause differences and set them as the norms of the State. In so doing, six portions of recording the work process such as text, sound, tune, filling music, repeating and singing. Most of the portions are concerned with the playing music.

Playing the song comprises singing and playing music. As such, the committee set norms for 169 classic songs as part of preserving the noble cultural heritages.

With regard to singing, the origin of making sound differentiates the singing styles of classic songs and modern songs formed with long and short stenzas of sounds.

Likewise, dancing is based on postures of head, waist, leg and hand in melodies. Myanmar's dancing "single dancing" shows off a norm of politeness, tender and pleasantness in various styles of postures.

It proves traditional culture and customs of Myanmar based on paying respects to each other. Currently, maestros may notice that young dancers rely on activeness and other postures.

Moreover, the song composing event was involved in the competition so as to show off norms and standards of composing the songs. Today's 23rd competition was successfully completed thanks to concerted efforts of all officials and maestros who assessed the competitions in line with the prescribed disciplines and marking system which were set in 1993.

As special event Ramayana Drama, narration, marionette, folk dances, Mon traditional dances and Myanmar dances without poems were also involved in the competition as part of uplifting the prestige and integrity of Myanmar. Hence, the Senior General recognized the success of the competition, and urged all to make utmost efforts for gaining greater success in the competitions in coming years.

As the new generation, with the successes gained from this big competition, we must continue to preserve the national characteristics without losing them. The regions and states that participated in the competition together should continue to strive to strengthen the friendship between ethnic groups. From the culture and customs to the country and the citizens, we must continue to carry forward the strong spirit of patriotism and the spirit of union. As veteran artists and senior evaluators, he would like to earnestly appeal to them to take special care of their personal health, so that they can pass on the fine arts skills they have learned over the years to the younger generations.

After that, the Senior General presented certificates of honour to chairperson Daw Thin Thin Myat on behalf of the Vocal Evaluation Working Group, Chairman U Aung Tin Win on behalf of the Dance Evaluation Working Group, U Min Yu, Secretary on behalf of the Composing Evaluation Working Group, and U Aung Kane, Chairman on behalf of the Instrumental Evaluation Working Group. Vice-Senior General Soe Win, Patron of the Leading Committee of the competition Deputy Prime Minister also presented certificates of appreciation to the administrators and master of ceremonies from the regions and states.

After that, evaluation expert Myin Mu Maung Naing Moe said thank you words.

After that, the Senior General and those who attended the ceremony had a celebratory dinner together.

Before and during dinner, artists from the Department of Arts, Ministry of Health and Culture sang songs, dance and perform.

The 23rd Myanmar traditional cultural performing arts competition is held with four objectives: to honour national pride and cultural heritage and to preserve national characteristics, to preserve and promote ethnic traditional cultural art heritage and national cultural characteristics, to further develop the spirit of love for the motherland, to identify and preserve traditional cultural arts and be able to pass them on to the young generation, and to support the cultural sector in bringing about eternal peace. It is reported that 1,838 artists from various regions and states participated in the event. 100

# SAC Vice-Chairman Deputy Prime Minister Vice-Senior General Soe Win attends prize-giving ceremony of 23rd Myanmar Traditional Performing Arts Competition



Vice-Senior General Soe Win addresses the prize-presentation ceremony.

**Nay Pyi Taw October 18**

State Administration Council Vice-Chairman Deputy Prime Minister Vice-Senior General Soe Win, in his capacity as the patron of the leading committee on organizing the competition, addressed the prize-giving ceremony of the 23rd Myanmar Traditional Performing Arts Competition held at the Conference Hall of Myanmar International Convention Centre-2 yesterday morning.

In his address, the Deputy Prime Minister said that the State Administration Council had to make considerable efforts to be able to hold the competition successfully after a five-year hiatus and that it was due to the cooperation of responsible personnel of the leading committee, working committees, sub-committees and regional and state governments, members of the penal of judges and instructors.

He said that he was glad and proud of the contestants from regions and states who won the prizes individually or in groups and that he also appreciated the efforts of the contestants who did not win any prizes.

He continued to say that the purpose of holding the competition was to preserve the traditional cultures of national brethren living in the country and hand them down to future generations. Nowadays, there are fewer and fewer people who can appreciate classical and country songs but it is heartening to note that some artistes post these songs on social media and it is important for all of us to prevent traditions and cultures of national peoples for extinction he added.

He went on to say that the teachings of the Buddha are still in existence because of strong belief and constant practice of the people who hand these teachings down to the younger generations. In the same way, we will have to try to preserve our good and valuable customs, traditions, arts and cultures of our daily social life.

Finally, the Deputy Prime Minister expressed his thanks to all those concerned for the success of the competition, including responsible personnel of the leading committee, working committees, region- and state-level organizing committees, members of the penal of judges and all the enthusiastic youths who took part in the competition. He also expressed his belief that such a national-level performing arts competitions will turn out outstanding and promising artistes who will preserve traditional cultural heritage.

Then, the Deputy Prime Minister gave away the prizes of honour to the cultural troupes of various indigenous peoples from the regions and states.

The prize-giving ceremony was also attended by members of the State Administration Council, the Union Chief Justice, the Chairman of the Union Election Commission, Union Ministers, Union-level officials, Supreme Court Judges, members of the Constitutional Tribunal, UEC members, deputy ministers and members of the Union Civil Service Board. 100





Vice-Senior General Soe Win presents award to a winner.





Vice-Senior General Soe Win presents award to a winner.

# Paris shocked by murder of Lola, 12, found in box

**Paris October 18**

Parisians have been stunned by the shocking murder of a 12-year-old schoolgirl whose body was found on Friday in a container in the courtyard of her apartment building.

The girl, named Lola, had spent the day normally at school.

Her father raised the alert when she failed to return home in the afternoon.

Later in the evening, a transparent plastic packing box containing her body was found at the foot of the building in the 19th arrondissement.

Lola's father is employed as a concierge in the residential block. Her body was found squashed inside the container, hidden by a covering of material.

Her hands and feet were tied and she was reported to have a gash on her neck, though the autopsy this weekend found she had died of asphyxiation. Two Post-it notes were also on her feet, one saying "0" and the other "1".

Early on Saturday, police arrested the main suspect in the killing - a 24-year-old Algerian-born woman named in the press as Dahbia B.

The woman was identifiable on a security video taken at the apartment building, in which she was seen entering the main door on Friday afternoon in the company of Lola.

Later she was seen leaving the building pulling a container and then acting incoherently on the street. One eyewitness said she asked for help in return for money from an "organ-trafficking affair".

However, police said they did not believe this was a serious lead. Their most plausible theory is that Dahbia B, who has no fixed abode, is psychologically unstable and that her act was "gratuitous".

BBC

စာမျက်နှာ ၁၈ မှအဆက်

ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ကာလရှည်ကြာကျင်းပခဲ့သည့် ပြိုင်ပွဲကြီးတစ်လျှောက် မြန်မာတို့၏ အဆင့်အတန်းမြင့်မားလှသည့် အနုသုခုမပညာရပ်များ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများကို မျိုးဆက်သစ်လူငယ်လူရွယ်၊ တိုင်းရင်းသားညီနောင်များအတွက် ပညာအမွေပေးရန် ပြင်းပြသည့်စိတ်စေတနာအပြည့်အဝဖြင့် မိမိတို့၏အသက်အရွယ်နှင့် ကျန်းမာရေးကိုပင် လျစ်လျူရှုပြီး ပြိုင်ပွဲဝင်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေးကြသည့် အကဲဖြတ်ဒိုင်လူကြီးများအပါအဝင် ပြိုင်ပွဲအားလုံး၌ စိတ်ရောကိုယ်ပါနှစ်ပြီး အတီးပြိုင်ပွဲမှ အနာဂတ်နိုင်ငံတော်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းကြမည့် မျိုးဆက်သစ်ထူးချွန်သည့် အနုပညာရှင်မြောက်မြားစွာ ပေါ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း။

ကျင်းပပြီးစီးခဲ့သည့် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အကြောင်းပြု၍ ရရှိခဲ့သောအောင်မြင်မှုဆုတံဆိပ်များ၊ ပြိုင်ပွဲကာလအတွင်း တွေ့ကြုံရင်းနှီးခဲ့ရသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် အပြန်အလှန် ချစ်ကြည်ခိုင်မြဲခဲ့ရသော မေတ္တာတရားများကိုအခြေခံ၍ မိမိတို့နေရပ်ဒေသများသို့ပြန်လည်ရောက်ရှိကြသည့်အခါ နိုင်ငံ့အကျိုးနှင့် တိုင်းရင်းသားညီအစ်ကို

# တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ဆုအသီးသီးရယူနိုင်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များကို ဂုဏ်ယူဝမ်းမြောက်ကြောင်းကို ပြောကြားလို၊ ဆုမရရှိသော်လည်း ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များကို မြတ်မြတ်နိုးနိုးယှဉ်ပြိုင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၏ ကြိုးစားအားထုတ်မှုကိုလည်း တန်ဖိုးထားအသိအမှတ်ပြု . . .

မောင်နှမများဖြစ်ကြသည့် နိုင်ငံသူ၊ နိုင်ငံသားများ၏အကျိုးကို သက်ဆိုင်ရာလုပ်ငန်းခွင်၊ စာသင်ခန်းများမှတစ်ဆင့် ဆတက်ထမ်းပိုး သယ်ပိုးနိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ဆုများပေးအပ်ချီးမြှင့်ရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာ ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များက မဟာဂီတတေးသီချင်းအဆိုပြိုင်ပွဲ၊ ကာလပေါ်တေးသီချင်းအဆိုပြိုင်ပွဲ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲတို့တွင် ဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အဆင့်မြင့်ပညာအဆင့် (အမျိုးသား) **"အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး"** တေးသီချင်းအဆိုပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးမှ မောင်စွမ်းရည်ထက်က ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များက အကပြိုင်ပွဲ၊ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ၊ ကွက်စိပ်ပြိုင်ပွဲ၊ ရာမာယဏဇာတ်တော်ကြီးပြိုင်ပွဲ၊ မြန်မာအက အခြေခံကဗျာလွတ်အကပြိုင်ပွဲတို့တွင် ဆုရရှိသူများနှင့် အကဖွဲ့၊ လှိုင်လ၊ ဝီရိယ အားမာန်အပြည့်အဝဖြင့် ပြိုင်ပွဲဝင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ချစ်ကြည်ရင်းနှီးအပ်သောတိုင်းရင်းသားညီနောင် လူငယ်လူရွယ်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ထို့ပြင် ပြိုင်ပွဲကာလတစ်လျှောက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်းသူ၊ အသင်းသားများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများအားလုံးကလည်း အဆင့်ရှိရှိ အပြိုင်အဆိုင်ကြိုးကြိုးစားစား ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်ကို ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ ပုံပိုးဆိုင်းအဖွဲ့ ဆုရရှိသူများ၊ ဆို ငို ပြောထူးချွန်ဆု၊ ဇာတ်ပို့ဆိုင်းထူးချွန်ဆု၊ ဇာတ်ညွှန်းထူးချွန်ဆု၊ ဒါရိုက်တာထူးချွန်ဆုရရှိသူများကိုဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ကဗျာလွတ်အကပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ကရင်ပြည်နယ်မှ နန်းသဇင်ဒေဇီနှင့် အဖွဲ့က ကပြဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ်က အရေးပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝါသနာရှင်အဆင့်(ပထမတန်း) အရေးပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးမှ ဦးဗိုလ်စိုး ရေးသားသည့် **"ထိန်းသိမ်းရိုလေ ရိုးရာအမွေ"** သီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များက စောင်းအတီးပြိုင်ပွဲ၊ စန္ဒရားအတီးပြိုင်ပွဲ၊ ပတ္တလားအတီးပြိုင်ပွဲ၊ တယောအတီးပြိုင်ပွဲ၊ မယ်ဒလင်အတီးပြိုင်ပွဲ၊ ဂီတာအတီးပြိုင်ပွဲနှင့် ဒုံမင်းအတီးပြိုင်ပွဲ၊ ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ၊ ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ၊ နဲပြိုင်ပွဲ၊ ပလွေပြိုင်ပွဲ၊ အိုးစည်ပြိုင်ပွဲ၊ ဒိုးပတ်ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရရှိသော မွန်ပြည်နယ်မှ မချွေးချွေးထက်က တီးခတ်ဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို ၊ အက ၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိမှုများမှာ ရန်ကုန်တိုင်းဒေသကြီးက ၁၂၈ ဆု၊ မန္တလေးတိုင်းဒေသကြီးက ၈၈ ဆု၊ ဧရာဝတီတိုင်းဒေသကြီးက ၅၈ ဆု၊ ပဲခူးတိုင်းဒေသကြီးက ၃၃ ဆု၊ ကရင်ပြည်နယ်က ဆု ၂၀၊ စစ်ကိုင်းတိုင်းဒေသကြီးက ၃၆ ဆု၊ မကွေးတိုင်းဒေသကြီးက ၂၂ ဆု၊ ချင်းပြည်နယ်က ၂၁ ဆု၊ ရခိုင်ပြည်နယ်က ဆု ၂၀၊ တနင်္သာရီတိုင်းဒေသကြီးက ၂၃ ဆု၊ ကယားပြည်နယ်က ၁၀ ဆု၊ မွန်ပြည်နယ်က ၁၅ ဆု၊ ကချင်ပြည်နယ်က ၁၁ ဆုနှင့် ရှမ်းပြည်နယ်က ၁၉ ဆုရရှိခဲ့ကြောင်း သတင်းရရှိသည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"မုံရွာမြို့အတွင်း PDF အမည်ခံအကြမ်းဖက်သမားများ၏ ရမ်းသန်းပစ်ခတ်မှုကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိပြီး အမျိုးသား နှစ်ဦးသေဆုံး"** ခေါင်းစဉ်ဖြင့် ၁၉-၁၀-၂၀၂၂ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ကျိုက်ထီးရိုး ဆံတော်ရှင် ဓေတီတော်မြတ်ကြီး ကင်မွန်းချောင်းတောင်တက်ကားဂိတ်အား KNLA တပ်မဟာ(၁)နှင့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးသည့်ဖြစ်စဉ်"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၀ | ၂၀၁၅ | ၂၀၁၀ | ၁၉၈၀ | ၂၀၁၅ | ၂၀၃၅ | ၂၀၂၅ | ၂၀၀၀ | ၂၀၉၅ | ၂၁၀၀ | ၂၀၀၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၅ | ၂၂၇၅ | ၂၇၇၀ |
| 95 Ron | ၂၀၄၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၄၅ | ၂၀၈၅ | ၂၁၀၅ | ၂၀၉၀ | ၂၀၇၀ | ၂၁၆၅ | ၂၁၈၀ | ၂၀၇၅ | ၂၀၉၀ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၃၄၀ | ၂၈၅၅ |
| HSD (500 ppm) | ၂၇၀၅ | ၂၇၆၅ | ၂၇၆၀ | ၂၇၂၀ | ၂၇၆၀ | ၂၇၈၀ | ၂၇၈၀ | ၂၇၄၅ | ၂၈၆၀ | ၂၈၅၅ | ၂၇၅၅ | ၂၇၆၀ | ၂၇၉၅ | ၂၈၀၀ | ၂၈၀၀ | ၃၀၂၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၇၉၀ | ၂၈၄၀ | ၂၈၃၅ | ၂၈၀၀ | ၂၈၃၅ | ၂၈၆၀ | ၂၈၅၅ | ၂၈၂၀ | ၂၉၃၅ | ၂၉၃၀ | ၂၈၃၀ | ၂၈၄၀ | ၂၈၇၀ | ၂၈၇၅ | ၂၈၇၅ | ၃၀၉၅ | ၃၅၂၀ |
| HSD (10 ppm) | ၂၇၉၀ | ၂၈၄၀ | ၂၈၃၅ | ၂၈၀၀ | ၂၈၃၅ | ၂၈၆၀ | ၂၈၅၅ | ၂၈၂၀ | ၂၉၃၅ | ၂၉၃၀ | ၂၈၃၀ | ၂၈၄၀ | ၂၈၇၀ | ၂၈၇၅ | ၂၈၇၅ | ၃၀၉၅ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၂ | ၁၉၄၃ |
| 95 Ron | ၁၉၃၉ | ၂၀၁၁ |
| HSD (500 ppm) | ၂၅၉၈ | ၂၆၈၀ |
| HSD (50 ppm) | ၂၆၆၉ | ၂၇၅၂ |
| HSD (10 ppm) | ၂၆၆၉ | ၂၇၅၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆
၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဒေသရိုးရာလက်မှုထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။

☆ ကျောဖုံးမှအဆက်

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ မွန်ပြည်နယ်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ပြည်နယ်အတွင်း MSME လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တစ်ဦးချင်း တင်ပြဆွေးနွေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ပြည်နယ်အတွင်းရှိ စက်မှုဇုန်များနှင့် စက်မှုဇုန်အတွင်းရှိ စက်မှုလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းထိန်၊ ပြည်နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခိုင်ဦး၊ ပြည်နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းကိုယ်စား ဦးဟန်ထွန်းဇော်၊ ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်စိုး၊ မော်လမြိုင်ဇုန် ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးချန်ထွန်းနှင့် တက်ရောက်လာကြသူများက ရော်ဘာလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးစေလိုမှု၊ ဆားလုပ်ငန်းဆောင်ရွက်ရာတွင် စက်မောင်းဆီသုံးစွဲမှုများ လျှော့ချနိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဖြင့် အစားထိုးသုံးစွဲနိုင်ရေး၊ ပြည်နယ်မှထွက်ရှိသည့်ဆားကို ပြည်ပသို့တင်ပို့နိုင်ရေးနှင့် ပြည်တွင်း၌ အဆင့်မြင့်ဆားများ ထုတ်လုပ်နိုင်ရေး နိုင်ငံတော်က လိုအပ်သည်များ ကူညီပံ့ပိုးပေးစေလိုမှု၊ စိုက်ပျိုးရေးလုပ်ငန်းအတွက်လိုအပ်သည့် ရေလုံလောက်စွာရရှိရေး မြစ်ရေတင်စီမံကိန်း ဆောင်ရွက်ပေးစေလိုမှု၊ ရော်ဘာထွက်ဒေသများနှင့် မွန်ပြည်နယ်မှထွက်ရှိသည့် ရော်ဘာထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန်အတွက် အရည်အသွေးမြင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်နေမှု၊ ငါးမွေးမြူရေးလုပ်ငန်းများအတွက် အရင်းမပျောက်မတည်ငွေများ လိုအပ်လျက်ရှိမှု၊ ဒေသတွင်း ခရီးသွားလုပ်ငန်းများ တိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ရရှိရန်လိုအပ်မှု၊ မော်လမြိုင်စက်မှုဇုန်ရှိ လုပ်ငန်းရှင်များအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေများရရှိလိုမှု၊ သံရည်ကျိုလုပ်ငန်းများအတွက် လိုအပ်သည့်ကုန်ကြမ်းများကို ဈေးနှုန်းသက်သာစွာဖြင့်ရရှိလိုမှု၊ ရက်ကန်းလုပ်ငန်းများအတွက် မတည်ချေးငွေများ လိုအပ်လျက်ရှိမှု၊ သတ္တုထုတ်လုပ်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းသတ္တုများ လိုအပ်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးပေးကြပြီး ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ မွန်ပြည်နယ်အနေဖြင့် စက်မှုလက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့တွင် အောင်မြင်စွာလုပ်ဆောင်နိုင်မည့် အခြေအနေများစွာရှိသည့်အတွက် ယခုထက် ဒေသတွင်းစီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်စေလိုမှုနှင့် လိုအပ်သည်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ အကူအညီရယူဆောင်ရွက်နိုင်မှု၊ စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံတော်က ချေးငွေများကို ကာလအပိုင်းအခြားအလိုက် အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး တင်ပြချက်များတွင်ပါဝင်သည့် ချေးငွေရယူလိုမှုအပေါ် သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများ၊ ချေးငွေများ ပြန်လည်ရရှိမှသာလျှင် နိုင်ငံတော်၏ လည်ပတ်သုံးစွဲငွေများ ပြန်လည်ရရှိမည်ဖြစ်ပြီး စီးပွားရေးကဏ္ဍသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ရယူထားသည့် ချေးငွေများကို သတ်မှတ်ကာလအတွင်း အချိန်မီပြန်လည်ပေးဆပ်ရန်လိုအပ်မှု၊ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေးနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအစုအဖွဲ့များ ဖွဲ့စည်း၍ လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်း၍ Contract Farming စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးကာ စိုက်ပျိုးရေးတောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စက်မှုနည်းပညာများနှင့်ပတ်သက်၍ နည်းပညာလိုအပ်ချက်များ ရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ပို့ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု စသည်တို့နှင့်ပတ်သက်၍ အသီးသီးပြန်လည်ဆွေးနွေး ပြောကြားကြသည်။

**စီးပွားရေးမောင်းနှင်အားကောင်းမွန်ပါက နိုင်ငံရေးနှင့် ကာကွယ်ရေးစွမ်းအားများ သည်လည်း ကောင်းမွန်လာမည်ဖြစ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် **နိုင်ငံတစ်ရသည် စီးပွားရေးမောင်းနှင်အား၊ နိုင်ငံရေးအားနှင့် ကာကွယ်ရေးစွမ်းအား ကောင်းရန်လို**ကြောင်း၊ **စီးပွားရေးမောင်းနှင်အားကောင်းမွန်ပါက နိုင်ငံရေးနှင့် ကာကွယ်ရေးစွမ်းအားများသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး အင်အားကောင်းသည့် နိုင်ငံတစ်ရဖြစ်လာမည်**ဖြစ်ကြောင်း၊ **ကမ္ဘာပေါ်တွင် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးပြီး စီးပွားရေးအားကောင်းသည့် နိုင်ငံများရှိသကဲ့သို့ အခြားနိုင်ငံရေးစနစ်များကို ကျင့်သုံး၍ စီးပွားရေးအားကောင်းလျက်ရှိသည့် နိုင်ငံများလည်းရှိ**ကြောင်း၊ နိုင်ငံအတွင်းရှိ သယံဇာတပစ္စည်းများနှင့် အရန်ငွေများရှိခြင်းကြောင့် ကာကွယ်ရေးစွမ်းပကားများကို မြှင့်တင်ဆောင်ရွက်ကြသည်များလည်းရှိကြကြောင်း၊ စီးပွားရေးအားကောင်းသည့် နိုင်ငံများတွင်ပင် နိုင်ငံရေးပြဿနာများကြောင့် ဆူပူမှုများ ဖြစ်ပေါ်နိုင်ပြီး အစိုးရအပေါ်တွင် မကျေနပ်မှုများ ဖြစ်ပေါ်ကြကြောင်း၊ ပြည်သူများတွင် လိုအပ်ချက်များ ဖြစ်ပေါ်လာသည့်အချိန်တွင် တိုင်းပြည်ဆူပူမှုများဖြစ်ပေါ်တတ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ယခင်က စီးပွားရေးကျဆင်းမှုများကြောင့် ဆန်၊ စပါး အရေးအခင်းများဖြစ်ပေါ်၍ ဆူပူမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်တွင်လည်း စီးပွားရေးကျဆင်းမှုနှင့် နိုင်ငံရေးဆိုင်ရာ သဘောထားကွဲလွဲမှုများကြောင့် ဆူပူမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးအရ တည်ငြိမ်ရန်အတွက် စီးပွားရေးကောင်းမွန်ရန် အရေးကြီးကြောင်း။

**စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်**

မိမိတို့နိုင်ငံသည် အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ကြောင်း၊ **တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိသည်ဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်**ကြောင်း၊ မိမိအနေဖြင့် ပြည်တွင်းစီးပွားရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပြီး မိမိတို့နိုင်ငံသည် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အများဆုံးဆောင်ရွက်ကြသည်ဖြစ်သဖြင့် ၎င်းကိုအခြေခံ၍ စီးပွားရေးကိုဆောင်ရွက်ပါက မလွဲမသွေအောင်မြင်မည်ဖြစ်သည်ဟု ယုံကြည်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်ခဲ့သော်လည်း မိမိတို့နိုင်ငံသည် စိုက်ပျိုး၊ မွေးမြူရေးနိုင်ငံဖြစ်သဖြင့် စားသောက်ကုန်များ ပြတ်လပ်မှုမရှိခဲ့ကြောင်း။

**စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် MSME လုပ်ငန်းများသည် စက်မှုကဏ္ဍ၏ဝင်ငွေတွင် ၉၀ ရာခိုင်နှုန်းခန့်ရှိ**ကြောင်း၊ **ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းတွင်လည်း MSME လုပ်ငန်းများသည် အရေးပါဆုံး အစန်းကဏ္ဍတွင်ပါဝင်သဖြင့် အားပေးဆောင်ရွက်ခြင်းသည် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေ**ကြောင်း၊ **ပြည်တွင်း၌ လိုအပ်သည်များကို ပြည်တွင်း၌ထုတ်လုပ်နိုင်ခြင်းဖြင့် ပစ္စည်းဈေးနှုန်းကြီးမြင့်မှုများကို ဖြေရှင်းနိုင်မည်**ဖြစ်ကြောင်း၊ ထို့ကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းတွင် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုနှင့် အခြားလုပ်ငန်းဟူ၍ လေးမျိုးရှိပြီး မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုကို အဓိကထားအားပေးကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတမှု၊ ပစ္စည်းရှားပါးမှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ဖြစ်စေနိုင်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို လုံလောက်စွာဆောင်ရွက်နိုင်မည်ဆိုပါက ဝယ်လိုအားနှင့် ရောင်းလိုအားမျှတလာမည်ဖြစ်သဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျော့ကျလာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းလိုအပ်သည့် ကုန်ပစ္စည်းများ ထိုက်သင့်သည့် ဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ရန်လိုကြောင်း၊ ပြည်ပအစားထိုးသွင်းကုန်များကို မိမိနိုင်ငံအတွင်း၌ အရည်အသွေးမီ ထုတ်လုပ်ခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းများကိုဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းများ ကောင်းမွန်လာမည်ဖြစ်ကြောင်း။

**စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ သယံဇာတကုန်ကြမ်းများကို အကျိုးရှိရှိ အသုံးချနိုင်ရမည်**

ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ပြည်နယ်အတွင်းနှင့် ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကအသုံးပြုနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှထွက်ရှိလာသည့် ကုန်ကြမ်းများ၊ မြေပေါ်မြေအောက်သယံဇာတပစ္စည်းကုန်ကြမ်းများကို အသုံးပြုနိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်း စပါးစိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံမြေများ စိုက်ပျိုးခြင်းနှင့် အခြားဆီထွက်သီးနှံနှင့် ရော်ဘာစသည့် စက်မှုထွက်ကုန်များရှိကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကိုအခြေခံသည့် ထုတ်ကုန်များကို များစွာထုတ်လုပ်နိုင်ရန်လိုကြောင်း၊ **မိမိတို့နိုင်ငံတွင် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့်စပါးမျိုးများ စိုက်ပျိုးနိုင်ရန်လို**ကြောင်း၊ မိမိတို့နိုင်ငံအနှံ့အပြားတွင် စပါးမျိုးကွဲများ များစွာစိုက်ပျိုးကြပြီး မျိုးမှန်မျိုးသန့်ရရန်နှင့် မျိုးကွဲနည်းအောင် စိုက်ပျိုးကြရန်လိုကြောင်း၊ **မွန်ပြည်နယ်အတွင်း စပါးအထွက်နှုန်းမှာ ပန်းတိုင်ရည်မှန်းချက်ထက် နည်းပါးသဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်အောင်**

**စာမျက်နှာ ၂၁ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။

စာမျက်နှာ ၂၀ မှအဆက်

**ကြိုးပမ်း ဆောင်ရွက်ကြစေလို**ကြောင်း၊ **အထွက်နှုန်းများ တိုးတက်ကောင်းမွန်လာမည်ဆိုပါက ဒေသစားသုံးမှု ဖူလုံသည့်အပြင် အခြားဒေသများနှင့် ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်**ကြောင်း။

မော်လမြိုင်ဒေသတွင်း စိုက်ပျိုးရေးထုတ်ကုန်များကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ယခုထက်ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေ လိုကြောင်း၊ **ရော်ဘာစိုက်ပျိုးမှုများတွင်လည်း ရော်ဘာအထွက်နှုန်းများ ယခုထက်တိုးတက်အောင် ဆောင်ရွက်ကြရန်လို**ကြောင်း၊ မွန်ပြည်နယ်အတွင်း ကျွဲနှင့် နွား မွေးမြူမှုများလည်းရှိသဖြင့် အဆိုပါလုပ်ငန်းများမှတစ်ဆင့် သားရေထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ ၎င်းမှ **ဖိနပ်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ တစ်နိုင်ငံလုံး ဈေးကွက်ကို ဖြန့်ဖြူးနိုင်သည်ထိ ရည်မှန်းလုပ်ဆောင်ရန်လို**ကြောင်း၊ **ရော်ဘာလုပ်ငန်းများမှ ပြည်တွင်းလိုအပ်ချက်ရှိသည့် မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်များအတွက် တာယာများ ထုတ်လုပ်နိုင်မည်ဆိုပါက အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်**ကြောင်း၊ **နိုင်ငံတော်ကလည်း လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသွားမည်**ဖြစ်ကြောင်း။

မော်လမြိုင်တွင် ယခင်က ပင်လယ်ဆိပ်ကမ်းရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယခုအသုံးပြုမှုမရှိကြောင်း၊ **မော်လမြိုင်ဒေသတွင် ပင်လယ်ဆိပ်ကမ်းတစ်ခုတည်ဆောက်နိုင်ရေး**အတွက် မိမိတို့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မော်လမြိုင်ဒေသတွင် **အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိ**ကြောင်း၊ နောင်တစ်ချိန်တွင် မော်လမြိုင်ဒေသသို့ ခရီးသွားများဝင်ရောက်မှု ပိုမိုအားကောင်းလာစေရန်နှင့် လေကြောင်းမှ ကုန်စည်စီးဆင်းမှုများကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**မွန်ပြည်နယ်သည် သစ်၊ ဝါး ပေါများသည့် ဒေသဖြစ်**ကြောင်း၊ **မိမိတို့နိုင်ငံတွင် ဇက္ကူများလိုအပ်ချက်ရှိသဖြင့် ပြည်ပမှ တင်သွင်းနေရ**ကြောင်း၊ **သစ်နှင့် ဝါးများကို စိုက်ပျိုး၍ ပျော့ဖတ်ဇက္ကူထုတ်လုပ်ခြင်းနှင့် ဝါးကိုအခြေခံသည့် ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်၍ရ**ကြောင်း၊ မြေလွတ်မြေရိုင်းများပေါ်တွင် သစ်နှင့် ဝါး စိုက်ပျိုးခြင်းများကို အမှန်တကယ် ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်အနေဖြင့် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ အလားတူ လယ်ယာစိုက်ပျိုးမြေများကိုလည်း ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဥယျာဉ်ခြံမြေများကိုလည်း မျိုးဖလာစိုက်ပျိုးခြင်းထက် ခေတ်မီသည့်နည်းပညာများကို အသုံးပြု၍ အသီးအနှံများ အထွက်နှုန်းတိုးတက်ကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင်လည်း အရည်အသွေးကောင်းမွန်မှုနှင့် ထုပ်ပိုးမှုစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက လူများစိတ်ဝင်စားမှုရှိလာပြီး ထုတ်ကုန်များဈေးနှုန်းရရှိ၍ ရောင်းအားများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ဥယျာဉ်ခြံမြေသီးနှံများမှ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း။

**လောင်စာဆီသုံးစွဲမှု လျှော့ချရေးနှင့် လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိရေး**

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကြမ်း၊ လောင်စာဆီ၊ လျှပ်စစ်စွမ်းအားတို့ကို လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်စီမံကိန်းများ များစွာ စီမံဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့ရကြောင်း၊ ထို့ကြောင့် ပြည်တွင်းလျှပ်စစ်ဓာတ်အား လိုအပ်ချက်များရှိသလို တစ်ဖက်မှ လောင်စာဆီနှင့် ဂက်စ်များ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မွန်ပြည်နယ်တွင်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများ ကာလတစ်ခုဆောင်ရွက်၍ ရကြောင်း၊ **စက်ရုံအလုပ်ရုံများအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားများကို အသုံးပြုဆောင်ရွက်မည်ဆိုပါက ကုန်ကျစရိတ်ကို သက်သာစေမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အချို့နိုင်ငံများတွင် စက်သုံးဆီများ ချွေတာရေးအတွက် Electric vehicle လျှပ်စစ်စွမ်းအင်သုံး ယာဉ်များကိုအသုံးပြု၍ အများပြည်သူ သယ်ယူပို့ဆောင်ရေးများကို အသုံးပြုလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံအတွင်း **လျှပ်စစ်ဓာတ်အားအသုံးပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**ကြောင်း၊ နေ့စဉ်အသုံးပြုလျက်ရှိသည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များအတွက် လိုအပ်သည့်လောင်စာဆီများကို ပြည်ပမှ တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေ သုံးစွဲကုန်ကျမှုများရှိကြောင်း၊ ထို့ကြောင့် လောင်စာဆီကို ချွေတာနိုင်သည့် လျှပ်စစ်ဓာတ်အားအသုံးပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မည်ဆိုပါက လောင်စာဆီများအတွက် ကုန်ကျစရိတ်များ များစွာလျော့နည်းသွားမည်ဆိုပါက နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

**ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်**

ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးမှုမရှိခဲ့ဘဲ ပြည်ပမှသာ တင်သွင်းသုံးစွဲခဲ့မှုများကြောင့် ပြည်တွင်း၌ လိုအပ်ချက်များ ဖြစ်ပေါ်ခဲ့ကြောင်း၊ **ပြည်တွင်း၌ထုတ်လုပ်၍ရသည့် အခြေခံသုံးကုန်၊ စားကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းမှုများ လျှော့ချနိုင်ရန်အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိ**ပြီး ထိုသို့ဆောင်ရွက်ခြင်းမှာ ပြည်ပမှ တင်သွင်းမှုများကြောင့် နိုင်ငံခြားလိုငွေများ များစွာ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့်ဖြစ်ကြောင်း၊ အလားတူ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်၍ စားကုန်၊ သောက်ကုန်နှင့် သုံးကုန်များအတွက် လုံလောက်စွာ ထုတ်လုပ်နိုင်ရန် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ **ပြည်ပမှသွင်းကုန်များ ထိန်းချုပ်ပေးမှုကြောင့် ပြည်တွင်းစက်မှုလုပ်ငန်းများ အားကောင်းလာပြီး အလုပ်အကိုင်များလည်း ပေါများလာ**ကြောင်း၊ ယခင်ကဘိလပ်မြေများ ထုတ်လုပ်ရာတွင် ကုန်ထုတ်လုပ်မှုစရိတ်များ ကြီးမြင့်ခြင်းများဖြစ်ပေါ်ခြင်း၊ ကုန်ကြမ်းများမရရှိခြင်း၊ လောင်စာနှင့်စွမ်းအင်များ လုံလောက်စွာ မရရှိခြင်း၊ နည်းပညာလိုအပ်ချက်များ ရှိခြင်းကြောင့် အခက်အခဲများဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါ လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် **၂၀၁၈-၂၀၁၉ ခုနှစ်ခန့်မှစ၍ နိုင်ငံစီးပွားရေး ကျဆင်းခဲ့သော်လည်း ယခုအခါ မိမိတို့နိုင်ငံ၏စီးပွားရေးမှာ ပြန်လည်တည်ငြိမ်ကောင်းမွန်လာ**ပြီဖြစ်ကြောင်း။

**လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်၍ ဒေသနှင့် တိုင်းပြည်အတွက် အကျိုးပြုနိုင်ရမည်**

လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များလည်းလိုအပ်ကြောင်း၊ ပညာရည်မြင့်မားရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ **မွန်ပြည်နယ်သည် ပညာရေးအားပေးသည့် ပြည်နယ်တစ်ခုဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်မှုတွင် ပထမရခဲ့**ကြောင်း၊ ယင်းအတွက် ချီးကျူးပါကြောင်း၊ KG + 9 အောင်မြင်ပြီးချိန်တွင် တက်ရောက်နိုင်ရေး စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ခရိုင်များ၌ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်း၊ အဆိုပါ အထက်တန်းကျောင်းများမှ အောင်မြင်ပါက သိပ္ပံကျောင်းများ၊ တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် သက်ဆိုင်ရာနယ်ပယ်အလိုက် နည်းပညာကျွမ်းကျင်သည့် လူသားအရင်းအမြစ်ကောင်းများ ပေါများစွာထွက်ပေါ်လာမည် ဖြစ်ကြောင်း၊ **နိုင်ငံတော်အနေဖြင့် ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ မိဘများအနေဖြင့်လည်း မိမိတို့သားသမီးများ၏ပညာရေးကို အားပေးရန်လို**ကြောင်း။

နိုင်ငံတော်က ပညာသင်ကြားပေးလိုက်သူများအနေဖြင့်လည်း နိုင်ငံတော်အပေါ် ပြန်လည်အကျိုးပြုရန်လိုကြောင်း၊ တိုင်းပြည်နှင့်ပြည်သူအတွက် တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ ထို့ကြောင့် ပညာရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိပြီး စာသင်ကျောင်းများအားလုံး ဖွင့်လှစ်ပေးထားကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း **လူသားအရင်းအမြစ်များ တိုးပွားလာစေရေး သက်ဆိုင်ရာပညာရပ်များအလိုက် သင်တန်းများဖွင့်လှစ်၍ ဆင့်ပွားသင်တန်းများ သင်ကြားပေးရန်လို**ကြောင်း။

**ခရီးသွားလုပ်ငန်းကဏ္ဍ**

ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ နိုင်ငံတကာတွင်လည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကိုအားပေးကြကြောင်း၊ မွန်ပြည်နယ်သည် သာယာလှပသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ **ရေချိုးရေလာများကောင်းမွန်စေရေးနှင့် မြို့များသန့်ရှင်းသာယာလှပရေး၊ ပတ်ဝန်းကျင်သပ်ရပ်လှပရေး အားလုံးဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန်လို**ကြောင်း၊ လမ်းညွှန်အမှတ်အသားများ စနစ်တကျရှိစေရေးနှင့် သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရေး ထိန်းသိမ်းကြပ်မတ်ရန်လိုကြောင်း၊ **သာယာလှပသည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးဆောင်ရွက်နိုင်မှသာ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်မည်ဖြစ်**ကြောင်း၊ အလားတူ ဒေသအစားအစာများကိုလည်း ကောင်းမွန်သန့်ရှင်းသပ်ရပ်အောင် ဆောင်ရွက်ခြင်း၊ အများသိအောင် ကြေညာပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့်လည်း ခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း။

**စည်းကမ်းစနစ်တကျ ထိန်းသိမ်းနေထိုင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်**

အခွန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အချို့သော EAO အဖွဲ့များက တရားမဝင်ကုန်သွယ်မှုများတွင် ပါဝင်လျက်ရှိသည်ကို သိရှိရကြောင်း၊ **တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အတွက် နစ်နာမှုများရှိ**ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုစာရင်းဇယားများကို တိုက်ဆိုင်စစ်ဆေးကြည့်ပါက ၅၀ ရာခိုင်နှုန်းနီးပါးခန့် ကွာဟနေသည်ကို တွေ့ရှိရပြီး တရားမဝင်ကုန်သွယ်မှုများ ရှိနေခြင်းကြောင့်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် **တရားမဝင်ကုန်သွယ်မှုများမရှိစေရေး တတ်နိုင်သမျှထိန်းချုပ်ဆောင်ရွက်လျက်ရှိပြီး လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ မရှိစေရေးအတွက်လည်း တာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လို**ကြောင်း၊ တရားမဝင်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ သယ်ဆောင်မှုမရှိစေရေးအတွက် စစ်ဆေးမှုများရှိသော်လည်း ခရီးသွားလာမှုများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် တတ်နိုင်သမျှဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ **တစ်ဦးတစ်ယောက်ချင်းမှအစပြု၍ စည်းမဲ့ကမ်းမဲ့ဆောင်ရွက်မည်ဆိုပါက နိုင်ငံအနေဖြင့် တိုးတက်မှုများ ဖြစ်ပေါ်လာနိုင်မည်မဟုတ်**သဖြင့် ပြည်သူများပါ ပါဝင်၍ စည်းကမ်းစနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် မွန်ပြည်နယ်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ဒေသရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာရှိ စမ်းရေဖျား တောရတပ်ဦးကျောင်းတိုက်ဆရာတော်ထံ အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၈**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်နေသည့် ကာလ အတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန် ရည်ရွယ်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်း များနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်း များ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်း များ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွား ရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်း ခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများကို ဆောင်ရွက်လျက် ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အောက် တိုဘာ ၁၇ ရက်နှင့် ယနေ့တို့တွင် ကချင် ပြည်နယ် မြစ်ကြီးနားမြို့ရှိ ရန်အောင်မြင် ကျောင်းတိုက်၊ ပူတာအိုမြို့ရှိ တိလောက ရာမကျောင်းတိုက်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့ရှိ ချမ်းမြေ့ သာစည်သီလရှင်ကျောင်းတိုက်၊ တန့်ယန်း မြို့ရှိ ရွှေမောင်းသာသနာဝေပုလ္လသီလရှင် စာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီး ကျောင်း လေးကျောင်း၊ ဧရာဝတီတိုင်းဒေသ ကြီး ပုသိမ်မြို့ရှိ အောင်မင်္ဂလာသိဒ္ဓိကျောင်း တိုက်၊မြရတနာသီရိကျောင်းတိုက်၊သာသနာ့ ရောင်ခြည်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီး ကျောင်း လေးကျောင်း၊ မန္တလေးတိုင်းဒေသ ကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီး ကျောင်း လေးကျောင်း၊ မကွေးတိုင်းဒေသ ကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီး ကျောင်းများနှင့် သာသနာ့နွယ်ဝင် သီလရှင် ကျောင်း လေးကျောင်းတို့မှ သံဃာတော် များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်း များကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေး အဖွဲ့များက လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက် ပေးသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး မကွေး မြို့ ဖန်ခါးမြေဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားများအား အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် မကွေးတပ်နယ်မှ နယ်မြေခံ တပ်မတော်သားများက အလှူငွေများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းပြီး နယ်မြေခံဆေး အဖွဲ့က လိုအပ်သည့်ကျန်းမာရေးစစ်ဆေး ပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်၊ ဝန်ထမ်း၊ အရာထမ်း၊ အမှုထမ်း မိသားစုများက နေပြည်တော်ကောင်စီ နယ်မြေ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသ ကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသ ကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့်စာသင်တိုက် များမှ သံဃာတော်များအား ဆွမ်းဆန်တော် နှင့် စားသောက်ဖွယ်ရာများ အသီးသီး သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို မြစ်ဝါသစ်အချောထည်စက်ရုံနှင့် မြို့တော်ပန်းဈေးသို့ သွားရောက်ကြည့်ရှု

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီးဝန်ကြီး များနှင့် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးစက်မှုဇုန်(၁)ရှိ မြစ်ဝါသစ်အချော ထည်စက်ရုံသို့ ယနေ့ နံနက်ပိုင်းက သွားရောက်ကာ စက်ရုံ၏ကုန်ထုတ်လုပ်မှု အခြေအနေများကိုကြည့်ရှုကြရာ အဆိုပါ စက်ရုံမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်နိုင် က ကုန်ကြမ်းရရှိမှု၊ ကုန်ချောထုတ်လုပ်မှု နှင့် ပြည်ပဈေးကွက်တွင် ဖြန့်ချိနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်အဖွဲ့သည် စက်ရုံအတွင်း ကုန်ကြမ်းမှ ကုန်ချောအထိ အဆင့်ဆင့်ထုတ်လုပ်နေ မှုများ၊ ကွန်ပျူတာစနစ်ဖြင့် ထိန်းချုပ် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု ကာ လုပ်ငန်းရှင်နှင့်အလုပ်သမားများကို တွေ့ဆုံပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်သားများ လုပ်ငန်းခွင်ကျွမ်းကျင်မှု တိုးတက်စေရန်အတွက် မန္တလေးတိုင်းဒေသ ကြီးအတွင်း၌ ဖွင့်လှစ်သင်ကြားပေးနေသော သက်မွေးဝမ်းကျောင်းများတွင် သက်ဆိုင် သည့် သင်တန်းများကို တက်ရောက်နိုင်ရေး အလုပ်ရှင်နှင့် ဝန်ထမ်းများ ပေါင်းစပ် ဆောင်ရွက်ရန်လိုကြောင်း၊သို့မှသာ အရည် အချင်းပြည့်မီသည့် ကျွမ်းကျင်လုပ်သားများ ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ မြစ်ဝါသစ်အချောထည်စက်ရုံ ကို ၁၉၉၉ ခုနှစ်ကစတင်ခဲ့ပြီး ထုတ်လုပ်မှု အနေဖြင့် ပါကေး၊ ပရိဘောဂပစ္စည်း၊ တံခါး၊ ဆက်တီမျိုးစုံတို့ကို ထုတ်လုပ်လျက်ရှိ ပြီး ပြည်တွင်းပြည်ပနိုင်ငံများသို့ တင်ပို့ လျက်ရှိသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ဘိုတက် ကုန်းကျေးရွာအုပ်စု သန့်ဇင်ကုန်းကျေးရွာရှိ ၂၀၂၀ ပြည့်နှစ်က စတင်ဖွင့်လှစ်ခဲ့သည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော် မတီ၏ မြို့တော်ပန်းဈေးသို့ရောက်ရှိပြီး ရောင်းဝယ်ဖောက်ကားနေမှုများနှင့်ပန်းစိုက် တောင်သူများ၏ အခြေအနေများကိုတွေ့ဆုံ မေးမြန်းကာ လိုအပ်သည်များကိုပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို မန္တလေးစက်မှုဇုန်(၁)ရှိ မြစ်ဝါသစ်အချောထည်စက်ရုံ၏ ကုန်ထုတ်လုပ်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစဉ်။

# မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ရာ၌ ဆန်အရည်အသွေးကိုကြပ်မတ်စစ်ဆေးမှုဖြင့် တောင်သူ၊ စက်ပိုင်၊ ကုန်သည်နှင့် ကုမ္ပဏီများအဆင်ပြေသောနှစ်တစ်နှစ်အဖြစ် ရပ်တည်

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုမ္ပဏီ ၃၀ ကျော်မှ ဆန်တင်ပို့လျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ပြည်ပပို့ကုန်ဆန်အရည် အသွေးကို စစ်ဆေးကြပ်မတ်မှုဖြင့် မြန်မာ့ ဆန်အရည်အသွေးကို ထိန်းချုပ်နိုင်မှု ကြောင့် ယခုနှစ်ပြည်ပသို့ဆန်တင်ပို့မှုတွင် စိုက်ပျိုးတောင်သူ၊ စက်ပိုင်၊ ကုန်သည်နှင့် ကုမ္ပဏီများအဆင်ပြေသော နှစ်တစ်နှစ် အဖြစ် ရပ်တည်လျက်ရှိကြောင်းသိရသည်။

ယခင်က ကုမ္ပဏီများစုပေါင်း၍ပြည်ပ သို့ ဆန်တင်ပို့ရာ၌ အရည်အသွေးလျော့ သော ဆန်များရောနှောပါဝင်တတ်မှု ကြောင့် အရည်အသွေးကောင်းတင်ပို့သော ကုမ္ပဏီများ နစ်နာမှုများစွာကြုံတွေ့ခဲ့ရပြီး ယခုအခါ သက်ဆိုင်ရာဝန်ကြီးဌာနမှ ကြပ်မတ်ဆောင်ရွက်မှုဖြင့် တင်ပို့သော ဆန်အိတ်အတွင်း ကုမ္ပဏီအမှတ်တံဆိပ်ကို ထည့်သွင်းထားခြင်း၊ ဆန်အရည်အသွေး အထူးဂရုပြုစစ်ဆေးခြင်းနှင့် ထွက်ရှိသော ဆန်များမှာ ကြိတ်ခွဲရန်ကောင်းမွန်သော တန်းမြင့်ဆန်များ ဖြစ်ခြင်းတို့ကြောင့် ဘင်္ဂလားဒေ့ရှ်အပါအဝင် ပြည်ပပို့ကုန်ဆန် များ အရည်အသွေးကောင်းမွန်သည့်အတွက် ဆန်တင်ပို့မှုတွင် ပို့ကုန်ကဏ္ဍမြင့်တက်လာ ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဆန်အဝယ်လိုက် မှုကြောင့် ဝယ်ယူသောဆန်အမျိုးအစား များ ပြည်တွင်းဈေးကွက်၌ အရောင်းအဝယ် ကောင်းလျက်ရှိပြီး ဝယ်ယူသွားသောဆန် အတွက် တစ်ပတ်၊ ၁၀ ရက်ငွေစောင့်ဆိုင်း ရမှုမရှိဘဲ ငွေလက်ငင်းစနစ်ဖြင့် ဝယ်ယူ ရောင်းချနိုင်ခြင်း၊ ဆန်စပါးရောင်းဝယ်မှု တွင် ဘဏ်များနှင့်ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းခြင်းတို့ကြောင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ဆန်တင်ပို့ခွင့်ရရှိထားသောကုမ္ပဏီ ၃၀ကျော်မှာ ဈေးကွက်ခိုင်မာမှုကိုရရှိလျက် ရှိသည်။

"ဒီနှစ်ဆန်တင်ပို့ရောင်းချရာမှာ ငွေ လက်ငင်းဈေးကွက်ပုံစံနဲ့ ရောင်းချရတာဖြစ် တဲ့အတွက် အားလုံးအဆင်ပြေကြတယ်။ ပြီးတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနကလည်း ပို့ကုန်ဆန်အရည် အသွေးကိုကြပ်မတ်စစ်ဆေးတယ်။ ပို့ကုန် ဆန်အိတ်တွေမှာ ကုမ္ပဏီအမှတ်အသားကို ထည့်ပေးထားတာကြောင့် တင်ပို့တဲ့နိုင်ငံ မှာ တစ်ခုခုဖြစ်ရင်ဘယ်ကုမ္ပဏီဆိုတာ သိနိုင်အောင် ဝန်ကြီးဌာနက ဆောင်ရွက် ထားတဲ့အတွက် အရည်အသွေးကိုထိန်းချုပ် ပြီးသားဖြစ်စေပါတယ်။မိုးစပါးအထွက်နှုန်း ကောင်းပြီး ကြိတ်ခွဲလို့ရတဲ့တန်းမြင့်ဆန်တွေ ကို ပြည်ပကိုတင်ပို့ခွင့်ရရှိတဲ့အတွက် ဒီနှစ် ဟာ တောင်သူကစပြီး ပို့ကုန်တင်ပို့တဲ့ ကုမ္ပဏီတွေအားလုံး အဆင်အပြေဆုံးနှစ် တစ်နှစ်လို့ဆိုရမှာပါ"ဟု ဘုရင့်နောင် ဆန်စပါးကုန်စည်ဒိုင်မှ အတွင်းရေးမှူး ဦးသန်းဦးက ပြောပြသည်။

ပြည်တွင်းစပါးဈေးမှာ အစိုတင်းတစ်ရာ လျှင် ငွေကျပ် ၁၀ သိန်း၊ အခြောက်တင်း တစ်ရာလျှင် ငွေကျပ် ၁၂ သိန်းရရှိသော ကြောင့် စိုက်ပျိုးတောင်သူများအဆင်ပြေခဲ့ ပြီး ပြည်တွင်းဆန်စပါးဝယ်ယူခြင်းနှင့် ပြည်ပပို့ကုန်တွင်လည်း အကျိုးအမြတ်ရရှိ လျက်ရှိကာ ငွေကြေးကဏ္ဍတွင် ပို့ကုန် ပစ္စည်းများသင်္ဘောတင်ပြီးပါက ထုတ်ယူ နိုင်ရန် ဘဏ်များနှင့်ချိတ်ဆက်၍ စီမံ ဆောင်ရွက်ထားမှုကြောင့် ယမန်နှစ်ကဲ့သို့ ငွေကြေးအခက်အခဲများ မရှိသည့်အတွက် Exporter များအနေဖြင့် ဆန်နှင့် ဆန်ကွဲ ကို တရုတ်၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်နှင့် ဥရောပနိုင်ငံအချို့သို့တင်ပို့ရာ၌အဆင်ပြေ လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# အကြိမ်(၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု သေနတ်ပစ်အသင်းက တံခွန်စိုက်ဒိုင်းဆုကို ရရှိ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး တံခွန်စိုက်ဒိုင်းဆုရရှိသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုသေနတ်ပစ်အသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၈**

အကြိမ်(၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲပိတ်ပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်စက်ပစ်ကွင်း၌ပြုလုပ်ခဲ့ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်းဆုကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုသေနတ်ပစ်အသင်းက ရရှိသွားကြောင်း သိရသည်။

အဆိုပါအကြိမ်(၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုပေးပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့်ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများကို တာဝန်ရှိသူများကလည်းကောင်း၊ တပ်မတော်ပစ်ခတ်စဉ်(အမျိုးသား)နှင့် အပြည်ပြည်ဆိုင်ရာပစ်ခတ်စဉ်တွင် ဒိုင်းဆုများရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုသေနတ်ပစ်အသင်းနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုသေနတ်ပစ်အသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးကလည်းကောင်း တံခွန်စိုက်ဒိုင်းဆု၊ ပစ်ခတ်စဉ်ဒိုင်းဆု၊ အမှတ်တရဒိုင်းငယ်ဆုနှင့်ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

# လားရှိုးမြို့အတွင်းရှိ ဒေသခံကိုးကန့်တိုင်းရင်းသားပြည်သူများကို ပန်းခင်းစီမံချက် အဆင့်(၂)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ပြုလုပ်ဆောင်ရွက်ပေး




အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး လားရှိုးမြို့အတွင်းရှိ ဒေသခံကိုးကန့်တိုင်းရင်းသားပြည်သူတစ်ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့အတွင်းရှိ ဒေသခံကိုးကန့်တိုင်းရင်းသားပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ဆောင်ရွက်ပေးခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံး သစ္စာခန်းမ၌ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့်အဖွဲ့ဝင်များ၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်၊ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ "ဝ" ယဉ်ကျေးမှုနှင့် ပလောင်ယဉ်ကျေးမှုတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံကိုးကန့်တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လားရှိုးမြို့အတွင်းရှိ သံလွင်စံပြကျေးရွာနေ ဒေသခံကိုးကန့်တိုင်းရင်းသားပြည်သူ ဦးရေ ၅၀ အား ပန်းခင်းစီမံချက်အဆင့်(၂)အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းအခမဲ့ဆောင်ရွက်ပေးအပ်ခဲ့ရာ အဆိုပါကျေးရွာနေ ကိုးကန့်တိုင်းရင်းသားပြည်သူများကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ၎င်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

# အောက်တိုဘာ ၁၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၁၅ ဦးတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၁၈**

အောက်တိုဘာ ၁၇ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၃၆၃၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၁၅ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၂၉၃၇၆ ဦး |
| သေဆုံးသူ | ၁၉၄၇၁ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၃၀၁၄ ဦး |

# မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၈ ရက်**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် တောင်ခြေကင်ပွန်းချောင်းတောင်တက် ကားဂိတ်တွင် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်း၌ KNLA တပ်မဟာ(၁)နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရက်စက်စွာလာရောက်ပစ်ခတ်မှုကြောင့် ဘုရားဖူးပြည်သူ သုံးဦး သေဆုံးပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းသတင်းများကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိပါသည်။

ယခုအချိန်သည် သီတင်းကျွတ်ကာလဖြစ်ခြင်း၊ ဒေသအားဖြင့် မြန်မာနိုင်ငံသားများသာမက ပြည်ပမှ ထေရဝါဒဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထား၍ လာရောက်ဖူးမြော်ရာ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်ဖြစ်ခြင်းတို့ကြောင့် ယခု အကြမ်းဖက်မှုသည် မြတ်ဗုဒ္ဓ၏သာသနာတော်ထွန်းကားပြန့်ပွားရေးကိုပါ ထိခိုက်စေပါသည်။

ဗုဒ္ဓသာသနာတော်အကျိုးကို ဆယ်စုနှစ်တစ်ခုကျော် တစိုက်မတ်မတ် ထမ်းရွက်သယ်ပိုးလျက်ရှိသော မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)အနေဖြင့် ယခုအကြမ်းဖက်မှုကို လုံးဝလက်မခံနိုင်ကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ်ရှိ ဧရာဝတီခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ အထောက်အကူပြုပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်မြေခံဆေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။




အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးကို စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ အထောက်အကူပြုပစ္စည်းများပေးအပ်စဉ်။

# ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

0w Kv d @

# အနားသတ်မဲ့ကောင်းကင်ကြီးအောက်

စိုင်စိုင်




(၁)

အိပ်မောကျနေသည့် သားအဖနှစ်ယောက်ကို ကြည့်ပြီး ယု ရင်မောမိသည်။

"ဟင်း. . ."

ရင်ထဲကပူတက်လာလို့ သက်သာလိုသက်သာငြား သက်ပြင်းချမိသည်။ သားလေး၏ရှေ့ရေး။ လူ့လောကထဲ သူ့ဘဝရပ်တည်နိုင်ရေး။ ဘာဆိုဘာမှတွေးလို့မရ။ အသက်သွေးခဲ အမြဲမရှိဆိုသလို ယုသာ ရုတ်တရက် သေသွားမယ်ဆိုရင် ကိုတစ်ယောက် သားလေးကြောင့် ဒုက္ခများပေလိမ့်မည်။ တိကျသေချာသော ကုသမှုပေးစွမ်းနိုင်ခြင်းမရှိသေးသည့် အော်တစ်ဇင်(Autism) ဆိုတာကြီးက ဘာကြောင့် ယု၏သားလေးမှာမှ ပါလာရတာလဲ တွေးမိ၏။

Autism Spectrum Disorder(ASD)ဆိုသည်က ဦးနှောက်အတွင်း ကွဲပြားမှုများကြောင့်ဖြစ်ပေါ်လာသော ဖွံ့ဖြိုးမှုဆိုင်ရာမသန်စွမ်းမှုတစ်ခုဖြစ်သည်ဟု ဆရာဝန်ကြီးက ရှင်းပြခဲ့သည်။ Autism လို့ခေါ်သော သည်ဦးနှောက်တွင်း ဖွံ့ဖြိုးမှုဆိုင်ရာမသန်စွမ်းခြင်းသည် သွေးစစ်၍ရောဂါရှာသလို ရှာမရနိုင်ပါ။ ကလေး၏အပြုအမူနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ရသည်။

ကိုကိုလည်းသနားလှပါပြီ။ နေ့စဉ် အလုပ်တာဝန်များနှင့်၊ သားအတွက် သောကများနှင့်။ လူမှုပတ်ဝန်းကျင်မှာလည်း သားလေး၏စကားမပြော၊ ထင်ရာလုပ်တတ်သောအပြုအမူများကြောင့် မိသားစုလိုက် သွားလာလည်ပတ်ရာတွင် ဝင်ဆံ့လို့မရ အဆင်မပြေတော့သည့် ယု၏သားလေး။

ကို့ရင်ထဲ နာကျင်နေမလား၊ မိသားစုအရေးကြောင့် သိမ်ငယ်နေမလား တွေးမိ၏။ ကိုကို ပျော်ရွှင်လွတ်လပ်သည့်သူဖြစ်စေချင်သည်။ ယု အရင်သေမှာလည်းကြောက်သည်။ ကို့အပေါ် ကို ခြေတစ်ဖက်ခွတင်ပြီး အိပ်နေသည့်သားလေးမျက်နှာက အပြစ်ကင်းလှသည်။ စီးကျနေသည့်မျက်ရည်ကို မသုတ်ဘဲ ယု မိုက်မိုက်မဲမဲတွေးမိပြီ။

ယုနှင့်သားလေး ကို့ဘဝထဲက အပြီးတိုင်ထွက်သွားလိုက်ရင် ကို့အတွက် ပွေ့ပိုက်ထားသည့် ဒုက္ခအိုးသံယောဇဉ်မီးငြိမ်းသွားနိုင်ပေမည်။ ဒါဆို ယုတို့သားအမိ လောကကြီးထဲက အတူတူထွက်သွားသင့်သည်ထင်မိ၏။ ဘယ်လိုနည်းလမ်းသုံးရမည်ကို တွေးရင်း တွေးရင်း။

(၂)

"ယုယုရယ် သူက တစ်နယ်တစ်ကျေးကလူအေ။ အမေတော့ မယူစေချင်ပါဘူး။ ပြီးရင် နယ်လှည့်ပြီး တာဝန်ထမ်းရတယ်ဆို။ အင်းလေ ငါ့သမီးစုံမက်နေတော့လဲ တားချင်ပေမဲ့ မတားသာဘူး။ သဘောပါအေ။ လာတောင်းမယ်ဆိုလဲ လက်ခံရတော့ပေမပေါ့"

အမေ့ခွင့်ပြုချက်စကားကြောင့် ယု အတိုင်းမသိပျော်ရသည်။ ယု သိပ်ချစ်သည့်ကိုက နယ်တစ်နယ်မှာ သုံး၊ လေးနှစ်သာ တာဝန်ထမ်းဆောင်ရပြီး မြန်မာနိုင်ငံအနှံ့ မီးရထားလမ်းရှိရာ မြို့များတွင် အလှည့်ကျပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသော သံလမ်းပြုပြင်ထိန်းသိမ်းရေးကြီးကြပ်ရေးဝန်ထမ်းဖြစ်သည်။ ယုတို့ တောင်တွင်းကြီးမြို့ကို ကိုပြောင်းလာပြီး ယုနှင့်ဖူးစာဆုံသည်။

"ဟော ယု ဘာဖြစ်တာလဲကွာ။ စူပုပ်လို့"

အလုပ်ကပြန်လာသည့်ကိုက ယုကို အလောတကြီးမေးသည်။

"ဒေါ်မြရီကြီးပေါ့ ကိုရယ်။ ယု ဗိုက်ကို လာကိုင်ကြည့်ပြီး မိန်းကလေးမွေးမှာပါအေ။ ကြည့်ထား ငါ မှန်းရင်လွဲခဲတယ်တဲ့။ ယုက သားလေးမွေးမှာပါဆို"

"ဟား ဟား ဟား ကို့ရဲ့ယုလေးကလဲကွာ။ ဒါများစိတ်ကိုပြီးစူပုပ်နေစရာလား။ သူပြောရင်လွဲခဲတဲ့အထဲမှာ လွဲပါတယ်လို့ဖြစ်အောင် ယု သားလေးမွေးပြလိုက်။ ကိုက ယုလိုချင်တဲ့သားလေးရအောင် ဖန်တီးပေးထားတာ"

"ဟွန့် ကိုနော်"

ကို့အပြောကြောင့် ယု ရှက်လည်းရှက်၊ ပျော်လည်းပျော်။ ယုက သားမှသား လိုချင်သူ။ သားလေးမွေးမယ်။ လူတော်လူတတ်လေးဖြစ်အောင် ထိန်းကျောင်းမယ်။ ရှင်ပြုအလှူလေးလုပ်၊ ကိုရင်ဝတ်နှင့် သားလေးကို ဖူးမြင်မဝ။ စိတ်ကူးနှင့် ပျော်မြူးလာသည့်ယု။

"အဲဒီလိုပြုံးစမ်းပါယုရာ။ သူများစကားကို ခေါင်းထဲမထားရဘူး။ ယု လိုချင်တဲ့သားလေးရမယ် ယုံကြည်ထားနော်"

"ဟုတ်ကဲ့ပါကို သားလေး မွေးပြီးရင်လေ ယုက"

"ဟိုး သားလေးကို ယုက ဘယ်လိုသွန်သင်ထိန်းကျောင်းမယ်။ သားလေးရဲ့အနာဂတ်မျှော်မှန်းချက်က ဘာဆိုတာကိုအလွတ်ရနေပြီ။ ကိုရေချိုးတော့မယ်။ ပြီးရင်ထမင်းစားမယ်နော်"

ဟုတ်ပေ၏။ ယုက ကိုယ်ဝန်စရှိကတည်းက သားလေးမွေးပြီးရင်ဆိုပြီး ယု၏စိတ်ကူးမျှော်လင့်ချက်ကို ခဏခဏပြောနေတတ်သည်။ အိမ်ထောင်သက်သုံးနှစ်ထိ ရင်သွေးမရ၍ ကိုနှင့်ယု ဆေးစစ်ကာ ရယူခဲ့ရသောကိုယ်ဝန်ဖြစ်၏။ ယု၏မျှော်လင့်ချက်က သားလေး။ ယုမွေးဖွားသည်မှာလည်း ဖြူဖြူဖွေးဖွေးသားလေး။ ကိုနှင့်တစ်ပုံစံတည်းတူသည့်သား။ ပျော်လွန်းသည့်ယု။ မြေးယောကျ်ားလေးမွေး၍ ယောက္ခမကြီးကလည်းပျော်လျက်။ ထူးခြားသည်က သားလေးက နို့မစို့တတ်ပါ။ ယု နို့ကိုညစ်၊ နို့ဘူးထဲထည့်တိုက်ရသည်။ ညစ်ရပါများလို့ ယု နို့အုံများနာကျင်နေလည်း ယု မမှုပါ။ သားလေး၏ထူးခြားမှုက မစုပ်တတ်၊ မျိုမချတတ်၊ မှုတ်မထုတ်တတ်ချေ။ ထမင်းကို ပိတ်စအပါးလေးပေါ်တင်ကာ ဇွန်းဖြင့်ဖိတိုက်ပြီး ကစီနှစ်လုပ်ကာ သားလေးအာခေါင်တွင်းသို့ မဝင်ဝင်အောင် ယုကြိုးပမ်းကျွေးရသည်။ အမြဲသွားရည်ကျတတ်သည့်သားလေးကို မိတ်ဆွေများ၏အကြံပြုချက်ဖြင့် ကျားရိုးသွေးတိုက်မိသေးသည်။ သားလေးခြောက်လပြည့်တော့ ယုတို့မြို့မှာ ကျန်းမာဖွံ့ဖြိုးကလေးပြိုင်ပွဲတွင် ဝင်ပြိုင်စဉ်က သားလေးဒုတိယဆုရတော့ ယုမှာ ပျော်လိုက်တာ ဂုဏ်ယူမဆုံး။

(၃)

သားဦး အရွှုးဆိုသည့်စကားက ကလေးကရူးတာမဟုတ်။ သားဦးလေးကို ရူးနေအောင်ချစ်သည့်မိဘကိုဆိုလိုကြောင်း ယုကတော့ လက်တွေ့နားလည်သည်။ သားလေးတစ်နှစ်ပြည့်တော့ ပုသိမ်မြို့ရှိ ၁၀၈ တောင်ဂမုန်းပေါင်းသက်တော်ရှည်ဘုန်းဘုန်းဆီမှာ သားလေးအတွက် နာမည်တောင်းခံခဲ့သည်။ တစ်ဘဝလုံး ပြည့်ပြည့်ဝဝနှင့်ကမ္ဘာကျော်ပြီး အေးချမ်းအောင်လို့ ဝကျော်အေးဆိုသည့်နာမည်လေး ဘုန်းဘုန်းကြီးက ပေးခဲ့သည်။

ကို ပြောင်းရွှေ့ရသော သံလမ်းကြီးကြပ်ရေးတာဝန်ကျရာတိုင်း(၈)အတွင်းက နတ်ကြီးစင်ကို လိုက်ပါခဲ့ရသည်။ ဝန်ထမ်းလိုင်းခန်းတွင်နေပြီး ယုကလည်း တစ်ဖက်တစ်လမ်းဝင်ငွေရဖို့ အိမ်ဈေးဆိုင်ဖွင့်ရောင်း၊ ငွေပိုလေးများစုကာ သားလေးရှေ့ရေး၊ ရှင်ပြုနိုင်ရေး ပီတိဖြစ်လျက်။

"ဟား သွား သွား"

"သား ဖေဖေလေ သားဖေဖေလေ မတွန်းရဘူး"

သည်ညနေ ကို အလုပ်က စောပြန်လာသည်ကို အိမ်ပေါက်ဝကနေတွန်းထုတ်နေသည့်သားကို ယုက ပြေးပွေ့ချော့မော့ရသည်။ ရုတ်တရက်သား၏အပြုအမူကြောင့် အံ့ဩမှင်တက်သွားသည့် ကို့မျက်ဝန်းက နာကျင်ဝမ်းနည်းနေသည်။ နံနက်လင်းသည်နှင့် ကိုက အလုပ်ထွက်သွား၊ မိုးချုပ်မှ အလုပ်ကပြန်လာဆိုတော့ ကို့ကို အဖေအဖြစ် သားလေး မမှတ်မိလေလား မဆိုနိုင်ပေ။ သားလေး အိပ်သွားပြီးမှ-

"ကို သားက ထူးခြားနေတယ်။ အသက်သုံးနှစ်ပြည့်တော့မယ် ညှပ်ဖိနပ်လဲမစီးတတ်ဘူး။ ဟိုတစ်လောကမှ စကားနည်းနည်းပြောသေးတယ်။ အခုဆို စကားလဲမပြောတော့ဘူး။ လိုင်းထဲက ကလေးတွေနဲ့ ပေးဆော့ခိုင်းရင်လဲ မဆော့ဘူး။ တစ်ယောက်တည်းလေး ငေးချင်ငေးနေတယ်။ တစ်ခုခုကို အာရုံစိုက်ကြည့်ပြီး ပြောချင်တာပြောနေတတ်တယ်။ သူပြောတာတွေ ယု နားမလည်ဘူး။ ဘယ်လိုလုပ်ကြမလဲ ကိုရယ်။ ယုသားလေးက ဘာတွေဖြစ်နေတာလဲ ယုလေ ယု ဘယ်လိုခံစားရမှန်းမသိဘူး အဟင့် ဟင့်"

"ကိုလဲ သတိထားမိနေတယ် ယု။ သားကို ဆေးခန်းပြရမယ်။ မငိုပါနဲ့ကွာ စိတ်အားမွေးပါ ယုရယ် အဆင်ပြေသွားမှာပါကွာ"

ယု၏ပခုံးကိုဖက်ပြီး ကိုက အဆင်ပြေသွားမှာပါလို့ အားပေးနှစ်သိမ့်နေပေမဲ့ ယုရင်ထဲမှာတော့ သောကလှိုင်းက မွှေနှောက်လျက်။ သားလေးကို မော်လမြိုင်မြို့က ကလေးအထူးကုဆရာဝန်မကြီးနှင့် ပြသခဲ့သည်။ ဆရာဝန်မကြီးက သားလေးကို သေချာစစ်ဆေးပြီး ရန်ကုန်မြို့ရှိ ဦးနှောက်နှင့် အာရုံကြောအထူးကုဆရာဝန်ကြီး ဒေါက်တာဦးကျော်လင်းနှင့် သွားပြခိုင်းခဲ့သည်။

(၄)

ကြီးကြပ်ရေးဝန်ထမ်းဖြစ်သူ ကိုက အတော်အတန်ကိစ္စဖြင့် ခွင့်မယူတတ်ပါ။ သားလေးအတွက်မို့သာ ခွင့်ယူပြီး ရန်ကုန်သို့ သွားခဲ့ကြသည်။ ဆရာဝန်ကြီးက သားလေးကို သေချာစစ်ဆေးသည်။

သားလေးက နာမည်ခေါ်လည်း မထူးပါ။ မျက်လုံးချင်းလည်း ဆုံမကြည့်။ ဆရာဝန်ကြီးက စားပွဲပေါ်တွင်ရှိသောအရောင်စုံအရုပ်လေးများရွေးခိုင်း၊ မှို့ပွင့်လေးများ စိုက်ခိုင်းသော်လည်း တစ်ခုမှမလုပ်ပါ။ ဆရာဝန်ကြီးကိုင်ထားသော ဘောပင်ကိုသာ ဆွဲလုယူသည်။ အချိန်အတော်ကြာ စစ်ဆေးသည်။

"သမီး ကလေးက Autism Level 2 အဆင့်မှာရှိတယ်။ ပုံမှန်ဖြစ်ဖို့ဆိုတာကတော့ သူ့ကို အဆက်မပြတ်လေ့ကျင့်သင်ကြားပေးနေရမယ်"

"ရှင် ဒါဆို ယု သားလေးက ရူးနေတာလား၊ ဦးနှောက်မကောင်းတာလား"

"ရူးနေတဲ့သဘောလို့မဆိုနိုင်ပါဘူး။ ဦးနှောက်တွင်းကွဲပြားမှုတွေကြောင့်ဖြစ်လာတဲ့ ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှုပေါ့။ သူတို့က အခြားလူတွေနဲ့မတူဘဲ ပြုမူနေထိုင်တတ်ကြတယ်"

"အဟင့် ဟင့် ကုပေးပါဆရာ။ ယုသားလေးကို ကုပေးပါ"

ဝမ်းနည်းစွာငိုရှိုက်ပြီး ဆရာဝန်ကြီးကို ယု အားကိုးတကြီးပြောမိသည်။ ကိုက ယု ပခုံးလေးကိုင်ပြီး အားပေးနေလည်း ကို့ရင်ထဲမှာ ယုလိုပဲ ခံစားနေရမှာသေချာသည်။ ဆရာဝန်ကြီးက Autism ကို မိန်းကလေးထက် ယောကျ်ားလေးမှာ လေးဆ ပိုဖြစ်တာတွေ့ရကြောင်း၊ အသက်နှစ်နှစ်မှ စတင်ဖြစ်ပေါ်တတ်ကြောင်း၊ ဖြစ်ရသည့်အကြောင်းရင်းက တစ်ခုတည်းမဟုတ်ဘဲ ပတ်ဝန်းကျင်၊ ဇီဝဗေဒနှင့် မျိုးရိုးဗီဇဆိုင်ရာအချက်များပါဝင်ကြောင်း၊ Autism အကြောင်းကို ယနေ့ချိန်ထိ အမေရိကန်တွင် လေ့လာမှုပြုနေကြောင်း၊ ကလေး၏ပုံပန်းသဏ္ဍာန်က ပုံမှန်ဖြစ်သော်လည်း Autism ရောဂါလက္ခဏာက ကြာလေအားကောင်းလာလေဖြစ်တတ်၍ Autism ကလေးများကို လေ့ကျင့်သင်ကြားပေးသော ကျောင်းတွင်ထားရန် ရှင်းပြလိုက်သည်။

စာမျက်နှာ ၂၅သို့ ➤

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် မသိုးသက်န်းယှဉ်ပြိုင်ရက်လုပ်ပူဇော်ပွဲကျင်းပမည်



**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ တော်တွင် မသိုးသက်န်းယှဉ်ပြိုင် ရက်လုပ်ပူဇော်ပွဲကျင်းပသွားမည် ဖြစ်ကြောင်း ဗိုလ်တထောင်ကျိုက် ဒေးအပ် ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သတင်းများအရ သိရသည်။

ရန်ကုန်မြို့ ဗိုလ်တထောင် မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက် ဒေးအပ်ဆံတော်ဦးစေတီတော်တွင် မသိုးသက်န်း ယှဉ်ပြိုင်ရက်လုပ် ပူဇော်ပွဲကို နှစ်စဉ်ကျင်းပပြုလုပ် ခဲ့ရာ ယခုနှစ်တွင် (၃၈)ကြိမ် မြောက် ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း၊ အဆိုပါ မသိုး သက်န်း ယှဉ်ပြိုင်ရက်လုပ်ပူဇော်ပွဲ ကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်နှင့် ၁၅ ရက်(နိုဝင်ဘာ ၆ ရက် နှင့် ၇ ရက်)တို့တွင် ကျင်းပပြုလုပ် သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မသိုးသက်န်းယှဉ်ပြိုင် ရက်လုပ်ပူဇော်ပွဲတွင် အသက် ၁၈ နှစ်မှ အသက် ၅၀ အတွင်းရှိ ရက်ကန်းကျွမ်းကျင်သူအမျိုးသမီး များ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ် ကြောင်း၊ ပါဝင်ယှဉ်ပြိုင်လိုသည့် ရက်ကန်းကျွမ်းကျင်သူအမျိုးသမီး များအနေဖြင့် တစ်ဖွဲ့လျှင် နှစ်ဦး နှုန်းဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည် ဖြစ်ကြောင်း၊ အဆိုပါ မသိုးသက်န်း ယှဉ်ပြိုင် ရက်လုပ်ပူဇော်ပွဲတွင် ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယ ဆုငွေကျပ် ခုနစ်သိန်း၊ တတိယဆု ငွေကျပ် ငါးသိန်းနှင့် နှစ်သိမ့်ဆု ငွေကျပ်သုံးသိန်း ပေးအပ်ချီးမြှင့် သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ပါဝင်ယှဉ်ပြိုင်လိုသူ များအနေဖြင့် အောက်တိုဘာ ၂၂ ရက် ညနေ ၃ နာရီမတိုင်မီ ဗိုလ် တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ထံ လျှောက်လွှာများ စာရင်းသွင်းနိုင်ကြောင်း သိရသည်။

လက်ရှိတွင် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီ တော် ဘဏ္ဍာတော်ထိန်းဂေါပကမှ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံ တော်ဦးစေတီတော်၏ ဝင်္ကြံမြေ အတွင်းရှိ အသုံးမပြုတော့သည့် ပစ္စည်းများကို ပြန်လည်ရောင်းချ ပေးရန်လည်း စီစဉ်နေပြီး အဆိုပါ အသုံးမပြုတော့သည့်ပစ္စည်းများကို အိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချ သွားမည်ဖြစ်ကြောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီ တော်ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ထံမှ သိရသည်။ (၃၃၆)

➤ စာမျက်နှာ ၂၄မှအဆက်

သားလေး၏နေ့စဉ်ဘဝမှာ အခြားလူပုံပိုးမှုနည်းနည်းမှမရှိဘဲ မရပ် တည်နိုင်တော့မည့် သဘောပင်ဖြစ်သည်။ ကိုနှင့်ယု တိုင်ပင်ရပါပြီ။ ယုတို့သားအမိ နေပြည်တော်သို့သွားနေသည်။ ဦးလေး၏ဆောက်လုပ်ရေး ပစ္စည်းဆိုင်တွင် ယုက အရောင်းစာရေးမလုပ်ကာ သားလေးကို သူတို့လို ဘဝတူတွေအတွက် ဖွင့်လှစ်ထားသောကျောင်းတွင် ထားခဲ့သည်။

ယုအတွက် စိတ်ရောလူပါပင်ပန်းလွန်းလှသည်။ သားလေး၏ကျောင်း စရိတ်က တစ်လလျှင် ငွေကျပ် တစ်သိန်းငါးသောင်းပေးရသည်။ နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ ကျောင်းတက်ရသည်။ တစ်လအကြာတွင် သားက ခြေစုံချကာ လမ်းလျှောက်တတ်လာသည်။ ယခင်က ခြေစုံ ချမသွားတတ်ပါ။

ယုတို့နေသည့်မြို့နယ်မှ သားလေးကျောင်းသို့ မိနစ်လေးဆယ်ခန့် ဆိုင်ကယ်မောင်းရသည်။ အန္တရာယ်ကို နားမလည်သောသားလေးက တစ်ခါကများဆိုလျှင် ဆိုင်ကယ်ပေါ်ကခုန်ချလိုက်ရာ နောက်မှ မောင်းလာ သောကားနှင့် ကံကောင်းစွာမတိုက်မိ၍ တော်သေး၏။ စိတ်တိုမာန်မဲ လိုက်သည့်ကားသမားကို ယု တောင်းပန်ခဲ့ရသည်။

ကျောင်းမှ အိမ်ပြန်ရောက်ချိန်များတွင်လည်း သားကိုမျက်စိအောက် က အပျောက်ခံ၍ မရပေ။ ယုအတွက် ခက်ခဲပင်ပန်းလွန်းသော ကာလများ ဖြစ်သည်။ သားလေးကို ရှင်ပြုပေးချင်သောစိတ်၊ ထက်မြက်တော်တတ် စေချင်လွန်းသောစိတ်တို့က ယုကို နှိပ်စက်လွန်းသည်။ လေ့ကျင့်သင်ကြား ပေးနေသော်လည်း သားလေးက စာမဖတ်တတ်ပါ။ နှုတ်တိုက်သင်ပေး သည်ကိုတော့ လိုက်ဆိုတတ်သည်။ လိုချင်သောပစ္စည်းကို လက်ညှိုးထိုး မပြတတ်။ ယုလက်ကိုဆွဲပြီး လိုချင်သည့်အရာနားထိ ခေါ်သွားတတ်သည်။ ကိုက မော်လမြိုင်မြို့ကို ပြောင်းရွှေ့ခွင့်ကျသောအခါ ယုတို့သားအမိကို လာခေါ်ခဲ့သည်။

(၅)

မော်လမြိုင်မြို့တွင်ရှိသော ကျောင်းတွင် သားလေးကို ထားခဲ့သည်။ တစ်နေ့လျှင် နှစ်နာရီလေ့ကျင့်သင်ကြားပေးပြီး ကျောင်းလခ တစ်လကို ငွေကျပ် ခုနစ်သောင်းငါးထောင်ပေးသွင်းရသည်။ ကိုနှင့်ယုမှာ အလွန် ချွေတာစားသောက်ကာ သားအတွက် အဓိကရှေးရှုရသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာနက Autism ကလေးပြုစုစောင့်ရှောက်နည်းသင်တန်းလာ ရောက်ပို့ချခြင်းကိုလည်း ယုတက်ရောက်ခဲ့သည်။

တစ်နယ်တွင် သုံးနှစ်ခန့်သာ တာဝန်ထမ်းဆောင်ရသော ကိုက ပဲခူး မြို့နားက ဘုရားကြီးမြို့သို့ ပြောင်းရွှေ့ရပြန်တော့ ယုဝမ်းနည်းရပြန်သည်။ သားလေးကို ပဲခူးမြို့တွင်ရှိသော ကျောင်းသို့ပို့ရန် အဆင်မပြေတော့ပါ။ ယုလေ့လာသင်ယူထားသရွေ့ သားလေးကို အစွမ်းကုန်လေ့ကျင့်သင်ကြား ပေးသည်။ သားလေး၏တိုးတက်မှုက အားမရစရာပါ။ ယုစိတ်ဓာတ် ကျလာပြီ။ လူတချို့က သားလေးကို ရူးနေသည်ဟု ထင်မြင်ကြခြင်းကိုလည်း မခံစားနိုင်တော့ပေ။ အိပ်မရသော ညပေါင်းများစွာမှာ ယခုညတော့ ယု မတွေးသင့်သည်များကို တွေးနေမိ၏။

"ဟာ ယု ဘာဖြစ်လို့လဲ နေမကောင်းလို့လား။ ငိုနေပါလား ယုရယ် ဘာလို့လဲ ကိုကိုပြောပါကွာ"

ကိုက တစ်ရေးနိုးလာပြီး သူတို့သားအဖကိုထိုင်ကြည့်ကာ ငိုနေသော ယုကို စိုးရိမ်စွာမေးသည်။

"ယု ယု ဝမ်းနည်းလို့ပါ။ ယုတို့သားအမိက ကိုကို ဒုက္ခပေးနေသလို ခံစားရလို့"

"ဟာကွာ။ အတွေးတွေလွဲနေပြန်ပြီ။ ကံကြမ္မာအတိုင်းရလာတဲ့ သားလေးပါကွာ။ ကို့အတွက် ဒုက္ခမဟုတ်တာ ယုရာ"

"ဒါပေမဲ့ ကိုရယ်။ ယု မျှော်လင့်သလိုဖြစ်မလာဘူး။ သားလေးက သိပ်ပြီးတိုးတက်မလာဘူး။ ရှင်ပြုလို့လဲမရတော့ဘူး။ သားလေးရှေ့ရေး၊ ဘဝရပ်တည်ရေး အဟင့် ဟင့် ဟင့်"

"ယုရယ် ကိုတို့ကြိုးစားကြမယ်။ အနားသတ်မဲ့ကောင်းကင်ကြီး အောက်ရှင်သန်နေကြတာပဲ။ မျှော်လင့်ချက်စိတ်ကို အနားမသတ်လိုက်ပါ နဲ့ကွာ။ သောမတ်အယ်ဒီဆင်ဆိုတဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးလဲ ငယ်စဉ်က စာသင်မရလို့ ကျောင်းကတောင် လက်မခံခဲ့ဘူးလေ။ သူ့မိခင်က စိတ်မလျှော့ဘဲ ပြုစုပျိုးထောင်ပေးခဲ့လို့ သူ့မတူစွမ်းဆောင်ရည်နဲ့ တစ် ကမ္ဘာလုံးကို အလင်းရောင်ပေးနိုင်သူဖြစ်ခဲ့သေးတာပဲ"

"သားလေးကလဲ တစ်ခါတလေ သီချင်းတွေဆိုနေတတ်တယ် ကို။ ဘာစာသားတွေမှန်းမသိပေမဲ့။ အသံလေးက နားထောင်ကောင်းတယ်"

"အခုချိန်မှာ ယု စိတ်ကော၊ လူပါ ပင်ပန်းနေတာ ကိုသိပါတယ်။ အားမလျှော့လိုက်ပါနဲ့ယုရယ်။ နောက်ဆိုရင် နိုင်ငံတော်ကလဲ သူတို့လို ကလေးတွေအတွက် သင်ကြားလေ့ကျင့်ရေးကျောင်းတွေ ဖွင့်ပေးလာနိုင်ပါ တယ်ကွာ။ ကဲ. . . ပြုံးပါယုရယ် ယုနဲ့သားလေးက ကို့ဘဝပါ။ ပြုံးပါကွာ"

နွေးထွေးကြင်နာလှသည့် ကို့အားပေးနှစ်သိမ့်မှုကြောင့် အနား သတ်မဲ့ကောင်းကင်ကြီးအောက်မှာ ရှစ်နှစ်အရွယ်ရှိလာပြီဖြစ်သော ယု၏ သားလေးအတွက် မျှော်လင့်ချက်များကိုဖြန့်ကြက်ပြီး ကြည်လင်စွာ ပြုံးလိုက်ပါတော့သည်။

## မွေးရပ်မြေ

\- ဘယ်နေရာ ဘယ်ကိုရောက်
အောက်မေ့လျက် မွေးရပ်မြေ၊
ဘယ်နိုင်ငံ ဘယ်ပုံဆန်း
မလန်းစိတ်တွေ၊
တမာ ထနောင်း ရနံ့ဝေ
သင်းပျံ့ခွေ စိတ်ကြည်နူး၊
ဆည်းလည်းသံ ထံတျာတေး
ကြည်အေးရွှင်မြူး။

\- ကုန်းထိပ်မှာ စေတီဦးရယ်က
လွှန့်လွှန့်လူး ရောင်ခြည်တော်၊
မန်ကျည်းပင် ကုက္ကိုရိပ်
ချွေးသိပ်ဖြေဖျော်၊
ဘိုးဘွားတို့ အစဉ်ဆက်ပျော်
ခေါင်းချသနော် ဇာတိရပ်၊
မနော‌ဖြူ စိတ်ထားလှ
ဘဝကျေနပ်။

\- ညွှန့်လာရင် တည်ခင်းမပြတ်ပါဘူ
စိတ်ထားမြတ် ရိုးသားစွာ၊
လယ်ကွင်းပြင် မြက်ခင်းစိမ်း
နွဲ့ယိမ်းပျော်ရှာ၊
တောင်ခြေရင်းက ကျေးတောရွာ
လယ်ယာမြေ ပန်းသင့်၊
ချွေးစက်တွေ ကြွေကာကျသော်လည်း
လွမ်းတေးလှ တကြော်ကြော်နှင့်
ဘယ်လိုအော် ဘယ်မမောတယ်
အိုကွယ်. . .
ကျေးတောပါရှင့်။ ။

**ချာန်လေး(ပညာရေး)**

# သရက်မြို့နယ် ရေဖြူကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**သရက် အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး သရက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash For Work စီမံကိန်းဖြင့် ရေဖြူကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ ကို အောက်တိုဘာ ၁၇ ရက် နံနက် ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့်စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာ စီမံကိန်းအဖွဲ့ဝင်များနှင့်အတူ ရေဖြူ ကျေးရွာ၌ ကွန်ကရစ်လမ်းခင်း ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး က စီမံကိန်းလုပ်ငန်းများကို သတ် မှတ်စံချိန်စံညွှန်းနှင့်အညီ အရည် အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီး ရေးကြိုးစား ဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါကျေးရွာ၌ ကျေးရွာ တွင်းလမ်းအရှည်ပေ ၅၉၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက် လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ် ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ Cash For Work စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ အသုံးပြုပြီး ကျေးရွာနေ ပြည်သူတို့၏ လုပ်အားထည့်ဝင်မှု တို့ပေါင်းစပ်ကာ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများ၊ အင်ဂျင် နီယာဝန်ထမ်းများ၏ နည်းပညာ ပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာဒုတိယပတ် မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ် ကြောင်း မြို့နယ်ဦးစီးမှူး ဦးမင်း ဇော်ဟန်ထံမှသိရသည်။ **ကိုလှိုင်**

# ပြင်သစ်တရားရုံးချုပ်က လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည့် မြို့တချို့ကို ဒဏ်ငွေရိုက်



**ပဲရစ် အောက်တိုဘာ ၁၈**

ပြင်သစ်နိုင်ငံ၏ မြို့ကြီးတချို့တွင် ယခုနှစ်အတွင်း လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေပြီး အဆိုပါ လေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ ပြင်သစ်နိုင်ငံ၏ အမြင့်ဆုံးတရားရုံးချုပ်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေဖြင့် တရားစွဲဆိုခဲ့သည်။ တရားစွဲဆိုမှုအရ တာဝန်ရှိသူများကို စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ခဲ့ပြီးနောက် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေသည့် မြို့ကြီးတချို့အတွက် ဒဏ်ငွေရိုက်ရန် အောက်တိုဘာ ၁၇ ရက်က ပြစ်ဒဏ်ချမှတ်သွားခဲ့ကြောင်း တရားရုံးချုပ်က ထုတ်ပြန်ခဲ့သည်ဟု France24 သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါမြို့ကြီးများတွင် လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေခြင်းနှင့် ပတ်သက်ပြီး ဒဏ်ကြေးငွေကိုလည်း ပြင်သစ်အစိုးရအဖွဲ့က ပေးဆောင်ရမည်ဖြစ်ကြောင်း၊ လေထုညစ်ညမ်းမှုဖြစ်ပေါ်နေသည့်မြို့များအတွက် ပြင်သစ်အစိုးရက ဒဏ်ငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၀ သန်းပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြင်သစ်နိုင်ငံ၏ ကောင်ဆယ်ဒီအီတက် တရားရုံးက လွန်ခဲ့သော ငါးနှစ်မှစတင်၍ ပြင်သစ်အစိုးရကို ဥရောပတိုက်အတွက် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် ထုတ်လွှင့်မှု လျှော့ချရေးနှင့် လေထုအတွင်း အမှုန်များ ရောနှောပါဝင်စေမှု လျှော့ချရေးတို့ကို အလေးထားဆောင်ရွက်သွားရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း သိရသည်။

"ပြင်သစ်နိုင်ငံအတွင်း မြို့တချို့မှာ လေထုညစ်ညမ်းမှုတွေ ဆိုးရွားစွာ ဖြစ်ပေါ်နေပါတယ်။ ဒါကြောင့် အဓိကတာဝန်ရှိတဲ့အစိုးရအဖွဲ့ကို တရားစွဲဆိုခဲ့တာလဲဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနဲ့အညီ စစ်ဆေးမှုတွေပြုလုပ်ခဲ့ပြီးတော့ အဓိကတာဝန်ရှိတဲ့ အစိုးရအဖွဲ့အနေနဲ့ ပြစ်ဒဏ်အဖြစ် အမေရိကန်ဒေါ်လာ ၁၀ သန်း ဒဏ်ငွေဆောင်ရမှာဖြစ်ပါတယ်။ ရရှိထားတဲ့ဒဏ်ငွေတွေကိုလဲ ဒီအမှုမှာပါဝင်ပေးခဲ့တဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းတွေဆီကို လွှဲပြောင်းပေးအပ်သွားမှာဖြစ်ပါတယ်"ဟု ပြစ်ဒဏ်ချမှတ်ခြင်းနှင့် ပတ်သက်ပြီး ကောင်ဆယ်ဒီအီတက် တရားရုံးက ထုတ်ပြန်ကြေညာခဲ့သည်။

**ခိုင်းဆက်**

# ဆန်းရှိုင်းကမ်းခြေကို မိုးခေါင်ရေရှားပါးမှုအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်

**အော့တာဝါ အောက်တိုဘာ ၁၈**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်ရှိ ဆန်းရှိုင်းကမ်းခြေတွင် မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး မိုးရွာသွန်းနိုင်ဖွယ်မရှိသေးသည့်အတွက်ကြောင့် ဗြိတိသျှ ကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ဆန်းရှိုင်းကမ်းခြေ မိုးခေါင်ရေရှားပါးမှုအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပြီဖြစ်ကြောင်း အောက်တိုဘာ ၁၇ ရက်က ထုတ်ပြန်ခဲ့သည်ဟု CBC သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မိုးခေါင်ရေရှားပါးမှုပြဿနာကြောင့် သောက်သုံးရေဖြန့်ဝေရေးကိုလည်း အကန့်အသတ်ဖြင့် ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး အရေးကြီးသည့်လုပ်ငန်းများမှလွဲ၍ အခြားသောစက်မှုထုတ်ကုန်လုပ်ငန်းများအတွက် ရေဖြန့်ဝေခြင်းကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မိုးခေါင်ရေရှားပါးမှုပြဿနာဟာ ကြီးထွားလာတဲ့အတွက် သောက်သုံးရေဖြန့်ဝေမှုအပိုင်းမှာ အခက်အခဲရှိလာပါတယ်။ ဒါကြောင့် အရေးကြီးတဲ့စက်ရုံတွေကိုသာ သောက်သုံးရေဖြန့်ဝေပေးနိုင်တော့မှာဖြစ်ပါတယ်။ သိပ်ပြီး မရှိမဖြစ် လိုအပ်တာမျိုးမဟုတ်တဲ့ စက်ရုံကြီးတွေကိုတော့ သောက်သုံးရေဖြန့်ဝေမှု ခေတ္တရပ်ဆိုင်းထားရပါတယ်။ ဒေသခံတွေ သောက်သုံးရေ လုံလုံလောက်လောက်ရရှိဖို့အတွက် ဦးစားပေးဆောင်ရွက်နေပါတယ်။ ရေကိုမလိုအပ်ဘဲ အလဟဿ မဖြစ်စေဖို့အတွက်လဲ ဒေသခံတွေအနေနဲ့ ပူးပေါင်းဆောင်ရွက်ပေးကြဖို့လဲ မေတ္တာရပ်ခံပါတယ်"ဟု ဆန်းရှိုင်းကမ်းခြေ အာဏာပိုင်အဖွဲ့အစည်းဖြစ်သည့် (SCRD) မှ ဥက္ကဋ္ဌဖြစ်သူ ဒါနယ်လ်ဒါက ပြောကြားခဲ့သည်။



မိုးခေါင်ရေရှားပါးမှုပြည်နယ်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ရသည့်အတွက် ကနေဒါဗဟိုအစိုးရအဖွဲ့အနေဖြင့်လည်း ဗြိတိသျှကိုလံဘီယာကို အကူအညီပေးသွားရန် စီစဉ်နေကြောင်း သိရသည်။

**ခိုင်းဆက်**

# ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးစီမံချက်အရ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းမဲ့သည့် သန့်ရှင်းသောစီးပွားရေးကဏ္ဍကို အကောင်အထည်ဖော်ရန် စင်ကာပူနှင့် ဩစတြေးလျဆွေးနွေး

**ကင်ဘာရာ အောက်တိုဘာ ၁၈**

စင်ကာပူနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့သည် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးစီမံချက်အရ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းမဲ့သောသန့်ရှင်းသည့်စီးပွားရေးကဏ္ဍကိုအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ယနေ့တွင် ဩစတြေးလျနိုင်ငံ၌ ကျင်းပပြုလုပ်သည့် သန့်ရှင်းသောစီးပွားရေးကဏ္ဍဆိုင်ရာဆွေးနွေးပွဲ၌ စင်ကာပူဝန်ကြီးချုပ်လီရှန်လုံးနှင့် ဩစတြေးလျဝန်ကြီးချုပ်အန်တိုနီတို့တွေ့ဆုံ ဆွေးနွေးခဲ့သည်ဟု ST သတင်းဌာနက ယနေ့ ရေးသားဖော်ပြခဲ့သည်။

ဆွေးနွေးမှုအရ နှစ်ဖက်နိုင်ငံမှ ကိုယ်စားလှယ်များကြား သဘောတူညီမှုရရှိခဲ့ပြီး စင်ကာပူနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ ပူးတွဲထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။

"စင်ကာပူနိုင်ငံအတွင်း ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိရေးအတွက် အထောက်အကူဖြစ်စေမဲ့ သဘောတူညီချက်ဖြစ်သလို အလုပ်အကိုင် အခွင့်အလမ်းတွေလဲ ရရှိလာမှာဖြစ်ပါတယ်။ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို နည်းပညာတွေလဲ ပိုမိုထွန်းကားလာလိမ့်မယ်"ဟု စင်ကာပူဝန်ကြီးချုပ် လီရှန်လုံးက ပြောကြားခဲ့သည်။

စင်ကာပူဝန်ကြီးချုပ် လီရှန်လုံးက နှစ်နိုင်ငံကြား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အထောက်အကူဖြစ်စေမည့် ကုန်သွယ်မှုနှင့်ဝန်ဆောင်မှုများပြုလုပ်သွားရန် သဘောတူညီချက်ရရှိခဲ့ခြင်းမှာ နှစ်နိုင်ငံလုံးအတွက် အကျိုးရှိသည့် သဘောတူညီချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် အန်တိုနီက ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး ရည်မှန်းချက် အောင်မြင်စေရန်အတွက် ဩစတြေးလျနိုင်ငံ မြောက်ဘက်ပိုင်းမှတစ်ဆင့် စင်ကာပူနိုင်ငံသို့ ဩစတြေးလျဒေါ်လာ ဘီလီယံ ၃၀ တန်ဖိုးရှိသည့် ဆိုလာစွမ်းအင်စနစ်များ ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# ဝါရှင်တန်အနောက်တောင်ပိုင်း တောမီးကြောင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းရန်ညွှန်ကြား

**ဝါရှင်တန် အောက်တိုဘာ ၁၈**

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် လေပြင်းတိုက်ခတ်မှုနှင့် တောမီးလျင်မြန်စွာ လောင်ကျွမ်းနေမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ရေး အာဏာပိုင်များက ညွှန်ကြားထားကြောင်း နယူးယောက်တိုင်းမ်သတင်းစာက ယနေ့တွင် ရေးသားဖော်ပြထားသည်။

Nakia Creek Fire ဟု အမည်ပေးထားသော တောမီးသည် အောက်တိုဘာ ၁၇ ရက်မှစတင်၍ ပိုမိုကြီးမားလာပြီး ဝန်ကူးဗား၊ အော်ရီဂွန်နှင့် ပို့တ်လန်းမြို့တော်ဧရိယာထိ ကျယ်ပြန့်လာသဖြင့် ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် အာဏာပိုင်များက ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုသည် ဧက ၂၀၀၀ (ဟက်တာ ၇၈၀) ခန့် လောင်ကျွမ်းလျက်ရှိပြီး ခန့်မှန်းခြေ အိမ်ခြေ ၁၀၀၀ ခန့်မှ ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ရန် အမိန့်ပေးထားကြောင်း ဝါရှင်တန်ပြည်နယ် သဘာဝအရင်းအမြစ်ဌာန၏ ပြောရေးဆိုခွင့်ရှိသူ ရှိုင်ယန်ရှိဒရပ်က ပြောကြားခဲ့ပြီး ရွှေ့ပြောင်းနေထိုင်သူများအတွက် Camas ရှိ ဘုရားရှိခိုးကျောင်းတွင် ယာယီခိုလှုံရေးစခန်းတစ်ခုဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မီးငြိမ်းသတ်ရန်အတွက် ပြည်နယ်အစိုးရက မီးသတ်တပ်ဖွဲ့ဝင်များကိုစေလွှတ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ပြီး လောင်ကျွမ်းနေသောမီး၏ ၂၀ ရာခိုင်နှုန်းပါဝင်သောပတ်ဝန်းကျင်ကို မီးသတ်တပ်ဖွဲ့ဝင်များက ထိန်းထားနိုင်ကြောင်း သိရသည်။

ဝါရှင်တန်အနောက်ပိုင်းတွင် အနည်းငယ်အေးပြီး စွတ်စိုသောလေများရှိနေသဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရန် အနည်းငယ်လွယ်ကူလျက်ရှိသော်လည်း စံချိန်တင်မြင့်မားသောအပူချိန်၊ ခြောက်သွေ့သောရာသီဥတုနှင့် ပစိဖိတ်မြောက်ပိုင်းတစ်ခွင် လေထုအရည်အသွေးပြဿနာများ ဆက်ရှိနေသေးကြောင်း ဝါရှင်တန်အမျိုးသား မိုးလေဝသဌာနက ပြောကြားထားသည်။ AZH

# ကိုးလ်ကတ္တားမြို့တွင် ၂၀၃၀ ပြည့်နှစ်မှစ၍ စက်တပ်ယာဉ်များ ရုပ်ကြွင်းလောင်စာမဟုတ်သော စွမ်းအင်ဖြင့် မောင်းနှင်မည်

**နယူးဒေလီ အောက်တိုဘာ ၁၈**

အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့သည် ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချရန်အတွက် ၂၀၃၀ ပြည့်နှစ်မှစ၍ လုပ်ငန်းသုံးစက်တပ်ယာဉ်များအားလုံး ရုပ်ကြွင်းလောင်စာမဟုတ်သော စွမ်းအင်ဖြင့် မောင်းနှင်သွားမည်ဖြစ်ကြောင်း သည်စတိတ်စမင်တိုင်းမ်သတင်းစာက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ပစိဖိတ်ကျွန်းစုများ ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်၏ ၂၀၁၅ ခုနှစ် စာချုပ်ပါအဆိုပြုချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ကိုးလ်ကတ္တားမြို့သည် ကမ္ဘာလုံးဆိုင်ရာ ကနဦးအစပြုမှုကို ပံ့ပိုးပေးရမည့် ကမ္ဘာ့အကြီးဆုံးမြို့များထဲမှ တစ်မြို့ဖြစ်လာသည်။

အဆိုပါ Fossel Fuel Non-Proliferation Treaty Initiative စာချုပ်သည် ၂၀၁၅ ခုနှစ်တွင်စတင်ခဲ့ပြီး ကမ္ဘာတစ်ဝန်း ပါရီ၊ လန်ဒန်နှင့် လီမာ စသည့်မြို့ကြီးများအပါအဝင် မြို့ပေါင်း ၆၀ ကျော်က ၎င်းအစီအစဉ်ကို ထောက်ခံခဲ့ကြကြောင်း သိရသည်။

လူဦးရေ ၄ ဒသမ ၅ သန်းကျော်နေထိုင်သော အနောက်ဘင်္ဂေါမြို့တော်သည် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေး အသုံးပြုမှု ပပျောက်ရေးအတွက် အာရှ၏ မြို့ပြစုစည်းမှုတွင် ပါဝင်လာခြင်းဖြစ်ကြောင်း သိရသည်။

ကိုးလ်ကတ္တား မြူနီစီပယ်ကော်ပိုရေးရှင်းမှ မြို့တော်ဝန် Mr. Debasish Kumar က မြို့တော်တွင် လျှပ်စစ်ကားများ အသုံးပြုမှုကို အရှိန်အဟုန်ဖြင့် မြှင့်တင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ၂၀၂၄ ခုနှစ်မှစတင်၍ လျှပ်စစ်ကားအစီးရေ ၂၀၀၀ ကို စတင်အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လျှပ်စစ်ကားများကို မေလကတည်းက မှတ်ပုံတင်ခနှင့် အခြားအခွန်အခများကင်းလွတ်ခွင့်ပြုခဲ့ပြီး ပြီးပြည့်စုံသောစီမံချက်တစ်ရပ်ကိုလည်း ရေးဆွဲလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

AZH

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ရန်ကုန်ဘူတာကြီးအဆောက်အအုံမှ ရုံးခန်း ၁၅ ခန်းကို ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ရန် ဈေးပြိုင်လေလံစနစ်ဖြင့် ဖိတ်ခေါ်ဆောင်ရွက်မည်



**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကွမ်းခြံလမ်းတွင် တည်ရှိသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားပိုင် ရန်ကုန်ဘူတာကြီး အဆောက်အအုံမှရုံးခန်း ၁၅ ခန်းကို ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်အတွက် ဈေးပြိုင်လေလံစနစ်ဖြင့် ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား၏ သတင်းများအရ သိရသည်။

ရန်ကုန်ဘူတာကြီး အဆောက်အအုံမှ မြေညီထပ်နှင့်ပထမထပ်ရှိ ရုံးခန်း ၁၅ ခန်းကို ရထားသယ်ယူပို့ဆောင်ရေးနှင့်ဆက်စပ်လုပ်ငန်းများဖြစ်သည့် ရုံးခန်းများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် ယခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၁ ရက်ထိ သုံးနှစ်သက်တမ်းဖြင့် ငှားရမ်းခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငှားရမ်းခွင့်ပြုပေးသွားမည့် အခန်းများမှာ မြေညီထပ်ရှိ ရုံးခန်း ငါးခန်းနှင့် ပထမထပ်ရှိ ရုံးခန်း ၁၀ ခန်း စုစုပေါင်းရုံးခန်း ၁၅ ခန်းဖြစ်ကြောင်း၊ အဆိုပါရုံးခန်း ၁၅ ခန်း ငှားရမ်းလုပ်ကိုင်ဆောင်ရွက်ခွင့်ကို တိုင်းတာဝန်ခံ၊ တိုင်းအမှတ်(၇)၊ ရန်ကုန်ရုံး ရန်ကုန်ဘူတာ ပထမထပ်တွင် ယခုနှစ် အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ဈေးပြိုင်လေလံ (OpenTender) စနစ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် မန်နေဂျာ (စီးပွားရေး၊ တိုင်း)၊ တိုင်းအမှတ်(၇)၊ ရန်ကုန်ရုံးတွင် တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါအဆိုပြုလွှာပုံစံများကို တစ်စုံလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အောက်တိုဘာ ၁၄ ရက်မှ အောက်တိုဘာ ၂၈ ရက်ထိ ဝယ်ယူတင်သွင်းနိုင်ကြောင်း မြန်မာ့မီးရထား၏သတင်းများအရ သိသည်။

(၃၃၆)

# ဆွမ်ပရာဘွမ်မြို့နယ် ခင်ဒူယန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဆွမ်ပရာဘွမ် အောက်တိုဘာ ၁၈**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ခင်ဒူယန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၁၇ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆွမ်ပရာဘွမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ဦးနှင့်တာဝန်ရှိသူများက ကျေးရွာရေကော်မတီဝင်များနှင့်အတူ ခင်ဒူယန်ကျေးရွာ၌ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေး မှာကြားသည်။

ခင်ဒူယန်ကျေးရွာ၌ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၃ ဒသမ ၃၇၅ သန်းဖြင့် အလျား ၁၂ ပေ၊ အနံ ခြောက်ပေ၊ အမြင့် ငါးပေရှိ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း လုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာစုဖွဲ့မှုဖြင့် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၄၀ မှ လူဦးရေ ၂၂၆ ဦးတို့အတွက် သောက်သုံးရေ အဆင်ပြေစွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း ဆွမ်ပရာဘွမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်ဦးက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**

# သာပေါင်းမြို့နယ်တွင် ကွမ်း ၇၅၅ ဧက စိုက်ပျိုးပြီးစီး

**သာပေါင်း အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ယခုနှစ် ကွမ်းစိုက်ပျိုးရာသီ၌ ဒေသထွက်ကုန် ကွမ်းပင် ၇၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သာပေါင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်က ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းများနှင့်ယှဉ်တွဲပြီး မိသားစုအပိုဝင်ငွေရရှိစေရန် ကွမ်းပင်များကို စိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ် ကွမ်းစိုက်ပျိုးရာသီ၌ ကွမ်း ၇၅၅ ဧကကို စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"သာပေါင်းမြို့နယ်မှာတော့ စပါးစိုက်ပျိုးရေး လုပ်ငန်းအပြင် အခြား ရာသီကုန်သီးနှံတွေကို စိုက်ပျိုးနေပါတယ်။ ကွမ်းစိုက်ပျိုးရေးလုပ်ငန်းဟာ ဒေသခံတောင်သူတွေအတွက် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်တယ်။ ဒီနှစ် ကွမ်းဧက ၇၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် ကွမ်းဈေးကလဲ စိုက်ပျိုးရေးလုပ်ငန်းရှင်တွေအတွက်အဆင်ပြေတယ်လို့သိရတယ်။ သာပေါင်းမြို့နယ်မှာတော့ ကွမ်းစိုက်ပျိုးရေးလုပ်ငန်းဟာ ဒေသခံတွေအတွက် ဈေးကွက်ခိုင်မာတာကြောင့် အားပေးစိုက်ပျိုးတာပါ။ တစ်နှစ်ပတ်လုံး



စိုက်တယ်ဆိုပေမဲ့ မိုးကာလနဲ့ ဆောင်းမှာ ပိုမိုစိုက်ပျိုးပါတယ်" ဟု သာပေါင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်က ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် ကွမ်းစိုက်ပျိုးရာသီ၌ တောင်သူတစ်ဦးလျှင် တစ်ဧကကွမ်းခြံတစ်ခြံမှ သုံးခြံထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခင်က ကွမ်းတစ်ပင်လျှင်ငွေ ၂၅ ကျပ်နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ကွမ်းတစ်ပင်လျှင် ငွေ ၅၅ ကျပ်နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးရသည့်အပြင် အထွေထွေသွင်းအားစု ကုန်ကျစရိတ်များ ပိုမိုကုန်ကျသော်လည်း ကွမ်းရွက်ဈေးကောင်းရရှိနေခြင်းကြောင့် အကျိုးအမြတ်ကွာခြားမှုမရှိကြောင်း ဦးစီးမှူး ဦးသန့်ဇင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကြံခင်းမြို့နယ် အုတ်တွင်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ကြံခင်း အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကွေ့မကျေးရွာအုပ်စု အုတ်တွင်းကျေးရွာ၌ ကျေးရွာတွင်း ချောင်းကျောက်လမ်းခင်းခြင်းနှင့် ကျောက်ပေါင်စီခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အုတ်တွင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်း ချောင်းကျောက်လမ်းခင်းခြင်းနှင့် ကျောက်ပေါင်စီခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေး မှာကြားသည်။

အဆိုပါကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၁၄၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ချောင်းကျောက်လမ်းခင်းခြင်းနှင့် ကျောက်ပေါင်စီခြင်း လုပ်ငန်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း အသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးက ပြောပြ၍ သိရသည်။

**ကျော်ရိုး**

# ဆိပ်ဖြူမြို့နယ် ခတက်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်ရေး စစ်ဆေး

**ဆိပ်ဖြူ အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆိပ်ဖြူမြို့နယ် ထိန်ကန်ကျေးရွာအုပ်စု ခတက်ကုန်းကျေးရွာ၌ အိမ်တိုင်ရာရောက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ထိန်ကန်ကျေးရွာအုပ်စု ခတက်ကုန်းကျေးရွာ၌ အိမ်တိုင်ရာရောက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အခြေအနေနှင့် လက်ရှိရေသုံးစွဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က အိမ်တိုင်ရာရောက် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခတက်ကုန်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေ ပြည်သူများ သန့်ရှင်းသောက်သုံးရေကို အိမ်တိုင်ရာရောက် ရရှိနိုင်ရန်အတွက် ကျေးရွာရေရရှိရေး လုပ်ငန်းများဆောင်ရွက်ရာ၌ အဆင်ပြေလွယ်ကူလာစေရန်၊ မြေပြင်အခြေအနေများကို လုပ်ငန်းများမစတင်မီ ကြိုတင်ကွင်းဆင်း စစ်ဆေးတိုင်းတာခြင်းဖြစ်ကြောင်း ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**

ပလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၃ ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၈ နှစ် ၆ လထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက်မကျော်ရ။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ [Myawady Webportal (www.myawady.net.mm/ nurse(Female))]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၁၀-၂၀၂၂ ရက်နေ့မှ ၁၂-၁၁-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၃-၁၂-၂၀၂၂ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၃-၁၂-၂၀၂၂ ရက်နေ့မှ ၁၉-၁၂-၂၀၂၂ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည် -

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech(Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(M.Sc)နှင့် ပါရဂူဘွဲ့ (Ph.D ) သင်တန်းများတက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ်ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်[အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း)]အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို) ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၃ ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၈ နှစ် ၆ လထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ [Myawady Webportal (www.myawady.net.mm/ nurse(male))]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၁၀-၂၀၂၂ ရက်နေ့မှ ၁၂-၁၁-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၃-၁၂-၂၀၂၂ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၃-၁၂-၂၀၂၂ ရက်နေ့မှ ၁၉-၁၂-၂၀၂၂ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ်ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical ImagingTechnology)


(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(M.Sc)နှင့် ပါရဂူဘွဲ့(Ph.D) သင်တန်းများတက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း (၃)နှစ်ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ်ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်[အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း)]အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။




## ဝန်ထမ်းအလိုရှိသည်

| | | | |
|---|---|---|---|
| (၁) | ကွန်ပျူတာစာရင်းကိုင် | အမျိုးသမီး | (၂) ဦး |
| (၂) | အရောင်းဝန်ထမ်း | အမျိုးသမီး | (၂) ဦး |

မှတ်ချက်

အမှတ်စဉ်(၁)အတွက် - Excel / PageMaker ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ရမည်။

အမှတ်စဉ်(၂)အတွက် - အရောင်းအတွေ့အကြုံရှိရမည်။

**အမှတ်စဉ်(၂)ခုလုံးအတွက် ဆက်ဆံရေးပြေပြစ်ပြီး ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံတတ်ရမည်။**

လျှောက်ထားလိုသူများသည် ဓာတ်ပုံ(၁)ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊CV Formနှင့်တကွ (၅)ရက်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**မိုးဟိန်းထက် ဝေါက်ပစ္စည်းရောင်းဝယ်ရေး**

၇၃လမ်း၊ ၈လမ်း×၉လမ်းကြား၊ ဖုန်း ၀၉-၂၅၃၀၇၇၇၆၆။

**(မြောက်ပြင်ဘက်နေသူ ဦးစားပေးမည်။)**

**ပျောက်ဆုံးကြောင်း**

ရန်ကုန်မြို့နေ သက်ထွေး (ဘ) ဦးစံထွေး (၁၂/ဥကမ(နိုင်)၁၉၈၈၈၂)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၂၅၆၁၁၅၂၄၃

**ပျောက်ဆုံးကြောင်း**

နွားထိုးကြီးမြို့နေ မင်းမင်းဦး (ဘ) ဦးအိုးမြင့် (၉/နထက(နိုင်)၁၈၀၆၈၅)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၉၃၇၁၈၈၅၈

**ပျောက်ဆုံးကြောင်း**

မြင်းခြံမြို့နေ ဒီမိုထွန်း (ဘ) ဦးဇော်ထွန်း (၉/မခန(နိုင်)၂၁၅၈၁၅)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၇၀ ၂၉ ၂၃၆၄

**ပျောက်ဆုံးကြောင်း**

မြင်းခြံမြို့နေ မာမာခိုင် (ဘ) ဦးစံရင် (၉/မကန(နိုင်)၀၁၈၆၈၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၉၃၇၁၈၈၅၈

**အမည်ပြောင်း**

(အဘ) ဦးအောင်ညီဖြိုး၏ သမီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ The Prime ကိုယ်ပိုင် မူလတန်းကျောင်း Grade 2 မှ မပျိုးဟေမာန် အောင်အား **မလင်းလက်နီ** ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မလင်းလက်နီ**

**အမည်ပြောင်း**

(အဘ) ဦးအောင်ညီဖြိုး၏ သမီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ The Prime ကိုယ်ပိုင် မူလတန်းကျောင်း Grade 2 မှ မဖြိုးဟေမာန် အောင်အား **မလင်းလဲ့နီ** ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မလင်းလဲ့နီ**

**ပျောက်ဆုံးကြောင်း**

ပုသိမ်မြို့နေ စည်သူတစ် (ဘ) ဦးရွှေတစ် (၁၄/ပသန(နိုင်)၀၈၃၆၄၀)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၂၅၄ ၂၉၅၇၁၈

**ပျောက်ဆုံးကြောင်း**

မြောင်းမြမြို့နေ ကျော်စွာဦး (ဘ) ဦးအမောင်ကြီး(၁၄/အမန(နိုင်)၁၈၃၁၃၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၀၄၄၆၃၉၇၇

**ပျောက်ဆုံးကြောင်း**

ပုသိမ်မြို့နေ အောင်ပိုင်စိုး (ဘ) ဦးအောင်ဝင်း (၁၄/ပသန(နိုင်)၂၇၈၉၁၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၆၆၉၅၉၉၄၂၀

**ပျောက်ဆုံးကြောင်း**

လေးမျက်နှာမြို့နေ အောင်မြင့်ဦး (ဘ) ဦးတာတီး (၁၄/လမန(နိုင်)၁၃၁၃၀၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၆၆၉၄၅၆၉၈၃

**ပျောက်ဆုံးကြောင်း**

မြောင်းမြမြို့နေ သန်းလှိုင် (ဘ) ဦးမျိုးအောင် (၁၄/အမန(နိုင်)၁၉၆၁၁၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၀၄၄၆၃၉၇၇

**ရှိုးရှိုးမီးလုံး၊ မီးချောင်းများအစား ဓာတ်အားသက်သာစေသည့် Energy Saving Lamps များကို အသုံးပြုသင့်ပါသည်**

**ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း**

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့၊ ရပ်ကွက်(၃) မြို့သစ်နေ ဦးသောင်းထွန်းမှ (၁) ပေါ်ပြူလာ၊ (၂) မိသားစု၊ (၃) မြတ်ဟသ်ာ တံဆိပ်(၃)မျိုးအနက်မှ သင့်လျော်သော အမည်အမှတ်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဦးသောင်းထွန်းထံသို့ လူကိုယ်တိုင်လာရောက်၍ ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက်ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသောင်းထွန်း (၁၃/ကတန(နည်)၀၀၀၂၃၆)**

**ရပ်ကွက်(၃) မြို့သစ်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်။**

**ဖုန်း ၀၉-၅၂၄၂၈၆၈၊ ၀၉-၇၆၅၂၄၂၈၆၈။**

**ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း**

ရှမ်းပြည်နယ်၊ မိုးမိတ်မြို့၊ ရွာလယ်လမ်းမ၊ အာသံကျေးရွာနေ ဒေါ်နန်းအေးသီတာဦးမှ (၁) မြနန်းတော်၊ (၂) ဖြိုး Family၊ (၃) Normal၊ (၄) ဖြိုးသီတာ တံဆိပ်လေးမျိုးအနက်မှ သင့်လျော်သောအမည်အမှတ်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဒေါ်နန်းအေးသီတာဦးထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက်ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းအေးသီတာဦး (၁၃/မမတ(နိုင်)၀၃၈၈၀၃)**

**အာသံကျေးရွာ၊ ရွာလယ်လမ်းမ၊ မိုးမိတ်မြို့၊ ရှမ်းပြည်နယ်၊ ဖုန်း ၀၉-၄၄၄၀၀၆၅၆၇။**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပလိပ်တောင်ကင်းရပ် အိမ်အမှတ်(၁၆)နေ (အဘ)ဦးမြသန်း (အမိ)ဒေါ်သန်းသန်းဌေးတို့၏သားဖြစ်သူ မောင်စိုးဝေလင်း (ခေါ်) ဝိုင်းချစ်သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးမြသန်း (၉/အမရ(နိုင်)၀၇၄၂၂၉)**

**ဒေါ်သန်းသန်းဌေး (၉/စကတ(နိုင်)၀၄၀၃၃၃)**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ကျွန်တော်တို့နိုင်ငံဟာ ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားတွေ စုစည်းနေထိုင်ခဲ့ကြတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒေသနယ်မြေအလိုက် အုပ်ချုပ်မှုပုံစံတွေကွဲပြားခဲ့သော်လည်း လွတ်လပ်ရေးမဆုံးရှုံးမီကာလကတည်းက နိုင်ငံတစ်ဝန်းမှာ ပင်မအုပ်ချုပ်ကွပ်ကဲမှုရှိတဲ့ပုံစံနဲ့ အုပ်ချုပ်ခဲ့ပါတယ်။ လွတ်လပ်ရေးရရှိတော့လည်း တစ်နိုင်ငံလုံး၊ ပြည်ထောင်စုတစ်ခုလုံး စုစည်းလွတ်လပ်ရေးရရှိခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် ရှေးယခင်ကတည်းက ပြည်ထောင်စုစနစ်နဲ့ စုစည်းတည်ဆောက်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီပြည်ထောင်စုစနစ်ကို ခိုင်မာသည်ထက် ခိုင်မာအောင် ခေတ်နဲ့အညီတည်ဆောက်ကြမှသာ နိုင်ငံတော်တည်တံ့ခိုင်မြဲမှာဖြစ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

**၁-၈-၂၀၂၂**

# တိုင်းပြည်၏အားသည် ပြည်တွင်း၌သာ ရှိသည်ဖြစ်သဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းရမည်






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကို တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားစဉ်။**

**နေပြည်တော် အောက်တိုဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကို မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေး ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးအောင်နိုင်ဦးနှင့်

**စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်

စာမျက်နှာ - ၁၈

ယနေ့ထုတ် ရတနာပုံနေ့စဉ်သတင်းစာတွင် "(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား၊ ဆုချီးမြှင့်ပွဲအခမ်းအနားများ ကျင်းပမှုဓာတ်ပုံမြင်ကွင်း" အချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
BEST QUALITY CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ဓာတ်ပုံမြင်ကွင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့်ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်ကိန်းအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား အတွင်းရေးမှူး ဦးမင်းယုအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်တက်ရောက်လာကြသူများက ဂုဏ်ပြုညစာသုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ တေးသံသာများဖြင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ဓာတ်ပုံမြင်ကွင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်သူများ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှအနုပညာရှင်များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။



(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အခမ်းအနားမှူးတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။






(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ သီဆိုကပြဖျော်ဖြေစဉ်။

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ဓာတ်ပုံမြင်ကွင်း




(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကရင်ပြည်နယ် တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ဓာတ်ပုံမြင်ကွင်း


(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မကွေးတိုင်းဒေသကြီး တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။


(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။


(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရခိုင်ပြည်နယ် တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရှမ်းပြည်နယ် တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ဓာတ်ပုံမြင်ကွင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးစိုင်းလုံးဆိုင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်းဟာ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် စောဒန်နီယယ် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဗညားအောင်မိုး ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရွှေကြိမ်း ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ဓာတ်ပုံမြင်ကွင်း


ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ဓာတ်ပုံမြင်ကွင်း


ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒွေးအောင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။


နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ၏ယှဉ်ပြိုင်မှုဓာတ်ပုံမြင်ကွင်း













